မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃စက္ကူ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၂ ရက် | ၂၀၂၆ ခုနှစ်၊ ဧပြီ ၃ ရက်၊ သောကြာနေ့ | အတွဲ (၆၅)၊ အမှတ်(၁၈၅)

ဝီရိယကို မြဲမြံစွာအားထုတ်

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်သော သူ၏ တစ်ရက်မျှအသက်ရှည်ရခြင်း သည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၂)

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်နိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်း နိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

ယနေ့ ဖတ်စရာ

ပြည်သူ့စစ်မှုထမ်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း

ဥပဒေ ➢ စာ - ၄

လယ်ယာမြေကောင်းစေပြီး သီးနှံအထွက်တိုးစေဖို့ သဘာဝမြေဩဇာသုံးစွဲကြပါစို့

ဆောင်းပါး ➢ စာ - ၆

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန မြန်မာ့မီးရထား အနေဖြင့် ကုန်စည်များ အဆင်ပြေစွာ သယ်ယူပို့ဆောင်နိုင်ရေးအတွက် ပါဆယ်ရထားတွဲများ ချိတ်ဆက်ပြေးဆွဲပေးမည်

ပြည်တွင်းသတင်း ➢ စာ - ၉

၂၀၂၆ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် ရန်ကုန်မြို့၏ ဝန်းကျင်လေထု အရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

ပြည်တွင်းသတင်း ➢ စာ - ၁၃

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ ကျင်းပစဉ်။

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ကျင်းပ

နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပွဲကို ဧပြီ ၃ ရက်တွင် ကျင်းပသွားမည်

နေပြည်တော် ဧပြီ ၂

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

လွှတ်တော်၏ အတည်ပြုချက်ရယူ

ဦးစွာ ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဌေးက တတိယအကြိမ်ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့သို့ တက်ရောက်ခွင့်ရှိသည့် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ် ဦးရေ စုစုပေါင်း ၅၈၆ ဦးရှိသည့်အနက် ယနေ့ အစည်းအဝေးသို့ ၅၈၄ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာပြီး အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

စာမျက်နှာ ၃ ကော်လံ ၁ ❑

နေ့အပူချိန်မြင့်မားသည့်ကာလ ခရမ်းလွန်ရောင်ခြည်အန္တရာယ်

ခရမ်းလွန်ရောင်ခြည် (Ultraviolet- UV) ဆိုသည်မှာ နေရောင်ခြည်မှ လာသော၊ ခရမ်းရောင်အလင်းထက် လှိုင်းအလျားတိုပြီး စွမ်းအင်မြင့်မားသော ရောင်ခြည်တစ်မျိုးဖြစ်သည်။ ခရမ်းလွန်ရောင်ခြည်ကို လူတို့က မမြင်နိုင်ကြသော်လည်း မိကျောင်းများ၊ ငှက်ငယ်များနှင့် တိရစ္ဆာန်အများစုတို့က မြင်နိုင်ကြသည်ဟု လည်း ဆိုသည်။

ခရမ်းလွန်ရောင်ခြည်သည် A နှင့် B ဟူ၍ နှစ်မျိုးနှစ်စား ရှိရာ Ultraviolet Ageing Rays ခေါ် UVA သည် တစ်နှစ်ပတ်လုံး ရှိနေပြီး အရေပြားအတွင်းပိုင်းအထိ ပျံ့နှံ့နိုင်သည်။ Ultraviolet Burning Rays ခေါ် UVB သည် နွေရာသီတွင် ပိုမိုရှိပြင်းထန်ပြီး အရေပြားအပေါ်ယံကို လောင်ကျွမ်းစေသည်။ ခရမ်းလွန်ရောင်ခြည် အညွှန်းကိန်းမြင့်မားစွာရှိနေသည့် အချိန်များတွင် ခရမ်းလွန်ရောင်ခြည်၏ အန္တရာယ်မှာ ပိုမိုကျရောက်နိုင်သည်။ ခရမ်းလွန်ရောင်ခြည် လတ်တလောထိတွေ့မှုကြောင့် နေလောင်ခြင်း၊ အသားအရောင်ညှိမည်းလာခြင်းတို့ဖြစ်စေနိုင်ပြီး ထိတွေ့မှုကာလကြာသောအခါ မျက်စိတိမ်ခွဲခြင်း၊ အရေပြားများ အရွယ်မတိုင်မီ အိုမင်းရင့်ရော်ခြင်း၊ ခုခံအားကျဆင်းခြင်း၊ အရေပြားကင်ဆာဖြစ်ခြင်း စသည့်ဆိုးကျိုးများဖြစ်စေနိုင်သည်။ ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကို နွေရာသီမှသာမက မိုးအုံ့သည့် နေ့ရက်များတွင်ပါ သတိပြုကာကွယ်ရန်လိုအပ်သည်ဟုလည်း သိရသည်။

ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကို ကာကွယ်နိုင်ရန်အတွက် ခရမ်းလွန်ရောင်ခြည် မြင့်မားစွာကျရောက်နိုင်သည့် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအတွင်း နေရောင်ခြည်နှင့် တိုက်ရိုက် ထိတွေ့ခြင်းကို တတ်နိုင်သမျှ ရှောင်ကြဉ်ကြရမည်ဖြစ်သည်။ အပြင်ထွက်ရန် လိုအပ်ပါက မိမိအသားကို နေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့စေရန် မျက်နှာ၊ လည်ပင်းနှင့် ပခုံးတို့ပါ လုံခြုံသော ထီး၊ ဦးထုပ် စသည်တို့ ဆောင်းသွားကြရန်လိုသည်။ အဝတ်လွှတ်ကင်းနေသည့် လက်၊ လည်ပင်းနှင့် ပခုံးစသည့် နေရာများကို သနပ်ခါးထူထူ သို့မဟုတ် SPF ၁၅+ ပါဝင်သော နေရောင်ခံ လိမ်းဆေးကို နေရောင်ခြည်ထဲ မထွက်မီ ၁၅ မိနစ်ခန့် ကြိုလိမ်းရန်၊ နေရောင်ခံလိမ်းဆေး တစ်ခါလိမ်းပြီး နှစ်နာရီ ကြာပြီးတိုင်း တစ်ခါထပ်၍ လိမ်းရန်လည်း အကြံပြုထားသည်။

ခရမ်းလွန်ရောင်ခြည်သည် မျက်စိကိုလည်း ထိခိုက်စေနိုင်သဖြင့် ခရမ်းလွန်ရောင်ခြည်ကို ၉၉ ရာခိုင်နှုန်းအထိ အကာအကွယ်ပေးနိုင်သည့် နေကာမျက်မှန်ကို တပ်ဆင်သင့်သည်။ ခရမ်းလွန်ရောင်ခြည် အလွယ်တကူမဖောက်နိုင်သော ချည်သား ထူထူပွပွ အဝတ်အထည်များကို ဝတ်ဆင်ကြရန်နှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါရှိသူများ၊ အရက်အလွန်အကျွံသောက်သူများ၊ ကလေးငယ်များနှင့် သက်ကြီးဘိုးဘွားများသည် ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကို ပိုမိုခံစားရနိုင်သဖြင့် အထူးဂရုပြု ဆင်ခြင်ရန်လိုအပ်ကြောင်းလည်း သိရသည်။ ကလေးငယ်များသည် လူကြီးများထက် ခရမ်းလွန်ရောင်ခြည်အန္တရာယ်၏ ဆိုးကျိုးများကို ပိုမိုထိခိုက် ခံစားရနိုင်သဖြင့် လူကြီးမိဘများသည် အသက် တစ်နှစ်အောက်ကလေးငယ်များကို နေပူထဲသို့ ခေါ်ဆောင်ခြင်းမပြုရန်၊ ကလေးငယ်များကို အရိပ်ထဲတွင်သာ ကစားစေရန်၊ ကလေးငယ်များ အပြင်ထွက်ရန် လိုအပ်ပါက ကြိုတင်ကာကွယ်မှုများပြုလုပ်သွားရန်တို့ကို ပြည်သူ့ကျန်းမာရေးဦးစီးဌာနက အသိပညာပေးထားသည်။

ခရမ်းလွန်ရောင်ခြည်သည် လူတိုင်းအတွက် အန္တရာယ်ရှိသည်ချည်းသာဖြစ်သော်လည်း အသားဖြူသူ၊ ဆံပင်အရောင်ဖျော့သူ၊ မွဲများသူ၊ တင်းတိပ်ရှိသူ၊ နေလောင်လွယ်သည့် အသားအရေရှိသူ၊ ငယ်စဉ်က နေလောင်မှုပြင်းထန်စွာ ခံစားခဲ့ရဖူးသူ၊ အရေပြားကင်ဆာမျိုးရိုးရှိသူတို့မှာ ပိုထိခိုက်စေသည်ဟု ကျန်းမာရေးပညာရှင်များက ဆိုသည်။ ထို့အပြင် အဆောက်အအုံပြင်ပတွင် အလုပ်လုပ်ကြရသူများ၊ နေလောင်ခံရများနိုင်သည့် အခြေအနေမျိုးတွင် ရှိနေသူများ၊ ကိုယ်တွင်းအင်္ဂါအစားထိုးကုသထားသူ၊ ကိုယ်ခံအားနည်းစေသည့် ဆေးဝါးများသောက်သုံးနေရသူ၊ ခရမ်းလွန်ရောင်ခြည်နှင့် မတည့်သည့် ဆေးဝါးများသောက်သုံးနေရသူ၊ ကျောက်မီးသွေးကတ္တရာ ရေနံ၊ ဓာတ်ဆီ စသည့်ဓာတုပစ္စည်းများနှင့် ထိတွေ့နေရသူများ ပိုသတိထားသင့်ကြောင်းလည်း ပညာရှင်များက သတိပေးထားသည်။

နေ့အပူချိန်များ မြင့်တက်လာသည်နှင့်အမျှ ခရမ်းလွန်ရောင်ခြည် အညွှန်းကိန်းများမှာလည်း လွန်ကဲသည့် အခြေအနေသို့ ရောက်ရှိလာပြီး နေရောင်ခြည်ထဲတွင် ကြာမြင့်စွာ နေရပါက အန္တရာယ်ဖြစ်စေနိုင်သည်။ မြန်မာနိုင်ငံ ပြည်တွင်း ဒေသအသီးသီးတို့တွင် ဖြစ်ပေါ်နေသည့် အပူချိန်များကို မိုးလေဝသနှင့် ဇလဗေဒဌာနက ထုတ်ပြန်လျက်ရှိသကဲ့သို့ အပူချိန်မြင့်မားမှု အန္တရာယ်နှင့် ခရမ်းလွန်ရောင်ခြည်အန္တရာယ် အသိပညာပေးမှုများကိုလည်း မီဒီယာများမှတစ်ဆင့် ဖြန့်ဝေလျက်ရှိရာ မိမိတို့၏ ကျန်းမာရေးအန္တရာယ် မဖြစ်ပေါ်စေရေးအတွက် သတိပြုနိုင်ကြပါစေကြောင်း။ ။

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးအတည်ပြုခန့်ထားခြင်း

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင် ညွှန်ကြားရေးမှူး ဦးတင်လတ်မိုး ကို အစစ်ခန့်ကာလ (၁)နှစ်ပြည့် မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

ပါဠိဝပထမပြန်စာမေးပွဲ ပဉ္စမနေ့ ဆက်လက်ကျင်းပ

နေပြည်တော် ဧပြီ ၂

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၆ ခုနှစ်၊ ပါဠိဝပထမပြန်စာမေးပွဲ ပဉ္စမနေ့ကို ယနေ့တွင် နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၂၀၄ ဌာနတွင် ဆက်လက်ကျင်းပရာ စာရင်းသွင်း ၃၃၇၃၈ ပါး/ဦးအနက် ၂၈၁၈၆ ပါး/ဦး ဖြေဆိုကြသဖြင့် ၈၃ ဒသမ ၅၄ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။ သတင်းစဉ်

စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၆၆၈၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဧပြီ ၂

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူ စားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိသည်။

စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီ တင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများ ဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှ စားအုန်းဆီထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့်ဈေးနှုန်း ဖြစ်ပေါ်မှုများအရ ၂၀၂၆ ခုနှစ် ဧပြီ ၃ ရက်မှ ၉ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံ လက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာ လျှင် ငွေကျပ် ၆၆၈၀ ဖြစ်ကြောင်း စားသုံးဆီ တင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန် ကြေညာထားကြောင်း သိရှိရသည်။

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်း ဈေးနှုန်းကို အပတ်စဉ် သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရှိရသည်။ သတင်းစဉ်

၂ - ၄ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉ . ၂၅ ဂရမ် / ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၇၁၀၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃ - ၄ - ၂၀၂၆

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	ဖော်လမြိုင်	လားရှိး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၄၆၂၅	၄၇၄၀	၄၇၀၅	၄၆၆၀	၄၇၄၅	၄၇၆၀	၄၇၀၅	၄၆၉၅	၄၉၀၅	၄၉၉၀	၄၇၀၅	၅၀၀၀	၄၇၀၅	၄၇၅၀	၄၇၇၀	၅၀၃၀
95 Ron	၄၇၀၀	၄၈၉၀	၄၈၆၀	၄၇၉၅	၄၉၀၀	၄၉၁၅	၄၉၃၀	၄၈၅၀	၄၉၆၀	၅၁၄၅	၄၈၆၅	၅၀၃၅	၄၉၃၀	၄၉၀၅	၄၉၂၅	၅၀၀၀
HSD (500 ppm)	၅၆၆၀	၅၅၉၀	၅၅၇၅	၅၆၉၅	၅၅၉၅	၅၆၀၀	၅၈၂၅	၅၅၄၅	-	၆၀၂၅	၅၅၆၅	၆၁၉၀	၅၈၃၀	၅၈၀၀	၅၈၂၀	၆၀၆၅
HSD (50 ppm)	၆၀၀၅	၆၁၂၀	၆၀၀၅	၆၁၂၀	၆၁၂၅	၆၁၃၀	၆၁၆၀	၆၀၀၀	၄၉၃၀	၅၉၃၀	၅၀၅၅	၆၀၉၅	၆၁၆၅	၆၁၉၀	၆၁၉၅	၅၂၁၀
HSD (10 ppm)	၆၀၀၅	၆၁၂၀	၆၀၀၅	၆၁၂၀	၆၁၂၅	၆၁၃၀	၆၁၆၀	၆၀၀၀	-	၅၉၃၀	၅၀၅၅	၆၀၉၅	၅၀၅၅	၆၁၆၀	၆၁၉၅	၅၂၁၀

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၄၄၀၁	၄၅၂၃
95 Ron	၄၅၅၀	၄၆၀၅
HSD (500 ppm)	၅၄၃၉	၅၅၇၇
HSD (50 ppm)	၆၅၁၅	၆၆၀၅
HSD (10 ppm)	၆၅၁၅	၆၆၀၅

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။
(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈။ ၀၉-၆၈၀၅၈၉၈၈၈
စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

စာတည်းမှူးချုပ် - ဟန်လင်းအောင်
စာတည်းမှူး - ခင်ရတနာ
စာတည်းများ - ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း
ဘာသာပြန်စာတည်း - ခြူးစန်နွေး၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ်
သုတေသန - အိအိခင့်၊ အဖွဲ့
စာပြင် - ဇော်မင်းသန်းနှင့် အဖွဲ့
အကြီးတန်း - ကျော်သူဝင်း၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
သတင်းထောက်များ - ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
ဓာတ်ပုံသတင်းထောက် - တင်မိုး
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - မိုမိုအေးနှင့် ခွန်မွန်တို့အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့

နေပြည်တော်-ဒုတိယစာတည်းမှူးချုပ် ၀၆၇-၃၆၁၄၅၅၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၃၊ ဖက်စ် ၀၆၇-၃၆၁၄၅၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၁၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ဌေးရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၄၃၁၇၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၄၂၂၁၊ ၀၆၇-၃၆၁၄၅၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၅၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@gmail.com

MYANMAR Digital News Presented by NPE
www.mdn.gov.mm

❑ ရှေ့ဖုံးမှ

ထို့နောက် ကချင်ပြည်နယ် (မဲအများဆုံးရသူ အနိုင်ယူစနစ်) မဲဆန္ဒနယ် အမှတ်(၂)မှ Jeng Phang နော်တောင်က ဥပဒေကြမ်းပူးပေါင်းကော်မတီဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ဥပဒေကြမ်းကော်မတီအဖွဲ့ဝင်များ၏ အမည်စာရင်းကို ဖတ်ကြား

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က ဥပဒေကြမ်းပူးပေါင်းကော်မတီကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေနှင့်အညီ ကော်မတီအဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းနိုင်ရန်အတွက် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ပေးပို့ထားသည့် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင်များ၏ အမည်စာရင်းကို ဖတ်ကြားသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယက က ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေနှင့်အညီ ဥပဒေကြမ်းပူးပေါင်းကော်မတီဥက္ကဋ္ဌအဖြစ် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက Jeng Phang နော်တောင်၊ ဒုတိယဥက္ကဋ္ဌ(၁)အဖြစ် ဧရာဝတီတိုင်းဒေသကြီး (မဲအများဆုံးရသူ အနိုင်ယူစနစ်) မဲဆန္ဒနယ် အမှတ်(၂)မှ ဒေါ်နွယ်နွယ်ဦး၊ ဒုတိယဥက္ကဋ္ဌ(၂)အဖြစ် ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာ နန္ဒကျော်စွာ၊ အတွင်းရေးမှူးအဖြစ် ပဲခူးတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဇင်မင်းထက်နှင့် တွဲဖက်အတွင်းရေးမှူးအဖြစ် အမရပူရ မဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦးနှင့် ကျန်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် ၁၀ ဦးကို အဖွဲ့ဝင်များအဖြစ် တာဝန်ပေးအပ် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်းနှင့် ဆက်လက်ကျင်းပပြုလုပ်မည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် လွှတ်တော်၏သဘောတူညီချက် ရယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

လွှတ်တော်သို့ ရှင်းလင်းတင်ပြ

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ် အမှတ် (၂)မှ ဦးချစ်ဆွေက ပြည်သူ့ဌေစာရင်းပူးပေါင်းကော်မတီဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က ပြည်သူ့ဌေစာရင်း ပူးပေါင်းကော်မတီကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေနှင့်အညီ ကော်မတီဝင် ဦးရေ ၁၅ ဦးဖြင့် ဖွဲ့စည်းနိုင်ရန်အတွက် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ပေးပို့ထားသည့် အဖွဲ့ဝင်များ၏ အမည်စာရင်းကို ဖတ်ကြားသည်။

သဘောတူညီချက် ရယူဆောင်ရွက်သွားမည်

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယက က ပြည်သူ့ဌေစာရင်း ပူးပေါင်းကော်မတီတွင် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေနှင့်အညီ ကော်မတီဥက္ကဋ္ဌအဖြစ် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက Jeng Phang နော်တောင်၊ ဒုတိယဥက္ကဋ္ဌ(၁)အဖြစ် ဧရာဝတီတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၂) မှ ဦးချစ်ဆွေ၊ ဒုတိယဥက္ကဋ္ဌ(၂)အဖြစ် အောင်မြေသာစံ မဲဆန္ဒနယ်မှ ဦးတေဇကျော်၊ အတွင်းရေးမှူးအဖြစ် တနင်္သာရီတိုင်းဒေသကြီး (မဲအများဆုံးရသူ အနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသန်းအောင်၊ တွဲဖက်အတွင်းရေးမှူးအဖြစ် အောင်လံမဲဆန္ဒနယ်မှ ဦးတင်အောင်ချစ်နှင့် ကျန်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် ၁၀ ဦးကို အဖွဲ့ဝင်များအဖြစ် တာဝန်ပေးအပ် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်းနှင့် ဆက်လက်ကျင်းပပြုလုပ်မည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် လွှတ်တော်၏ သဘောတူညီချက် ရယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအောင်တင်မြင့်က လွှတ်တော်ကိုယ်စားလှယ် စိစစ်ရေးကော်မတီဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က လွှတ်တော်ကိုယ်စားလှယ် စိစစ်အတည်ပြုရေးလုပ်ငန်းတာဝန်ကို ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက်ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ပေးပို့ထားသည့် ကိုယ်စားလှယ် ၁၅ ဦး၏ အမည်စာရင်းကို ဖတ်ကြားသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယက က လွှတ်တော်ကိုယ်စားလှယ် စိစစ်ရေးကော်မတီဥက္ကဋ္ဌအဖြစ် ထားဝယ်မဲဆန္ဒနယ်မှ ဒေါက်တာကျော်ကျော်ဌေး၊ အတွင်းရေးမှူးအဖြစ် ဧရာဝတီတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၁) မှ ဦးအောင်တင်မြင့် တို့ကို တာဝန်ပေးအပ် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်းနှင့် ဆက်လက်ကျင်းပပြုလုပ်မည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် လွှတ်တော်၏ သဘောတူညီချက်ရယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

စိစစ်ရေးအဖွဲ့၏ ထောက်ခံတင်ပြမှုကို ဖတ်ကြားတင်ပြ

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့သုံးဖွဲ့က နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ရွေးချယ်တင်ပြထားသည့် ဒုတိယသမ္မတ သုံးဦးသည် နိုင်ငံတော်သမ္မတအတွက် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံကြောင်း စိစစ်ရေးအဖွဲ့၏ ထောက်ခံတင်ပြမှုကို ဖတ်ကြားတင်ပြသည်။

အဆိုပါ စိစစ်ရေးအဖွဲ့က ထောက်ခံတင်ပြထားသည့် ဒုတိယသမ္မတများမှာ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ကရင်ပြည်နယ်လွှတ်တော် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းနီနီအေးနှင့် ကိုကိုးကျွန်းမဲဆန္ဒနယ်မှ ဦးညီစောတို့ဖြစ်သည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ အားလုံးပါဝင်သည့် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာဥပဒေများနှင့်အညီ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အသီးသီးက ရွေးချယ်တင်ပြထားသည့် ဒုတိယသမ္မတ သုံးဦးအနက် မိမိတို့ကြိုက်နှစ်သက်သည့် ဒုတိယသမ္မတတစ်ဦးကို နိုင်ငံတော်သမ္မတအဖြစ် ဆန္ဒမဲပေး ရွေးချယ်တင်မြှောက်ပွဲကို ဧပြီ ၃ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယက က ဧပြီ ၃ ရက်တွင်ကျင်းပမည့် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပွဲတွင် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများအရ ဆန္ဒမဲလက်မှတ် ဆန္ဒပြုပုံနှင့် ပယ်မဲအဖြစ် ဆုံးဖြတ်သတ်မှတ်မည့် ဆန္ဒမဲလက်မှတ်ပုံစံများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ရပ်နားလိုက်ပြီး တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပွဲကို ဧပြီ ၃ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့သို့ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များ တက်ရောက်လာစဉ်။

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့သို့ တက်ရောက်ကြောင်း ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များ လက်မှတ်ရေးထိုးကြစဉ်။

ပြည်သူ့စစ်မှုထမ်းဥပဒေကိုပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ
ပြည်သူ့စစ်မှုထမ်းဥပဒေကိုပြင်ဆင်သည့်ဥပဒေ
(အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီဥပဒေအမှတ် ၅၁ / ၂၀၂၆)
၁၃၈၇ ခုနှစ်၊တန်ခူးလပြည့်ကျော် ၁ ရက်
(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂ ရက်)

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၇ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်သူ့စစ်မှုထမ်းဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ ၂ ပုဒ်မခွဲ(စ) ပုဒ်မခွဲငယ်(၃)၏ နောက်တွင် ပုဒ်မခွဲငယ်(၄)ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(၄) အစွလာမ်ဘာသာအတွက်ဖြစ်လျှင် မော်လဝီ၊ ဟာဖိ၌၊ အီမန် အပါအဝင် သက်ဆိုင်ရာ အစွလာမ်ဘာသာရေးအဖွဲ့ကြီးက အသိအမှတ်ပြုလက်မှတ်ကိုင်ဆောင်ထားသည့် အစွလာမ်ဘာသာ သာသနာ့ဝန်ထမ်း။"

၃။ ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ ၈ တွင် ပါရှိသော "ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ" ဆိုသည့်စကားရပ်ကို "သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးသည်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ဝုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ယာယီသမ္မတ

၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းဥပဒေ၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေတို့အား အတည်ပြုထုတ်ပြန်

နေပြည်တော် ဧပြီ ၂

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည်မတ် ၃၁ ရက်တွင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီဥပဒေအမှတ် (၂၁/၂၀၂၆) ဖြင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ အမျိုးသားစီမံကိန်းဥပဒေအားလည်းကောင်း၊ ဥပဒေအမှတ် (၂၂/၂၀၂၆) ဖြင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေအားလည်းကောင်း အတည်ပြုထုတ်ပြန်ခဲ့သည်။

အဆိုပါ ဥပဒေများသည် ၂၀၂၆ ခုနှစ်၊ ဧပြီ ၁ ရက်မှစတင်၍ အကျိုးသက်ရောက်ကြောင်း သိရသည်။ သတင်းစဉ်

အမြင့်ဆုံး နေ့အပူချိန်များ ၂-၄-၂၀၂၅

မြင်းမူမြို့	၄၂	ဒသမ	၉	ဒီဂရီဆဲလ်စီးယပ်
ညောင်ဦးမြို့	၄၂	ဒသမ	၈	ဒီဂရီဆဲလ်စီးယပ်
မြင်းခြံမြို့	၄၂	ဒသမ	၆	ဒီဂရီဆဲလ်စီးယပ်
မုံရွာမြို့	၄၂	ဒသမ	၅	ဒီဂရီဆဲလ်စီးယပ်
တံတားဦးမြို့	၄၂	ဒသမ	၂	ဒီဂရီဆဲလ်စီးယပ်
ချောက်မြို့	၄၂	ဒသမ	၂	ဒီဂရီဆဲလ်စီးယပ်
မကွေးမြို့	၄၂	ဒသမ	၂	ဒီဂရီဆဲလ်စီးယပ်
ဆင်ဖြူကျွန်းမြို့	၄၂	ဒသမ	၂	ဒီဂရီဆဲလ်စီးယပ်
မင်းဘူးမြို့	၄၂	ဒသမ	၀	ဒီဂရီဆဲလ်စီးယပ်
စစ်ကိုင်းမြို့	၄၂	ဒသမ	၀	ဒီဂရီဆဲလ်စီးယပ်

အိမ်ပြင်ပ၌ ထွန်းသော မီးများကို နေ့အလင်းရောင် ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

(၂၄)ကြိမ်မြောက် စကားဝိုင်းဆွေးနွေးပွဲတွင် "မန္တလေးလျင်ကြီးအပေါ် အလျင်အမြန် ပြန်လည်ကုစားခြင်းနှင့် အနာဂတ်အတွက် ကြိုတင်ပြင်ဆင်ခြင်း" ခေါင်းစဉ်ဖြင့်ဆွေးနွေး

နေပြည်တော် ဧပြီ ၂

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတွင် လစဉ်ကျင်းပလျက်ရှိသည့် ဗုဒ္ဓဟူးနေ့ စကားဝိုင်းဆွေးနွေးပွဲကို ယနေ့ မွန်းလွဲဝိုင်းက (၂၄)ကြိမ်မြောက် အဖြစ် နေပြည်တော်ရုံးအမှတ်(၁၅) စုဝေးဆောင်ခန်းမ၌ကျင်းပရာ သက်ဆိုင်ရာ ကဏ္ဍအသီးသီးမှ တာဝန်ရှိသူများက "မန္တလေးလျင်ကြီးအပေါ် အလျင်အမြန် ပြန်လည်ကုစားခြင်းနှင့် အနာဂတ်အတွက် ကြိုတင်ပြင်ဆင်ခြင်း" ခေါင်းစဉ်ဖြင့် ဆွေးနွေးကြသည်။

ထိခိုက်မှုအချို့ ဖြစ်ပေါ်ခဲ့

စကားဝိုင်းဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ၂၀၂၅ မန္တလေးလျင်ကြီး လှုပ်ခတ်မှုကြောင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးကဏ္ဍ၊ ကုန်ထုတ်လုပ်ရေးကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍများစွာတို့ ထိခိုက်ပျက်စီးမှုများရှိခဲ့သည့်နည်းတူ နေပြည်တော်ကောင်စီနယ်မြေအပါအဝင် မြန်မာနိုင်ငံ အလယ်ပိုင်း အချို့ဒေသများရှိ စိုက်ပျိုးရေးလုပ်ငန်းများကို အဓိကအထောက် အကူပေးလျက်ရှိသည့် ရေလှောင်တမံကြီးများကျိုးပေါက်မှုမရှိခဲ့သော်လည်း ပင်မတမံများ၊ ကုန်းကျောတမံများ၊ ရေလွှဲဆည်များနှင့် ရေပေးတူးမြောင်းအချို့ ပျက်စီးမှုများဖြစ်ပေါ်ခဲ့ပြီး မြေမျက်နှာပြင်အက်ကွဲကြောင်းများ ဖြစ်ပေါ်ခဲ့သဖြင့် စိုက်ပျိုးရေးလုပ်ငန်းများတွင် ထိခိုက်မှုအချို့ ဖြစ်ပေါ်ခဲ့ကြောင်း။

စိုက်ပျိုးရေးပေးဝေဆဲ နွေစပါး၊ နွေသီးနှံများ အမြန်ပြန်လည်ကုစားနိုင်ရန် အတွက် မိမိတို့ဝန်ကြီးဌာနအနေဖြင့် စက်ယန္တရား၊ လူအင်အားစုဖွဲ့ပြီး ထူထောင် ပြင်ဆင်ရေးလုပ်ငန်းများကို အလျင်အမြန် တုံ့ပြန်အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ လိုအပ်ချက်များကိုဌာနများ အားလုံး ပူးပေါင်းညှိနှိုင်း နည်းလမ်းရှာဖွေကြဆဲ၌ နေ့ညမပြတ် ဆောင်ရွက်ခဲ့ခြင်း တို့ကြောင့် မကြာမီကာလအတွင်း အဆင့်လိုက် ဆည်ရေပြန်လည်ပေးဝေနိုင်ခဲ့ပြီး သီးနှံများ ထိခိုက်ပျက်စီးဆုံးရှုံးမှုကို လျော့နည်းကာကွယ်နိုင်ခဲ့ကြောင်း။

(၂၄)ကြိမ်မြောက် စကားဝိုင်းဆွေးနွေးပွဲတွင် "မန္တလေးလျင်ကြီးအပေါ် အလျင်အမြန် ပြန်လည်ကုစားခြင်းနှင့် အနာဂတ်အတွက် ကြိုတင်ပြင်ဆင်ခြင်း" ခေါင်းစဉ်ဖြင့်ဆွေးနွေးစဉ်။

အနာဂတ်တွင် ဌာနအဆောက်အအုံများ ဆောက်လုပ်ရာ၌ လျင်ဒဏ်ခံနိုင်သော အနေအထားရှိအောင် Myanmar National Building Code (MNBC) 2025 အတိုင်း တိကျစွာ လိုက်နာဆောင်ရွက်ခြင်း၊ လျင်ပြင်းထန်ခုန်အတွင်းတည်ရှိသော ရေလှောင်တမံများ၏ လုံခြုံရေးနှင့် ခံနိုင်ရည်အခြေအနေကိုသုံးသပ်၍ ပိုမို ကြံ့ခိုင်မှုရှိစေရေးနှင့် ဘေးကင်းလုံခြုံစေရေးကို နိုင်ငံတကာဒီဇိုင်းစံနှုန်းများနှင့် နိုင်ငံတကာတွင်ဖြစ်ပေါ်ခဲ့သော လျင်များကြောင့် ကြုံတွေ့ခဲ့ရသည့် အခြေအနေများကို လေ့လာဆောင်ရွက်နိုင်ရေး အတွက် ဦးစားပေးအဆင့်လိုက် ပြင်ဆင်ခြင်း၊ စိုက်ပျိုးရေးကို ထိရောက်ချွေတာစွာ သုံးစွဲနိုင်မည့် စိုက်နည်းစနစ်များ၊ ရာသီဥတုနှင့် သဘာဝဘေးဒဏ်ခံနိုင်သောမျိုး၊ သီးနှံအမျိုးအစားနှင့် နည်းပညာအသုံးချမှုများ၊ မြေယာပြုပြင်မှုဆိုင်ရာ၊ မြေဆီလွှာပြုပြင်မှုဆိုင်ရာနည်းစနစ်များ ဟန်ချက်ညီညီ ပြောင်းလဲတိုးတက်လာစေရန် ကြိုးပမ်းအားထုတ်ခြင်းကို ဌာနဆိုင်ရာ အချင်းချင်း ညှိနှိုင်းပေါင်းစပ်ဆောင်ရွက် ရုံသာမက ပုဂ္ဂလိကကုမ္ပဏီ၊ အဖွဲ့အစည်းများ၊ ဒေသခံပြည်သူလူထုနှင့် နီးနီးကပ်ကပ် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ကြရန်လိုကြောင်း။

ဝိုင်းဝန်းဆွေးနွေး

ယနေ့ဆွေးနွေးပွဲတွင် လျင်ကဲ့သို့ ကြိုတင်ခန့်မှန်း၍မရသော သဘာဝဘေး ကြုံတွေ့လာရပါက လျင်မြန်စွာ ပြန်လည် ထူထောင်နိုင်ရေးအတွက် တိကျသော လမ်းညွှန်ချက်များ၊ အန္တရာယ်ကိုလျှော့ချ ရန်အတွက် အထောက်အကူဖြစ်စေမည့် နည်းပညာများနှင့် လျင်အလွန်ကာလ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအား ပိုမိုအားကောင်းတိုးတက်စွာ အကောင် အထည်ဖော်ဆောင်ရွက်နိုင်ရေး ပိုင်းဝန်း ဆွေးနွေးသွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

အနာဂတ်အတွက် ပြင်ဆင်

စကားဝိုင်းဆွေးနွေးပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနနှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့မှ တာဝန်ရှိသူများက လျင်ဖြစ်စဉ်များအပေါ် သုံးသပ်ခြင်းနှင့် ကုစားဆောင်ရွက်ခဲ့ရသည့် အခြေအနေများအပေါ် မူတည်၍ တွေ့ကြုံခဲ့ရသည့် အခက်အခဲ၊ လိုအပ်ချက်များအပေါ် အခြေခံ၍ အနာဂတ်အတွက် ပြင်ဆင် ဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးကြရာ အခမ်းအနားသို့ တက် ရောက်လာကြသူများနှင့် အွန်လိုင်းစနစ် ဖြင့် ပါဝင်တက်ရောက်ကြသည့် တိုင်း ဒေသကြီး၊ ပြည်နယ်အသီးသီးမှ ကိုယ်စား လှယ်များက သိရှိလိုသည်များ မေးမြန်း ခြင်း၊ ဖြည့်စွက်တင်ပြခြင်း၊ သုံးသပ် ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြ ကြောင်း သိရသည်။ သတင်းစဉ်

အပူရှောင် သက်ကြီးပုဂ္ဂိုလ်များအား စောင့်ရှောက်ပေးနေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၂ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာစိုးဝင်းသည် မကွေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် မင်းဘူးမြို့ ပညာအလင်းရောင် ကိုယ်ပိုင်အထက်တန်းကျောင်း၌ သက်ကြီးပုဂ္ဂိုလ်များအတွက် ဦးစားပေးဖွင့်လှစ်ထားရှိသည့် အပူရှောင်စခန်းသို့ သွားရောက်၍ သက်ကြီးပုဂ္ဂိုလ်များ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များမဖြစ်ပေါ်စေရေးကာကွယ်ရေးနည်းလမ်းများ၊ ဆောင်ရန်/ရှောင်ရန်များကို အသိပညာပေး ရှင်းလင်းပြောကြားပြီး နိုင်ငံတော်ယာယီသမ္မတက ထောက်ပံ့သည့် ဓာတ်ဆားနှင့် အချိုရည်များကို ထောက်ပံ့ပေးအပ်ကာ **(ယာပု)** အပူရှောင် သက်ကြီးပုဂ္ဂိုလ်များအား ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးနေမှုများ လှည့်လည်ကြည့်ရှုသည်။

ကြိုတင်ပြင်ဆင်ဆောင်ရွက်ထား

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မင်းဘူးပြည်သူ့ဆေးရုံကြီးသို့သွားရောက်၍ အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ အပူဒဏ်ကြောင့် သတိလစ်ခြင်း (Heat Stroke) လက္ခဏာများ ဖြစ်ပေါ်ပါက အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ရေး အတွက် အပူရှောင်နေ့ဘက် ပြင်ပလူနာ စောင့်ရှောက်ရေးဌာန၊ Heat Stroke လူနာစစ်ဆေးသပ်ခန်း၊ ဆေးနှင့် ဆေးဝါးများ ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုများကိုကြည့်ရှုပြီး လိုအပ်သည်များ ညွှန်ကြားပေါင်းစပ် ဆောင်ရွက်ပေးသည်။

အသိပညာပေးခြင်းဆောင်ရွက်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် မိမိတို့နေအိမ်များတွင် နေထိုင်ရန်ခက်ခဲပြီး အပူဒဏ် တိမ်းရှောင်ရန် လိုအပ်သူများအတွက် အပူရှောင်စခန်းများကို မကွေးမြို့နယ်၊ ရေနံချောင်းမြို့နယ်၊ ချောက်မြို့နယ်နှင့် နတ်မောက်မြို့နယ်များတွင် မတ် ၁၆ ရက်မှ စတင်ဖွင့်လှစ်ပေးထားပြီး အပူရှောင်လာရောက်သူများအား သဘာဝဘေးအန္တရာယ် နှင့်စပ်လျဉ်း၍ အသိပညာပေးဟောပြောခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ အပူဒဏ် ကာကွယ်နိုင်ရေး ဆောင်ရန်/ရှောင်ရန်များကို ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ရင်းရင်းနှီးနှီးတွေ့ဆုံ

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မကွေးမူလတန်းကြို ကျောင်းတွင် ဝန်ကြီးဌာနအောက် ရှိဦးစီးဌာနများမှ ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး လိုအပ်သည်များကို ညွှန်ကြားဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

အပူဒဏ်အန္တရာယ်နှင့်ပတ်သက်သော ကျန်းမာရေးပြဿနာများ ကာကွယ်ကုသရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဧပြီ ၂ အပူဒဏ်အန္တရာယ်နှင့်ပတ်သက်သော ကျန်းမာရေးပြဿနာများ ကာကွယ်ကုသရေးညှိနှိုင်း အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် Semi Virtual စနစ်ဖြင့်ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် နေပြည်တော်တို့မှ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကုသရေးဦးစီးဌာနများမှ တာဝန်ရှိသူများနှင့် ဗဟိုအဆင့်ဆေးရုံကြီးများမှ ဆေးရုံအုပ်ကြီးများ တက်ရောက်ကြသည်။

အပူဒဏ်အန္တရာယ်ဖြစ်ပွားမှု ပိုမိုလျော့နည်းစေရေး ကြိုးပမ်း

ဦးစွာ ဒုတိယဝန်ကြီးက အပူဒဏ်အန္တရာယ်မဖြစ်ပွားမီကတည်းက ကာကွယ်နိုင်ရေးသည် အရေးကြီးသဖြင့် အသိပညာပေးနိုးဆော်မှုလုပ်ငန်းများကို ကျေးလက်ဒေသများအထိ ရောက်ရှိစေရန် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်စေလိုကြောင်း၊ ပြည်သူ့ဆေးရုံများတွင် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ရာတွင် ကုသရေးအထူးကု ဆရာဝန်ကြီးများနှင့် ဆွေးနွေးညှိနှိုင်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အပူဒဏ်အန္တရာယ်လူနာများအား အရေးပေါ်ကုသမှုပေးရာတွင် စံကုသမှုလမ်းညွှန်နှင့်အညီ ဆောင်ရွက်ရန်အတွက် လေ့ကျင့်မှုများဆောင်ရွက်ထားရှိစေလိုကြောင်း၊ နှစ်စဉ်ဆောင်ရွက်နေသော လုပ်ငန်းများဖြစ်သော်လည်း အပူဒဏ်အန္တရာယ်ဖြစ်ပွားမှု ပိုမိုလျော့နည်းစေရေးအတွက် အားထုတ်

ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က အပူဒဏ်အန္တရာယ်နှင့် ပတ်သက်သော ကျန်းမာရေးပြဿနာများ ကာကွယ်ကုသရေးအတွက် ပြည်သူ့ဆေးရုံ၊ ဆေးခန်းနှင့် ကျန်းမာရေးဌာနများတွင် ကြိုတင်ပြင်ဆင် ဆောင်ရွက်ရန်နှင့် နီးနွှယ်ဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ အပူရှောင်စခန်းများ ကြိုတင်ပြင်ဆင် ဆောင်ရွက်ရန် လမ်းညွှန်ချက်များကို ကျန်းမာရေးဌာန အဆင့်ဆင့် ထံသို့ ဖြန့်ဝေထားရှိမှု၊ အပူဒဏ်အန္တရာယ်လူနာ စံကုသမှုလမ်းညွှန်များအား ဖြန့်ဝေထားရှိမှု၊ ပြည်သူများအတွက် အပူဒဏ်အန္တရာယ် ကာကွယ်ရေးနှင့် အပူဒဏ်အန္တရာယ်ခံစားရသော လူနာများအား ရှေးဦးပြုစုခြင်းတို့နှင့်ပတ်သက်၍ အသိပညာပေးနိုးဆော်ချက် လက်ကမ်းစာစောင်များ ဖြန့်ဝေထားရှိမှု၊ ရုပ်မြင်သံကြား၊ ရေဒီယိုနှင့် သတင်းစာများမှတစ်ဆင့် အသိပညာပေးနိုးဆော်နေမှုနှင့် အပူဒဏ်အန္တရာယ်ဖြစ်ပွားမှုအား စောင့်ကြပ်ကြည့်ရှုနေမှုတို့ အပါအဝင် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာသည့် မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် နေပြည်တော်တို့မှ ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူးများ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကုသရေးဦးစီးဌာနများမှ တာဝန်ရှိသူများနှင့် ဗဟိုအဆင့်ဆေးရုံကြီးများမှ ဆေးရုံအုပ်ကြီးများက အပူရှောင်စခန်းများ ကျယ်ကျယ်ပြန့်ပြန့် ဖွင့်လှစ်နိုင်ရေး ကြိုတင်ပြင်ဆင်ထားရှိမှု၊ ဖွင့်လှစ်ထားရှိသည့် အပူရှောင်စခန်းများသို့ ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခဲ့မှု၊ ဆေးရုံနှင့်ဆေးခန်းများတွင် လူနာများ လက်ခံကုသနိုင်ရန် ခုတင်နေရာများ ပြင်ဆင်ထားရှိမှု၊ ဆေးဝါးနှင့် ဆေးပစ္စည်းများ ပြင်ဆင်ထားရှိမှုများ၊ ကွင်းဆင်းကျန်းမာရေးအဖွဲ့များ ဖွဲ့စည်းထားရှိမှု၊ လူအများမြင်သာသည့် နေရာများတွင် အသိပညာပေးနိုးဆော်ချက် ဆိုင်းဘုတ်များ ထားရှိမှု၊ နီးနွှယ်ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်နေမှုနှင့် နွေရာသီကာလတွင် ဖြစ်ပွားနိုင်သည့် သဘာဝဘေးအန္တရာယ်များတွင် ကျန်းမာရေးစောင့်ရှောက်မှုများ ပေးအပ်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ထားရှိမှုများကို ရှင်းလင်းတင်ပြကြရာ ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က တင်ပြချက်များအပေါ် ပြန်လည်သုံးသပ် ဆွေးနွေးကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိ

ကျန်းမာရေးဝန်ကြီးဌာနသည် အပူဒဏ်အန္တရာယ်နှင့် ပတ်သက်သောကျန်းမာရေး ပြဿနာများ ကာကွယ်ကုသရေးအတွက် လုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိပြီး ယခုနှစ် အပူဒဏ်အန္တရာယ်ဖြစ်ပွားမှု စောင့်ကြပ်ကြည့်ရှုသတင်းအချက်အလက်များအရ ပြည်သူ့ဆေးရုံများနှင့် ကျန်းမာရေးဌာနများတွင် အပူဒဏ်အန္တရာယ်ကြောင့် ပြင်းထန်လူနာနှင့် သေဆုံးလူနာများ ယခင်အထိ မရှိသေးကြောင်း သိရသည်။ **သတင်းစဉ်**

ရိုးရာအတာသင်္ကြန်ပွဲတော်ကာလ ကျန်းမာရေးအသိပေးနှိုးဆော်ချက်

၂၀၂၆ ခုနှစ် ရိုးရာအတာသင်္ကြန်ပွဲတော်တွင် မိဘပြည်သူများ ကျန်းမာရေးနှင့်အညီ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြနိုင်ရေး အောက်ဖော်ပြပါ ကျန်းမာရေးအသိပေးချက်များကို သတိပြုလိုက်နာဆောင်ရွက်ပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

(က) အပူဒဏ်အန္တရာယ်မှကာကွယ်ရန်အတွက် နေ့လယ်ပိုင်းနေရောင်ပြင်းထန်ချိန်တွင် အရိပ်ရသည့်နေရာများတွင် နားနေပါ။ အပြင်ထွက်ပါက (ထီး၊ ဦးထုပ် စသည်) တို့ကို အသုံးပြုပါ။ ရေဓာတ်ခန်းခြောက်မှုမှ ကာကွယ်ရန် သန့်ရှင်းသည့်သောက်ရေကို မကြာခဏသောက်ပါ။ အရက်သောက်သုံးခြင်းသည် အပူဒဏ်အန္တရာယ် ပိုမိုပြင်းထန်စွာခံစားရနိုင်သည်ကို အထူးသတိပြုပါ။

(ခ) ရေမှတစ်ဆင့် ကူးစက်တတ်သောရောဂါများမှ ကြိုတင်ကာကွယ်ရန်အတွက် ရေကစားရာတွင် သန့်ရှင်းသောရေကိုသာ အသုံးပြုနိုင်ရေးဆောင်ရွက်ပါ၊ ရေကစားရာတွင် အသုံးပြုသောရေကို သောက်ခြင်းမပြုသင့်ပါ၊ ရေကစားရာတွင် မျက်လုံး၊ နာ၊ ပါးစပ်ထဲသို့ ရေများမဝင်အောင် သတိပြုပါ၊ ဖိအားမြင့် အားပြင်းသည့်ရေပန်းဖြင့် မျက်နှာကို တိုက်ရိုက်ပက်ခြင်းမှ ရှောင်ကြဉ်ပါ။

(ဂ) ထိခိုက်ဒဏ်ရာနှင့်မတော်တဆမှုများ ကာကွယ်ရန်အတွက် စိုစွတ်လျက်ရှိသော လမ်းများတွင် ချော်လဲနိုင်၍ သတိထားပါ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာပါ၊ အရက်သေစာသောက်သုံး၍ ယာဉ်မောင်းနှင်ခြင်းမှ လုံးဝရှောင်ကြဉ်ပါ။

(ဃ) တစ်ကိုယ်ရေသန့်ရှင်းရေးကောင်းမွန်ရန် လက်များကို မကြာခဏဆေးကြောပါ၊ လတ်ဆတ်ပြီး သန့်ရှင်းသော အစားအစာများကိုသာ စားသုံးပါ၊ အစားအသောက် ရောင်းချသူများအနေဖြင့် တစ်ကိုယ်ရေသန့်ရှင်းရေး သတိပြု ဆောင်ရွက်ပါ၊ အစားအစာများကို ယင်နားခြင်းနှင့် အခြားအညစ်အကြေးများ မဝင်ရောက်နိုင်ရန် စနစ်တကျ ဖုံးအုပ်ပါ။

(င) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်းနှင့် ထိခိုက်ဒဏ်ရာတစ်စုံတစ်ရာရရှိပါက နီးစပ်ရာ ကျန်းမာရေးစောင့်ရှောက်မှုဆေးခန်း သို့မဟုတ် ပြည်သူ့ဆေးရုံသို့ အမြန်ဆက်သွယ်၍ ဆေးကုသမှုခံယူပါ။

ကျန်းမာရေးဝန်ကြီးဌာန

လယ်ယာမြေကောင်းစေပြီး သီးနှံအထွက်တိုးစေဖို့ သဘာဝမြေဩဇာသုံးစွဲကြပါစို့

လယ်ယာစိုက်ပျိုးရေးတွင် သီးနှံများ အထွက်တိုးတက်စေရေးအတွက် မြေဆီလွှာသည် အလွန်အရေးကြီးသည်။ မြေဆီလွှာ အာဟာရဓာတ်ပြည့်ဝမှသာ သီးနှံများ အထွက်တိုးမည်မှာ တောင်သူဦးကြီးများ သိရှိပြီးဖြစ်သည်။ သီးနှံများအထွက်တိုးစေရေးအတွက် မြေဆီလွှာပြုပြင်ရေးနည်းလမ်း ဆောင်ရွက်ကြရာတွင် မြေဩဇာများကို သုံးစွဲခြင်းသည်လည်း တစ်နည်းအပါအဝင်ဖြစ်သည်။

ဦးဦးစိုက်ပျိုးရေး

“သဘာဝမြေဩဇာတွင် အာဟာရဓာတ်ပါဝင်မှုမှာ ဓာတ်မြေဩဇာထက် နည်းပါးသော်လည်း သီးနှံများ လိုအပ်သော အာဟာရဓာတ်စုံများပါဝင်ပြီး ရေရှည်မြေဆီလွှာပြုပြင်ရာတွင် ပိုမိုကောင်းမွန်စေသော မြေဩဇာအမျိုးအစားဖြစ်သည်။ သဘာဝမြေဩဇာသည် မြေဆီလွှာ၏ ရူပ၊ ဓာတုနှင့် ဇီဝဂုဏ်သတ္တိများကို ပိုမိုကောင်းမွန်တိုးတက်စေသည်။ မြေဆီလွှာအတွင်း သဘာဝမြေဆွေးပါဝင်မှုပမာဏများပါက မြေဆီလွှာအရောင်သည် မည်းမှောင်နက်ခြင်း၊ ရေစိမ့်ဝင်နိုင်မှုကောင်းခြင်း၊ မြေသားဖွဲ့စည်းမှု ပိုမိုကောင်းမွန်ခြင်းနှင့် မြေသင်းနံ့ကောင်းခြင်းတို့ ဖြစ်ပေါ်စေသည်။ ထို့ကြောင့် သဘာဝမြေဩဇာများကို စနစ်တကျနှင့် နည်းလမ်းမှန်ကန်စွာ အသုံးပြုနိုင်လျှင် မြေဆီလွှာကောင်းမွန်ပြီး သီးနှံအထွက်နှုန်း တိုးမည်မှာ ဇောက်အမှန်ပင်ဖြစ်သည်။”

သီးနှံစိုက်ပျိုးထုတ်လုပ်ရာတွင် အသုံးပြုကြသော မြေဩဇာများကို စနစ်တကျ ခွဲခြားကြည့်လျှင် ဓာတ်မြေဩဇာ၊ သဘာဝမြေဩဇာနှင့် ဇီဝမြေဩဇာဟူ၍ သုံးမျိုးတွေ့ရှိနိုင်သည်။ ဓာတ်မြေဩဇာများကို သုံးစွဲခြင်းသည် အပင်ကြီးထွားမှု၊ သီးပွင့်မှု စသည့် အပင်ဇီဝကမ္မဖြစ်စဉ်များကို ချက်ချင်းအကျိုးဖြစ်ထွန်းစေသော်လည်း ရေရှည်သုံးစွဲပါက မြေဆီလွှာပျက်စီးမှုကို ဖြစ်ပေါ်စေပါသည်။ ဇီဝမြေဩဇာ(ရိုင်ဇိုဘီယံ)သည် သီးနှံအမျိုးအစား အလိုက်၊ မြေအမျိုးအစားအလိုက် ထည့်သွင်းအသုံးပြုရသော မြေဩဇာအမျိုးအစားဖြစ်သည်။ အပင်နှင့် တိရစ္ဆာန်တို့၏ရုပ်ကြွင်းနှင့်အညစ်အကြေးများကို သဘာဝမြေဩဇာအဖြစ် ရှေးယခင်ကတည်းကပင် သီးနှံစိုက်ပျိုးရာတွင် အသုံးပြုခဲ့ကြပြီး ရေရှည်တည်တံ့သော သီးနှံစိုက်ပျိုးထုတ်လုပ်မှုအတွက် ဆက်လက်အသုံးပြုသင့်သော မြေဩဇာအမျိုးအစားဖြစ်သည်။

သဘာဝမြေဩဇာတွင် နွားချေးအပါအဝင် တိရစ္ဆာန်စွန့်ပစ်ပစ္စည်းများ၊ သီးနှံအကြွင်းအကျန်၊ လယ်ယာထွက်ကုန်ပစ္စည်းများ၊ နှမ်းဖတ်၊ ပဲဖတ်၊ အရိုးမှုန့်၊ သစ်စိမ်းမြေဩဇာတို့ပါဝင်သည်။ သဘာဝမြေဩဇာများကို အခြားပြည်ပနိုင်ငံများတွင်လည်း အသုံးပြုလျက်ရှိပြီး ဓာတ်မြေဩဇာ ဈေးနှုန်းကြီးမြင့်ခြင်း၊ ဓာတ်မြေဩဇာများ အသုံးပြုမှုများလာသည့်အတွက် မြေဆီလွှာတွင် မြေဆီဩဇာခန်းခြောက်လာခြင်း၊ သီးနှံစိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ် သက်သာစေခြင်းတို့ကြောင့် ဘေးအန္တရာယ်ကင်းသော သီးနှံစိုက်ပျိုးထုတ်လုပ်မှုအတွက် သဘာဝမြေဩဇာများကို တွင်တွင်ကျယ်ကျယ် အသုံးပြုလာကြသည်။

သဘာဝမြေဩဇာတွင် အာဟာရဓာတ်ပါဝင်မှုမှာ ဓာတ်မြေဩဇာထက် နည်းပါးသော်လည်း သီးနှံများ လိုအပ်သော အာဟာရဓာတ်စုံများပါဝင်ပြီး ရေရှည်မြေဆီလွှာပြုပြင်ရာတွင် ပိုမိုကောင်းမွန်စေသော မြေဩဇာအမျိုးအစားဖြစ်သည်။ သဘာဝမြေဩဇာသည် မြေဆီလွှာ၏ ရူပ၊ ဓာတုနှင့် ဇီဝဂုဏ်သတ္တိများကို ပိုမိုကောင်းမွန်တိုးတက်စေသည်။ **မြေဆီလွှာအတွင်း သဘာဝမြေဆွေးပါဝင်မှု ပမာဏများပါက မြေဆီလွှာအရောင်သည် မည်းမှောင်နက်ခြင်း၊ ရေစိမ့်ဝင်နိုင်မှုကောင်းခြင်း၊ မြေသားဖွဲ့စည်းမှု ပိုမိုကောင်းမွန်ခြင်းနှင့် မြေသင်းနံ့ကောင်းခြင်းတို့ ဖြစ်ပေါ်စေသည်။ ထို့ကြောင့် သဘာဝမြေဩဇာများကို စနစ်တကျနှင့် နည်းလမ်းမှန်ကန်စွာ အသုံးပြုနိုင်လျှင် မြေဆီလွှာကောင်းမွန်ပြီး သီးနှံအထွက်နှုန်း တိုးမည်မှာ ဇောက်အမှန်ပင်ဖြစ်သည်။**

တောင်သူအများစုမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင် သဘာဝမြေဩဇာအဖြစ် နွားချေးကို ရှေးယခင်ကတည်းက အသုံးပြုခဲ့ကြသည်။ အချို့သော တောင်သူဦးကြီးများမှာ နွားချေးသီးသန့် အသုံးပြုကြပြီး အချို့သော တောင်သူများမှာ နွားချေးကို သီးနှံအကြွင်းအကျန်များနှင့် ရောနှော အသုံးကြသည်။ နွားချေးများကို စုဆောင်းသည့် နည်းလမ်းနှစ်မျိုးကို တွေ့ရပြီး ပထမနည်းမှာ နွားများ အိပ်စက်အနားယူနိုင်သော အကျယ်အဝန်း အတိုင်း ကျင်းတူးထားကာ နွားများစွန့်ပစ်သမျှ ကျင်ကြီး၊ ကျင်ငယ်များ စိုစွတ်၍ ဗွက်ထလာသည့် အခါတိုင်း အောက်ခင်းများ ထပ်ဖြည့်ခင်းကာ စုဆောင်းသည့်နည်းဖြစ်ပါသည်။ ဒုတိယနည်းမှာ ကျင်းကို နွားအောက်တွင်မထားဘဲ သင့်လျော်သော သီးခြားနေရာတွင် အမိုးနှင့်ထားရ၍ နွားချေးများကို နေ့စဉ် နွားတင်းကုပ်မှ သယ်ယူပြီး ကျင်းထဲသို့ ထည့်ပေးကာ စုဆောင်းသောနည်းဖြစ်သည်။

နွားချေးမြေဩဇာကို အသုံးပြုသည့်အခါ အရေးအကြီးဆုံး အထူးဂရုစိုက်ရမည့်အချက်မှာ နွားချေးသည် “အေး” ရမည်ဖြစ်သည်။ နွားချေး “အပူ”ကို စိုက်ခင်းထဲတွင် မထည့်ရပါ။ ဆိုလိုသည်မှာ နွားချေးသည် ကောင်းစွာဆွေးမြည့်နေရမည်ဟု ဆိုလိုပါသည်။ နွားချေး“အပူ”သည် နွားများ ချက်ချင်းယိုထားသော ပူပူနွေးနွေးချေးနှင့် တင်စား ပြောထားခြင်းသာဖြစ်ပြီး မဆွေးမြည့်သေး နွားချေးကို ဆိုလိုပါသည်။ ကောင်းစွာမဆွေးမြည့်သေး နွားချေးများကို သီးနှံစိုက်ပျိုးမြေများတွင် အသုံးပြုလျှင် ဆွေးမြည့်ခြင်းဖြစ်စဉ်မှ ထွက်ရှိသော အော်ဂဲနစ်အက်စစ်များသည် အပင်ကို အဆိပ် အတောက်ဖြစ်စေနိုင်သည်။ ထို့ပြင် အဏုဇီဝပိုး များက အာဟာရဓာတ်များကို ပြိုင်တူစုပ်ယူစားသုံး သည့်အတွက် သီးနှံပင်များအတွက် လိုအပ်သော အာဟာရဓာတ်များကို အလုံအလောက်မရရှိနိုင်ပါ။ ထို့ကြောင့် ကောင်းစွာဆွေးမြည့်သော နွားချေးကို သာ စိုက်ခင်းထဲတွင် အသုံးပြုရန် အလွန်အရေးကြီး သည်။

အသုံးပြုသော နွားချေးသည် ကောင်းစွာ ဆွေးမြည့်လျှင် နွားချေးတွင်ပါဝင်သော အာဟာရ ဓာတ်များကို အပင်သည် စားသုံးနိုင်သည့်အပြင် ဆွေးမြည့်သောနွားချေး သဘာဝမြေဩဇာမှ ထွက်ပေါ်လာသော အက်စစ်ဓာတ်ကြောင့် အပင် စားသုံးရန် ခက်ခဲသော သံဓာတ်၊ မန်ဂနိစ်ဓာတ်နှင့် ဖော့စဖိတ်ဓာတ်များကို အပင်သည် အလွယ်တကူ စားသုံးနိုင်သည်။ ထို့ကြောင့် နွားချေးမြေဩဇာများကို ကောင်းစွာဆွေးမြည့်အောင် ပြုလုပ်ပြီးမှသာ သုံးစွဲသင့်သည်။

ကောင်းစွာ ဆွေးမြည့်သော သဘာဝမြေဩဇာများကို အသုံးပြုလျှင် စေးသောမြေကို ဖွယ်စေပါသည်။ သဲဆန်လွန်းသောမြေကို သိပ်သည်းစေသည်။ **ရေအစိုဓာတ်ကို ပိုမိုထိန်းသိမ်းထားနိုင်သည်။** မြေထဲတွင် လေဝင်လေထွက်ကောင်းမွန်စေနိုင်သလို **အပူအအေးကိုလည်း မျှတအောင် ထိန်းထားပေးနိုင်ပါသည်။** ထို့ပြင် **အာဟာရဓာတ်များကို အမြစ်မှ အလွယ်တကူ စုပ်ယူစားသောက်နိုင်သည်။ အရေးအကြီးဆုံးအချက်မှာ မြေဆီလွှာအတွင်းရှိ သဘာဝမြေဆွေး(သို့) မြေဆီဩဇာဓာတ်ကို ဖြည့်တင်းပေးရုံမျှမက ရေရှည်ကာလတွင် မြေဆီလွှာအာဟာရဓာတ်များကို ထိန်းသိမ်းထားနိုင်ပါသည်။** ဤအချက်သည် ကုန်ကျစရိတ်များပြီး အပင်အတွက် အာဟာရဓာတ် တစ်မျိုးတည်းသာ ဖြည့်ပေးနိုင်သော ဓာတ်မြေဩဇာများထက် ပိုမိုကောင်းမွန်သော အဓိကအားသာချက် ဖြစ်သည်။

တောင်သူအများစု အသုံးပြုနေကြသည့် ပုလဲမြေဩဇာဟုခေါ်သည့် ယူရီးယားဓာတ်မြေဩဇာကို အသုံးပြုလျှင် နိုက်ထရိုဂျင်ဓာတ်အာဟာရတစ်မျိုး တည်းကိုလည်းကောင်း၊ ဂီစူပါကို အသုံးပြုလျှင် ဖော့စဖောရပ်ဓာတ်တစ်မျိုးတည်းကိုလည်းကောင်း၊ ပိုတက်ရှ်ကို အသုံးပြုလျှင် ပိုတက်ဆီယမ်ဓာတ် တစ်မျိုးတည်းကိုလည်းကောင်း ရရှိစေမည်ဖြစ်သည်။ အလားတူပင် ကွန်ပေါင်းမြေဩဇာ အသုံးပြုလျှင်လည်း အာဟာရဓာတ် သုံးမျိုး၊ လေးမျိုးသာ ရရှိနိုင်မည်ဖြစ်သော်လည်း သဘာဝမြေဩဇာကို အသုံးပြုခြင်းဖြင့် သီးခြားဝယ်ယူစရာမလိုဘဲ အာဟာရဓာတ်စုံပါဝင်ပြီး တောင်သူများ၏ လယ်ယာလုပ်ငန်းခွင်တွင် အလွယ်တကူရရှိနိုင်မည် ဖြစ်ပါသည်။ ထို့ကြောင့် မိမိတို့မွေးမြူထားသော နွားများကို စနစ်တကျမွေးမြူပြီး နွားချေးများကို စနစ်တကျ သိမ်းဆည်းသိုလှောင်ထားသည့် အလေ့အကျင့်မျိုး မွေးမြူနိုင်လျှင်လည်း များစွာအကျိုးထူးလှပေသည်။

သဘာဝမြေဩဇာများသည် အာဟာရဓာတ် တစ်မျိုးချင်းစီအနေဖြင့် ပါဝင်မှုနည်းပါးသော်လည်း အပင်မှ လိုအပ်သည့် အာဟာရဓာတ်ပါဝင်မှုကို စုံလင်စွာ ပေးစွမ်းနိုင်ပါသည်။ တွေ့ရှိချက်များအရ နွားတစ်ကောင်သည် တစ်နေ့လျှင် နွားချေးအရေ ၄၀ နှင့် အခြောက် ၁၂ ကီလိုဂရမ်ထွက်ရှိသည့်အတွက် နွားအကောင်တစ်ရာမွေးထားပါက တစ်နေ့လျှင် နွားချေး ၁ ဒသမ ၂ တန် ရရှိနိုင်မည်ဖြစ်ပြီး တစ်နှစ်လျှင် နွားချေး ၄၃၈ တန် ရရှိနိုင်မည်ဖြစ်သည်။ ထို့ပြင် နွားချေးတစ်တန် (ကီလိုဂရမ် ၁၀၀၀)ကို စိုက်ပျိုးမြေဆီလွှာများတွင် ထည့်သွင်းခြင်းဖြင့် နိုက်ထရိုဂျင် ၂ ဒသမ ၄၂ ကီလိုဂရမ်၊ ဖော့စဖိတ် ၆ ဒသမ ၆၀ ကီလိုဂရမ်၊ ပိုတက်ရှ် ၃ ဒသမ ၄၃ ကီလိုဂရမ်နှင့် အော်ဂဲနစ်မြေဆွေး ၁၈၁ ဒသမ ၃၄ ကီလိုဂရမ်ရရှိနိုင်မည်ဖြစ်ပါသည်။

စိုက်ပျိုးရေးကဏ္ဍအသီးသီးတွင် လုပ်ကိုင် ဆောင်ရွက်နေကြသော သီးနှံစိုက်ပျိုးထုတ်လုပ်သူ များအနေဖြင့် စိုက်ပျိုးသည့် သီးနှံအထွက်နှုန်းတိုးမှ သာ ဝင်ငွေကောင်းပြီး လူနေမှုဘဝမြင့်မားနိုင်မည် မည်။ ထိုသို့သီးနှံအထွက်တိုးရေး လုပ်ဆောင်ရာတွင် ဓာတ်မြေဩဇာတစ်မျိုးတည်းကို နှစ်စဉ်ဆက်တိုက် အသုံးပြုလျှင် မြေဆီလွှာ၏ အရည်အသွေးသည် တဖြည်းဖြည်းကျဆင်းလာပြီး သီးနှံပင်အတွက် လိုအပ်သော အာဟာရဓာတ် လျော့နည်းလာခြင်း ဖြင့် အပင်ဖြစ်ထွန်းမှုကို ထိခိုက်ကာ အထွက်နှုန်း လျော့နည်းလာနိုင်သည်။ ထို့ကြောင့် သဘာဝ မြေဩဇာများကို မဖြစ်မနေ သုံးစွဲရပေလိမ့်မည်။ အလားတူ ယနေ့ဓောတ်တွင် ဓာတ်မြေဩဇာစွဲးနှုန်း ကြီးမြင့်ခြင်းနှင့် စိုက်ပျိုးသော လယ်ယာသီးနှံအချို့ နှင့် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများတွင် ဓာတ်ကြွင်းအာနိသင်ပါဝင်မှု လျော့ချနိုင်ရေးတို့ အတွက် နွားချေးမြေဩဇာအသုံးပြုရန် အထူးပင် လိုအပ်လာသည်။

အလားတူ မြန်မာနိုင်ငံတွင် မွေးမြူရေးလုပ်ငန်း များမှ အများဆုံးထွက်ရှိနေသော ကြက်ချေး၊ ဝက်ချေး၊ ဆိတ်ချေးတို့ကို နွားချေးမြေဩဇာကဲ့သို့ သဘာဝမြေဩဇာအဖြစ် အသုံးပြုနိုင်ပါသည်။ လေ့လာတွေ့ရှိချက်များအရ ကြက်အကောင်တစ်ရာမှ တစ်ရက်လျှင် ကြက်ချေး သုည ဒသမ ၀၃ တန်၊ ဝက်နှင့် ဆိတ်မှ သုည ဒသမ ၀၉ တန်ခန့် ရရှိနိုင်မည် ဖြစ်ပြီး တစ်နှစ်လျှင် ကြက်ချေး ၁၀ ဒသမ ၉၅ တန် နှင့် ဝက်နှင့်ဆိတ်ချေး စုစုပေါင်း ၃၂ ဒသမ ၈၂ တန် ရရှိနိုင်မည်ဖြစ်ပါသည်။ ကြက်ချေး၊ ဝက်ချေး စသည့် တိရစ္ဆာန်စွန့်ပစ်ပစ္စည်းများသည် ဗက်တီးရီးယား၊ မှိုနှင့် ဖိုင်းရပ်စ်များ ကပ်ပါးပရိတ်ဗိုဝိုးများ၊ ပဋိဇီဝ ပိုးသတ်ဆေးများနှင့် ပဋိဇီဝယဉ်ပါးသော ရောဂါ ပိုးမွှားများ၊ အန္တရာယ်ရှိစေနိုင်သော ဓာတ်ကြွင်းများ၊ 17β estradiol နှင့် testosterone ဟော်မုန်းများ ဖြစ်သော အီစထရိုဂျင်နှင့် ဒိုင်အောက်ဇင် furans polychlorinated biphenyls နှင့် poly-cyclic aromatic hydrocarbons ကဲ့သို့သော ပိုးသတ်ဆေး များ ပါဝင်နိုင်သဖြင့် ကြက်ချေး၊ ဝက်ချေးတို့ကို အခြေပြုသော မြေဩဇာများကိုအသုံးပြုမည်ဆိုပါက လူနှင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေရန် သတိပြုသုံးစွဲသင့်ပါသည်။

ထို့ကြောင့် စိုက်ပျိုးရေးနှင့်အတူ မွေးမြူရေးကိုပါ တွဲဖက်လုပ်ကိုင်ပါက မွေးမြူရေးမှ ဝင်ငွေရရှိမည့် အပြင် မွေးမြူရေးမှထွက်သော တိရစ္ဆာန်ချေးများကို သဘာဝမြေဩဇာအဖြစ် အသုံးပြုနိုင်ခြင်းကြောင့် စိုက်ပျိုးရေးအတွက်လည်း များစွာအထောက်အကူ ပြုနိုင်ပါသည်။ သို့သော် တိရစ္ဆာန်စွန့်ပစ်ပစ္စည်းများ ကို စိုက်ပျိုးမြေဆီလွှာများတွင် သဘာဝမြေဩဇာ အဖြစ် အသုံးပြုရာ၌ စနစ်တကျအသုံးပြုရန်နှင့် ကောင်းစွာဆွေးမြည့်ပြီးမှသာ အသုံးပြုရန် လိုအပ် ပါသည်။

သို့ဖြစ်၍ စိုက်ပျိုးရေးဦးစီးဌာနသည် လယ်ယာ ထွက်သီးနှံအကြွင်းကျန်များ၊ နွားချေးများကို သဘာဝ မြေဩဇာအဖြစ် စနစ်တကျပြုလုပ်သုံးစွဲနိုင်ရေး၊ သစ်စိမ်းမြေဩဇာထည့်သွင်းခြင်း၊ ဓာတ်မြေဩဇာ များကို စနစ်တက္က၊ အချိန်ကိုက်၊ အချိုးညီ အသုံးပြု နိုင်ရေးနှင့် မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း များအတွက် ပညာပေးလုပ်ငန်းများကို ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါသည်။

အချုပ်အားဖြင့်ဆိုသော် သဘာဝမြေဩဇာ များသည် လယ်ယာလုပ်ငန်းခွင်တွင် အလွယ်တကူ ရရှိနိုင်ခြင်း၊ ဈေးနှုန်းသက်သာစွာ ရရှိနိုင်ခြင်း၊ မြေဆီလွှာအတွက် မြေဆီဩဇာဓာတ်ကို ရေရှည် ထိန်းသိမ်းထားနိုင်ခြင်း၊ မြေဆီဩဇာ ထက်သန်ခြင်း နှင့် သီးနှံများ အထွက်နှုန်းတိုးတက်စေရုံသာမက သီးနှံအရည်အသွေးပါ တိုးတက်စေခြင်းတို့ကြောင့် တောင်သူဦးကြီးတို့ဘဝ မြင့်မားစေဖို့ သဘာဝ မြေဩဇာကို ပိုမိုသုံးစွဲသင့်ပါကြောင်း နိဂုံးဆော် တိုက်တွန်းအပ်ပါသည်။ ။

စိုက်မွေး တန်ဖိုး ပြည့်ကောင်းကျိုး

- တစ်စေ့ ... နှစ်စေ့ ... သုံးလေးစေ့ မျိုးစေ့စုံညီ ၊ မြေတွင်မှိ၍ ပင်စည် ထွန်းသစ် "သီးနှံ"ဖြစ်။
- တစ်ကောင်...နှစ်ကောင်...သုံးလေးကောင် အကောင်မျိုးပြား ၊ ခြံတွင် ဖွား၍ တိုးပွားမျိုးသစ် "အသား" ဖြစ်။
- စိုက် - မွေး ဟူဘိ ၊ လူ၏ စပြု ၊ ဝမ်းကျောင်းမှုတည့် ယခုထက်တိုင် ၊ မပစ်နိုင်တည့် မဏ္ဍိုင်စီးပွား ၊ လုပ်ငန်းများတည့် သားငါးသီးနှံ ၊ ပြည့်ဖြိုးလျှံမှ နိုင်ငံရိက္ခာ ၊ ဖူလုံရာတည့် များစွာဦးရေ ၊ တိုးပွားနေချိန် ရေမြေတစ်စ ၊ မကျန်ရအောင် စိုက်ကြပျိုးကြ ၊ ပိုးတားကြစို့ မွေးကြမြူကြ ၊ ကုသကြစို့ သိပ္ပဖွေရှာ ၊ နည်းပညာကို ကောင်းစွာသုံးပြု၊ စိုက်မွေးမှုလျှင် လူ့ဘောင်အကျိုးပြုပေလိမ့် ။ ပြည့်ဝမ်းဗိုက်လျှင် ဖြိုးဝေစိမ့် ။

ကို (တက္ကသိုလ်)

ဘာသာပေါင်းစုချစ်ကြည်ညီညွတ်ရေးအဖွဲ့ ဒသမအကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၂

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ကို ထမ်းဆောင်လျက် ရှိကြသည့် တပ်မတော်သား အပေါင်းအား ဂုဏ်ပြုသောအားဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေး အဖွဲ့က ဒသမအကြိမ်မြောက် ဒါနဥပါရမီ စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့အမှတ်(၁) တပ်မတော် ဆေးရုံကြီး (ခုတင်-၁၀၀၀)၌ ကျင်းပသည်။

သွေးလှူဒါန်းပွဲသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ အမှတ်(၁)တပ်မတော် ဆေးရုံကြီး(ခုတင်-၁၀၀၀)တပ်မှူး၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုချစ်ကြည်ညီညွတ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝဏ္ဏ၊ ဗဟိုဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသည့် ဦးကျော်ဇင်လတ် (ဟိန္ဒူဘာသာ)၊ ဦးဗိုလ်ဗိုလ်မောင် (အစ္စလာမ်ဘာသာ) နှင့် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ဝင်များ တက်ရောက်ကြသည်။

စားသောက်ဖွယ်ရာပေးအပ်

ဦးစွာ သွေးလှူဒါန်းကြမည့် သွေးလှူရှင်များအား တပ်မတော် ဆေးတပ်ဖွဲ့ဝင်များက သွေးအမျိုးအစားခွဲပေးခြင်း၊ ကျန်းမာရေး စစ်ဆေးခြင်းများ ဆောင်ရွက်ပေးပြီး သွေးလှူဒါန်းကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်ကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှတ်(၁) တပ်မတော် ဆေးရုံကြီး (ခုတင်-၁၀၀၀) နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေး အဖွဲ့အတွက် အလှူငွေများပေးအပ်ရာ ဆေးရုံတပ်မှူးနှင့် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ ဥက္ကဋ္ဌတို့က လက်ခံရယူသည်။ **(အပေါ်ပုံ)** ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့သည် စုပေါင်း သွေးလှူဒါန်းပွဲကို လေးလတစ်ကြိမ် ကျင်းပလျက်ရှိရာ ယနေ့ကျင်းပသည့် ဒသမအကြိမ်မြောက် သွေးလှူဒါန်းပွဲတွင် သွေးအလှူရှင် ၂၂၇ ဦးက သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

ရထားလမ်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း နည်းပညာဆိုင်ရာ အထောက်အကူပြုအလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဧပြီ ၂

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက နိုင်ငံတော် ယာယီသမ္မတ၏ လမ်းညွှန်မှာကြားချက်အရ ရထားလမ်းပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်း နည်းပညာဆိုင်ရာ အထောက်အကူပြု အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် မြန်မာ့မီးရထား ရုံးချုပ် နေပြည်တော်ဘူတာကြီး ဝင်းအတွင်းရှိ ဘဝသံသရာခန်းမ၌ ကျင်းပသည်။ **(ယာဝုံ)**

အခမ်းအနားသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်၊ မြန်မာ့မီးရထား ဦးဆောင် ညွှန်ကြားရေးမှူးနှင့် အထွေထွေ မန်နေဂျာများ၊ အရာထမ်း အမှုထမ်းများနှင့် မြန်မာ့မီးရထားတိုင်း အသီးသီးမှ အရာထမ်းအမှုထမ်း များကလည်း Online ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက ရထားလမ်းပြုပြင် ထိန်းသိမ်းခြင်း လုပ်ငန်း နည်းပညာဆိုင်ရာ အထောက်အကူပြု အလုပ်ရုံ ဆွေးနွေးပွဲသို့ တက်ရောက်သူများကို အမှာစကား ပြောကြားသည်။

ထို့နောက် ရထားလမ်းပြုပြင် ထိန်းသိမ်းခြင်းလုပ်ငန်းနှင့် ပတ်သက်၍လည်းကောင်း၊ ရွှေညောင်ဘဝသံသရာတံတားနှင့်တောင်ကြီး ဘဝသံသရာတံတားတို့၏ ကွေ့နှစ်ခု နှိုင်းယှဉ်သုံးသပ်ချက်နှင့် ပတ်သက်၍ လည်းကောင်း၊ ရန်ကုန်မြို့ပတ် ရထားလမ်း၏ မြို့ပြ အင်ဂျင်နီယာပိုင်းဆိုင်ရာ လုပ်ငန်းများ ပြုပြင်ဆောင်ရွက်ခဲ့မှု အခြေအနေများနှင့် ပတ်သက်၍ လည်းကောင်း၊ အရှိန်အဟုန်ဖြင့် ပြောင်းလဲနေသော မြန်မာ့မီးရထား အတွက် ခေတ်မီစက်ယန္တရားများ ဖြင့် လမ်းပြုပြင်ထိန်းသိမ်းမှုကဏ္ဍ ခေါင်းစဉ်ဖြင့်လည်းကောင်း ဌာန အလိုက် သက်ဆိုင်ရာ အင်ဂျင်နီယာများက ဆွေးနွေးကြပြီး ဒုတိယဝန်ကြီးက ရထားလမ်းပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်း နည်းပညာဆိုင်ရာ အထောက်အကူပြု အလုပ်ရုံဆွေးနွေးပွဲများကို ပုံမှန်ပြုလုပ်သွားကြရန် မှာကြားသည်။

ဆွေးနွေး တင်ပြချက်များ အပေါ် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာသူများ၏ မေးမြန်းချက်များ ပြန်လည်ဆွေးနွေးသည်။

ရထားလမ်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း နည်းပညာဆိုင်ရာ အထောက်အကူပြု အလုပ်ရုံဆွေးနွေးပွဲသို့ အရာထမ်းအမှုထမ်း ၉၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

(၃၁-၃-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်း

	အမေရိကန်ဒေါ်လာ	တရုတ်ယွမ်	ထိုင်းဘတ်	အိန္ဒိယရူပီး
ငွေလဲလှယ်နှုန်း	၃,၆၅၈.၀၀	၅၅၇.၀၀	၁၂၅.၃၀	၄၃.၆၀
ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ	၁၃,၁၄၀,၆၇၁.၅၆	၇,၈၅၅,၂၅၀.၀၀	၂၇,၄၅၅,၉၁၆.၅၄	၁၁,၂၃၉,၆၂၁.၅၁
ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ	၃,၄၁၄,၄၂၉.၃၆		၄,၁၀၃,၃၂၈.၉၈	

- ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ဓာတ်မြေဩဇာ၊ တိရစ္ဆာန်အစာ၊ ဆေးနှင့် ဆေးဝါးပစ္စည်းကုန်ကြမ်းပစ္စည်း၊ အီလက်ထရောနစ်ပစ္စည်း၊ စက်မှုကုန်ကြမ်း၊ ကား/ဆိုင်ကယ်အပိုပစ္စည်း၊ စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်း၊ စားသုံးကုန်စည်နှင့် ထုပ်ပိုးမှုပစ္စည်းများ တင်သွင်းခြင်းအတွက် ရောင်းချပေးခဲ့ခြင်း ဖြစ်ပါသည်။
- ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးခဲ့သည့် ပမာဏမှာ အမေရိကန်ဒေါ်လာ ၂ သန်းအား LNG ကဏ္ဍသို့လည်းကောင်း၊ ကား/ဆိုင်ကယ် အပိုပစ္စည်းကဏ္ဍ၊ တိရစ္ဆာန်အစာနှင့် ပစ္စည်းကဏ္ဍ၊ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးကဏ္ဍ၊ စက်မှုကဏ္ဍ၊ ဆေးနှင့် ဆေးဝါးပစ္စည်းကဏ္ဍ၊ စားသောက်ကုန်ကြမ်းကဏ္ဍ၊ ပုံနှိပ်ပစ္စည်းကဏ္ဍ၊ လျှပ်စစ်ကဏ္ဍတို့သို့ အမေရိကန်ဒေါ်လာ ၁.၄၁ သန်းကိုလည်းကောင်း၊ ထိုင်းဘတ် ၄.၁၀ သန်းအား ဆောက်လုပ်ရေးကဏ္ဍ၊ စားသောက်ကုန်ကဏ္ဍနှင့် စက်မှုကဏ္ဍသို့လည်းကောင်း ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။

ကယားပြည်နယ်ဝန်ကြီးချုပ် ပညာရေးနှင့်သင်ပြန်ပညာဒီပလိုမာသင်တန်းများ၊ အခြေခံကွန်ပျူတာသင်တန်းဖွင့်လှစ်မှုနှင့် မဟာသင်္ကြန်ပွဲတော်တွင် ဖျော်ဖြေမည့်ယိမ်းအဖွဲ့များ ကြည့်ရှုအားပေး

လွိုင်ကော် ဧပြီ ၂

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးစိန်ဦးနှင့် ပြည်နယ်ဝန်ကြီးများသည် ယခုနေ့နံနက် ပိုင်းက ပညာရေးဒီဂရီကောလိပ်၌ ပညာရေးနှင့် သင်ပြန်ပညာ ဒီပလိုမာသင်တန်းအမှတ်စဉ် (၂) နှင့် ပညာရေးနှင့် သင်ပြန်ပညာ ဒီပလိုမာသင်တန်းအမှတ်စဉ် (၂/၂၀၂၆) ဒုတိယနှစ်ဝက် သင်တန်းများ ဖွင့်လှစ်သင်ကြားနေမှုကို ကြည့်ရှုအားပေးသည်။ (ယာဝုံ)

ထိုသို့ကြည့်ရှုစဉ် ပြည်နယ်ဝန်ကြီးချုပ်က သင်တန်းသူ ဆရာမများအနေဖြင့် မိမိတို့ ပြန်လည်သင်ကြားရမည့် ကျောင်းသားလူငယ်များ၏ ပညာရေးပိုင်းကိုသာမက စိတ်ဓာတ်စည်းကမ်းပိုင်းကို ပါ လေ့ကျင့်သင်ကြားပေးစေလိုကြောင်း၊ ပညာရေးဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်းသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်း၏ အခြေခံအုတ်မြစ်ဖြစ်သည့်အတွက် မိမိတို့ဆောင်ရွက်ရသည့် လုပ်ငန်းတာဝန်ကို အလေးထားဂုဏ်ယူစေလိုကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းများတွင် သင်တန်းသူဆရာမ ၅၃ ဦး တက်ရောက်လျက်ရှိပြီး သင်တန်းကာလ နှစ်လကြာမြင့်မည်ဖြစ်သည်။

ထို့နောက် ကွန်ပျူတာတက္ကသိုလ် (လွိုင်ကော်) သို့ သွားရောက်၍ အခြေခံပညာ ကျောင်းသား ကျောင်းသူများအတွက် အခြေခံကွန်ပျူတာသင်တန်းဖွင့်လှစ်သင်ကြားနေမှုကို ကြည့်ရှုအားပေးသည်။ အဆိုပါ ကွန်ပျူတာသင်တန်းကို သင်တန်းသား ၂၄ ဦးဖြင့် ဖွင့်လှစ်လျက်ရှိပြီး သင်တန်းကာလ တစ်လကြာမြင့်မည်ဖြစ်သည်။

ယင်းနောက် ၂၀၂၆ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်တွင် ကပြဖျော်ဖြေရန်နှင့် ပြိုင်ပွဲဝင်ရန်အတွက် လေ့ကျင့်ဆောင်ရွက်လျက်ရှိသည့် ယိမ်းအဖွဲ့များကို လုပ်ညှဉ်လည်ကြည့်ရှုအားပေးပြီး ပြည်နယ်ဝန်ကြီးချုပ်က ယိမ်းအဖွဲ့ဝင်များအား မြန်မာ့ရိုးရာယဉ်ကျေးမှုကို တန်ဖိုးထားမြှင့်တင်ခြင်းသည် မျိုးဆက်သစ်လူငယ်အားလုံး၏ တာဝန်ဖြစ်ပါကြောင်း၊ မြန်မာ့ရိုးရာမဟာသင်္ကြန်တွင် ပါဝင်ကပြဖျော်ဖြေခြင်းဖြင့် မိမိတို့ ယဉ်ကျေးမှုအနုပညာကို လက်ဆင့်ကမ်းထိန်းသိမ်းသွားရမည်ဖြစ်ကြောင်း၊ မကြာမီရောက်ရှိမည့် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကြီးမှာ လမ်းလျှောက်သင်္ကြန်၊ သနပ်ခါးသင်္ကြန်၊ ထမနဲသင်္ကြန်တို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်၍ ဖျော်ရွှင်စွာပါဝင်ဆင်နွှဲကြရန် ပြောကြားကာ အကနည်းပြုများနှင့် ယိမ်းအကအဖွဲ့ဝင်များထံ အာဟာရဖြည့်စွက်စာများ ပေးအပ်သည်။

ကယားပြည်နယ် အစိုးရအဖွဲ့က ကြီးမှူးကျင်းပမည့် ၂၀၂၆ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်တွင် ဌာနဆိုင်ရာ အသီးသီးမှ ယိမ်းအဖွဲ့ ၁၃ ဖွဲ့ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး ဖျော်ဖြေရေးယိမ်းများအပြင် ခေတ်ပေါ်တေးဂီတများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

❑ *ကျောပုံးမှ*

ဆိုင်ပေါင်း ၈၇၉ ဆိုင်တွင် Bar Code/ QR Code များကို Scan ဖတ်၍ ရောင်းချပေးသည့်စနစ်ဖြင့် ဆောင်ရွက်နိုင်ပြီဖြစ်ပါသည်။ ယခုသီတင်းပတ်မှစ၍ ပုသိမ်မြို့နှင့် ရန်ကုန်-ပြည်-မကွေးလမ်းမကြီးတစ်လျှောက်ရှိ မြို့များတွင် စတင် အသုံးပြုနိုင်တော့မည် ဖြစ်ပါသည်။

ယာဉ်တစ်စီးချင်းစီအတွက် စက်စွမ်းအားပေါ်မူတည်၍ စက်သုံးဆီပမာဏ သတ်မှတ်၍ ရောင်းချပေးနေရာတွင် အများပြည်သူသယ်ယူပို့ဆောင်ရေးကဏ္ဍနှင့် ကုန်စည်ပို့ဆောင်ရေးကဏ္ဍတို့တွင် အဆင်ပြေချောမွေ့စေရန် ရည်ရွယ်၍ Taxi ယာဉ်များ၊ သုံးဘီးယာဉ်များ၊ ကုန်တင်ယာဉ်များကို ပမာဏတိုးမြှင့်သတ်မှတ်ပေးထားပြီး တစ်ပတ်လျှင် ၃ ရက် ဆီဖြည့်တင်းနိုင်ရန် ခွင့်ပြုပေးလျက်ရှိပါသည်။

ယင်းအပေါ်တွင် အခွင့်ကောင်းယူ၍ မသမာမှုများ ပြုလုပ်နေသည့်အတွက် ပြည်သူများ ထိခိုက်နစ်နာစေမှု၊ စိတ်အနှောင့်အယှက်ဖြစ်စေမှုများ ဖြစ်ပေါ်နေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် အဆိုပါ ယာဉ်များကို မောင်းနှင်ခဲ့သည့် ခရီးအကွာအဝေးပေါ်တွင်သာ မူတည်၍ ဆီရောင်းချပေးသည့်စနစ်ကို ၃-၄-၂၀၂၆ ရက်နေ့မှ စတင်၍ ဆောင် ရွက်သွားမည်ဖြစ်ပါသည်။

လူတစ်ဦးချင်းစီ၏ အားနည်းချက်များ၊ မသမာမှုများကို နည်းပညာဖြင့် ထိန်းကျောင်းဆောင်ရွက်နေခြင်းဖြစ်ရာ ပြည်သူများ အနေဖြင့် အကြံဉာဏ်များပေးခြင်း၊ သတင်းပေးတိုင်ကြားခြင်းတို့ဖြင့် ပူးပေါင်းဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

စွမ်းအင်ဝန်ကြီးဌာန

အခမဲ့သုံးစွဲခွင့်ပြုပါရန် မူပိုင်ခွင့်ရှိသူများထံ မေတ္တာရပ်ခံပန်ကြားခြင်း

မြန်မာတစ်မျိုးသားလုံး အလေးအမြတ်ထားပြီး ဖျော်ရွှင်စွာဆင်နွှဲကြသည့် မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော်ကာလကို ယခင်နှစ်များနည်းတူ ၂၀၂၆ ခုနှစ်တွင်လည်း မြန်မာ့ရိုးရာအစဉ်အလာများနှင့် အညီ ဆင်နွှဲသွားမည်ဖြစ်ပါသည်။ ထိုသို့ဆင်နွှဲရာတွင် ဖျော်ဖြေမှုအနေဖြင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ / ဝန်ကြီးဌာနများအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့် ဌာနဆိုင်ရာများသည် မဟာသင်္ကြန်တေးသီချင်းများကို ဖျော်ဖြေသီဆိုမှုများ၊ တင်ဆက်ကပြမှုများကို ပြုလုပ်သွားမည်ဖြစ်ပါသည်။ ထိုသို့ နိုင်ငံတော်အစိုးရ ကိုယ်စားပြုလုပ်သည့် မြို့တော်ဝန်မဏ္ဍပ်များနှင့် နေပြည်တော်တွင် ကျင်းပပြုလုပ်မည့် လမ်းလျှောက်သင်္ကြန်မဏ္ဍပ်များတွင် သင်္ကြန်နှင့် သက်ဆိုင်သောတေးသီချင်းများဖြင့် သီဆိုဖျော်ဖြေမှုများအား မြန်မာ့အသံနှင့်ရုပ်မြင်သံကြားက အများပြည်သူသို့ အခမဲ့ထုတ်လွှင့်ပြသသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ရာ စီးပွားရေးအကျိုးအမြတ်အတွက်မဟုတ်ဘဲ အများပြည်သူဖျော်ဖြေရေးအတွက် ရည်ရွယ်ဆောင်ရွက်သော အထက်ပါ နေရာများ၌ သီဆိုဖျော်ဖြေခြင်း၊ ထုတ်လွှင့်ဖော်ပြခြင်းများတွင် ပါဝင်သည့် တေးသီချင်းများအား မေတ္တာဖြင့် အခမဲ့သုံးစွဲခွင့်ပြုနိုင်ပါရန် မူပိုင်ခွင့်ရှိသည့် ပညာရှင်ကြီးများကို လေးစားစွာမေတ္တာရပ်ခံ ပန်ကြားအပ်ပါသည်။

ထိုသို့ အသုံးပြုခွင့်ပေးသည့်အတွက် ပြန်ကြားရေးဝန်ကြီးဌာနက သက်ဆိုင်သည့် မူပိုင်ခွင့်ရှိသူ ပုဂ္ဂိုလ်တစ်ဦးချင်းစီအား အထူးပင် ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

ကြံခင်းမြို့၌ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ယိမ်းအဖွဲ့များ ကြိုတင်လေ့ကျင့်လျက်ရှိ

ကြံခင်း ဧပြီ ၂

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့၌ ၁၃၈၇ ခု ၂၀၂၆ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်တွင် မြန်မာ့ရိုးရာ ယဉ်ကျေးမှုလေ့ထုံးစံများနှင့်အညီ စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး ဌာနကိုယ်စားပြုယိမ်းများနှင့် ရုပ်ကွက်/ကျေးရွာယိမ်းအဖွဲ့များ ကြိုတင်လေ့ကျင့်မှုများကို သက်ဆိုင်ရာရုပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများ၊ အခြေခံပညာကျောင်းများနှင့် ဘုရားတန်ဆောင်းများတွင် လေ့ကျင့်လျက်ရှိကြသည်။

အဆိုပါ ယိမ်းအဖွဲ့များမှာ မဟာသင်္ကြန် ပွဲတော်ကာလအတွင်း ဗဟိုမဏ္ဍပ်၌ အလှည့်ကျ ဖျော်ဖြေကြမည့် ယိမ်းအဖွဲ့များဖြစ်ပြီး သင်္ကြန်တေးသံသာများ၊ အကအလှများကို အားသွန်ခွန်စိုက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ လည်းကောင်း၊ မွန်းလွဲ ၁ နာရီမှ ၃ နာရီအထိလည်း ကောင်း မြို့မရပ်ကွက်၊ ရွှေတောင်စုရပ်ကွက်၊ ရွာသစ်ရပ်ကွက်များရှိ သက်ဆိုင်ရာစုရပ်များတွင် နည်းပြဆရာများဖြင့် လေ့ကျင့်လျက်ရှိရာ ထိုသို့ လေ့ကျင့်မှုများအား ဌာနဆိုင်ရာများ၊ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးများက ကြီးကြပ်ပေးလျက်ရှိသည်။

ကြံခင်းမြို့၌ ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို ဗဟိုမဏ္ဍပ်၌ ဖျော်ဖြေရေးယိမ်းအဖွဲ့များမှ သီဆိုကပြဖျော်ဖြေခြင်း၊ လမ်းလျှောက်သင်္ကြန်ကျင်းပခြင်း၊ စတုဒိသာကျွေးမွေးလှူဒါန်းခြင်း၊ နှစ်ဆန်း ၁ ရက်တွင် ပရိတ်တရားတော်နာယူခြင်း၊ ဓီဝိတာဒါန ငါးလွှတ်ခြင်းများကိုလည်း စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည် ဖြစ်ကြောင်း မဟာသင်္ကြန်ပွဲတော် ဖြစ်မြောက်ရေးကော်မတီထံမှ သိရသည်။

ဖြိုးဝေလင်း(ပြန်/ဆက်)

အများအားဖြင့် သာယာမည်

နေပြည်တော် ဧပြီ ၂

မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်တွင် နေရာကျဲကျဲနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မိုး/၈လ

ကုန်သွယ်မှုပမာဏအများဆုံးစီးဆင်းရာ ဘားအံ-ကော့ကရိတ်-မြဝတီ(အာရှလမ်းပိုင်း) ပြန်လည်ဖွင့်လှစ်

နေပြည်တော် ဧပြီ ၂

ကရင်ပြည်နယ်၏ အဓိကဆက်သွယ်ရေးလမ်းမကြီးဖြစ်သော နိုင်ငံတကာဆက်သွယ်ရေးလမ်းမကြီး၊ မဟာမဲခေါင်ဒေသ (ခွဲ) အရှေ့ - အနောက် စီးပွားရေးစင်္ကြံ (Greater Mekong Sub-region East-West Economic Corridor) လမ်းပိုင်းတွင် ပါဝင်သည့် ဘားအံ-ကော့ကရိတ်-မြဝတီ အာရှလမ်းမကြီးကို ယနေ့နံနက်ပိုင်းတွင် ကရင်ပြည်နယ်အစိုးရအဖွဲ့ တာဝန်ရှိသူများ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်လင်းမောင်နှင့် တာဝန်ရှိသူများက ပြန်လည်ဖွင့်လှစ်ပေးသည်။

အဆိုပါလမ်းသည် အိမ်နီးချင်းထိုင်းနိုင်ငံနှင့် ကုန်သွယ်မှုပမာဏအများဆုံး စီးဆင်းရာ တိုင်းရင်းသားပြည်သူများ၏ အဓိက အသက်မွေးကြောင်းလမ်းမကြီးဖြစ်ပြီး ဘားအံမြို့နယ် ဒူးရင်းဆိပ်ကျေးရွာမှ မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတားအမှတ်(၁)ထိ ၁၆၅ ဒသမ ၃၆၀ ကီလိုမီတာ ရှည်လျားကာ အဆိုပါလမ်းကြောင်းပေါ်တွင် အကြမ်းဖက် သောင်းကျန်းသူများ၏ တိုက်ပွဲဖော်ဆောင်မှု၊ လမ်းသားများ တူးထုတ်ဖျက်ဆီး၍ လမ်းတံတားများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှု၊ ကုန်စည်စီးဆင်းမှုနှင့် ခရီးသွားပြည်သူများအား အကြမ်းဖက်နှောင့်ယှက် ဟန့်တားမှုတို့ကြောင့် အသုံးပြုသွားလာနိုင်ခြင်းမရှိခဲ့ဘဲ ယခုအခါ တပ်မတော်စစ်ကြောင်းများက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်နေကြသော အကြမ်းဖက် သောင်းကျန်းသူများကို ထိထိရောက်ရောက် ချေမှုန်းနိုင်ခဲ့ပြီး နယ်မြေစိုးမိုးမှုပြန်လည် ရရှိခဲ့သည့်အတွက် ပျက်စီးသွားသော လမ်း/တံတားများအား ပြည်ထောင်စု၊ ပြည်နယ်ရန်ပုံငွေများဖြင့် ပြန်လည် ပြုပြင်ပြီးစီး၍ ယနေ့ ဖွင့်လှစ်ခဲ့ခြင်း ဖြစ်သည်။

လမ်းဖွင့်ပွဲတွင် ကရင်ပြည်နယ် အစိုးရအဖွဲ့ တာဝန်ရှိသူက အဖွင့်အမှာစကားပြောကြားပြီး အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးက ဘားအံ-ကော့ကရိတ်-မြဝတီ (အာရှလမ်းမကြီး) လမ်းပိုင်းအား ဖွင့်လှစ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့မှုအခြေအနေများကို ရှင်းလင်းပြောကြား၍ ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ကရင်ပြည်နယ် အစိုးရအဖွဲ့ တာဝန်ရှိသူ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် တာဝန်ရှိသူများက အဆိုပါလမ်းပိုင်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး(**အပေါ်ပုံ**) ဖွင့်ပွဲတွင် ပါဝင်အားဖြည့် ကူညီပေးကြသည့် ဘင်ခရာ၊ ပန်းဖွားအဖွဲ့များနှင့် ယဉ်ကျေးမှုအဖွဲ့များအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။ ထို့နောက် ဘားအံမြို့မှ မြဝတီမြို့သို့ သွားရောက်ကြမည့် ခရီးသည်တင်ယာဉ်များ၊ ကုန်ပစ္စည်းတင်ယာဉ်များနှင့် အိမ်စီးကားများ ဖြတ်သန်းသွားလာမှုကို ကြည့်ရှုအားပေးခဲ့ကြပြီး အချိုရည်နှင့် မုန့်များ ဝေငှပေးကြသည်။

ယနေ့ ဘားအံ-ကော့ကရိတ်-မြဝတီ အာရှလမ်းမကြီး ဖွင့်လှစ်ခဲ့ပြီး ယနေ့ ညနေ ၅ နာရီခွဲအထိ စာရင်းများအရ ဘားအံမြို့မှ မြဝတီမြို့သို့ သွားရောက်ကြမည့် ခရီးသည်တင်ယာဉ်များ၊ ကုန်ပစ္စည်းတင်ယာဉ်များနှင့် အိမ်စီးကားများ စုစုပေါင်း ၂၆၉ စီးနှင့် မြဝတီမြို့မှ ဘားအံမြို့သို့ သွားရောက်ကြမည့် ခရီးသည်တင်ယာဉ်များ၊ ကုန်ပစ္စည်းတင်ယာဉ်များနှင့် အိမ်စီးကားများ စုစုပေါင်း ၃၇၁ စီး၊ ကားအစီးရေစုစုပေါင်း ၆၄၀ တို့သည် လမ်းမကြီးတစ်လျှောက်ဖြတ်သန်းသွားလာခဲ့ကြကြောင်း သိရသည်။

ထိုသို့ ဘားအံမြို့နှင့် မြဝတီမြို့တို့မှ ထွက်ခွာရောက်ရှိလာကြသော မော်တော်ယာဉ်များကို ကော့ကရိတ်မြို့နယ် တံတားကျိုး စုပေါင်းစစ်ဆေးရေးစခန်း၌ တပ်မတော်/မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ အကောက်ခွန်အစရှိသော ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည့်စစ်ဆေးမှုများကို ဆောင်ရွက်၍ အများပြည်သူ စိတ်အေးချမ်းသာစွာ သွားလာနိုင်ရေးနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်လွယ်ကူစေရေးတို့အတွက် ကူညီဆောင်ရွက်ပေးကြသည်။

အလားတူ ဘားအံ-ကော့ကရိတ်-မြဝတီ(အာရှလမ်း)လမ်းပိုင်းကို အသုံးပြုသွားလာသူများ ဘေးအန္တရာယ်ကင်းရှင်းရေး၊ စိတ်အေးချမ်းသာစွာသွားလာနိုင်ရေးအတွက် ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် မြဝတီမြို့ မြသုခတပ်ဦးကျောင်းတိုက်ဆရာတော် အမှူးပြုသော သံဃာတော်များက အာရှလမ်းထိပ် သဃ်နိုးညီနောင်ကျေးရွာ၊ ဈေးကုန်းရပ်၌ အန္တရာယ်ကင်းပရိတ်တရားတော်များကို ရွတ်ဖတ်သရဏဂုဏ်၍ သဃ်နိုးညီနောင် ကျေးရွာမှ ကော့ကရိတ်မြို့နယ် လှိုင်ဝကျေးရွာအထိ အာရှလမ်းမကြီး တစ်လျှောက် မော်တော်ယာဉ်များဖြင့် အန္တရာယ်ကင်း ပရိတ်တရားတော်များကို ရွတ်ဖတ်သရဏဂုဏ်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် ကုန်စည်များအဆင်ပြေစွာ သယ်ယူပို့ဆောင်နိုင်ရေးအတွက် ပါဆယ်ရထားတွဲများချိတ်ဆက်ပြေးဆွဲပေးမည်

နေပြည်တော် ဧပြီ ၂

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် နိုင်ငံတော်ယာယီသမ္မတ၏ လမ်းညွှန်ချက်အရ ခရီးသွားပြည်သူများ လွယ်ကူအဆင်ပြေစွာသွားလာနိုင်ရေးနှင့် ကုန်စည်များအား ဈေးနှုန်းသက်သာစွာသယ်ယူပို့ဆောင်နိုင်ရေးအတွက် ရန်ကုန်မြို့ပတ်လမ်းပိုင်းတွင် ဘက်ထရီလျှပ်စစ်စက်ခေါင်း ပြောင်းလဲအသုံးပြုပြေးဆွဲခြင်း၊ ရန်ကုန်-မန္တလေးလမ်းပိုင်းနှင့် ရန်ကုန်-မော်လမြိုင်လမ်းပိုင်းတို့တွင် စားသောက်ကုန်ပစ္စည်းများ ဦးစားပေးသယ်ဆောင်နိုင်ရန် အထူးပါဆယ်ရထားများ စတင်ချိတ်ဆက်ပြေးဆွဲခြင်းနှင့် ရန်ကုန်-ပြည်လမ်းပိုင်း၊ သာစည်-ရွှေညောင်-တောင်ကြီးလမ်းပိုင်းတို့တွင် ပြေးဆွဲနေသော လူစီးရထားများ၌ ပါဆယ်တွဲများ တိုးမြှင့်ချိတ်ဆက်ခြင်းများ ဆောင်ရွက်သွားမည် ဖြစ်သည်။

ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်း၌ BEL စက်ခေါင်းဖြင့် ရိုးရိုးတန်း လေးတွဲ၊ ဘရိတ်တွဲ တစ်တွဲ ပါရှိသော "ဂ" အဆက်ရထားတွဲဆိုင်းအား မတ် ၂၅ ရက်တွင် စတင်ပြေးဆွဲပေးခဲ့ပြီး ရန်ကုန်မြို့နေ ခရီးသွားပြည်သူများ ပိုမိုလွယ်ကူအဆင်ပြေစွာသွားလာနိုင်ရေးအတွက် BEL စက်ခေါင်းဖြင့် ရိုးရိုးတန်း လေးတွဲ၊ ဘရိတ်တွဲ တစ်တွဲဖြင့် "ခ" အဆက်ရထားတွဲဆိုင်းအား ဧပြီ ၄ ရက်မှစ၍ ထပ်မံတိုးချဲ့ပြေးဆွဲသွားမည် ဖြစ်သည်။

ရန်ကုန်-မန္တလေးလမ်းပိုင်းတွင် အမှတ်(၃၅)အဆန်၊ အမှတ်(၃၆) အစုန် အထူးပါဆယ်ရထားအား ပါဆယ်တွဲ ၁၀ တွဲနှင့် ဘရိတ်တွဲ တစ်တွဲ ချိတ်ဆက်၍ လမ်းခရီးတွင် ပဲခူး၊ ဒိုက်ဦး၊ ညောင်လေးပင်၊ ကျောက်တံခါး၊ ပဲခွေယ်ကုန်း၊ ဖြူး၊ တောင်ငူ၊ မြို့လှ၊ ပျဉ်းမနား၊ နေပြည်တော်၊ တပ်ကုန်း၊ ရမည်းသင်း၊ ပျော်ဘွယ်၊ သာစည်၊ သဲတော၊ မြစ်သား၊ ကျောက်ဆည်ဘူတာများတွင် ရပ်တန့်မည်ဖြစ်ပြီး တစ်ခေါက်လျှင် ကုန်စည် ၁၅၁၇၀၀ ပိသာ (၂၄၃ တန်)ကို တင်ဆောင်နိုင်ပြီး အစုန်/အဆန် ခရီးစဉ်အား ခေါက်ပြန်စနစ်ဖြင့် ဧပြီ ၄ ရက်မှစတင်၍ ပြေးဆွဲပေးမည်ဖြစ်သည်။

အလားတူ ရန်ကုန်-မော်လမြိုင်လမ်းပိုင်းတွင် အမှတ်(၈၅) အဆန်၊ အမှတ်(၈၆)အစုန် အထူးပါဆယ်ရထားအား ပါဆယ်တွဲ ကိုးတွဲ၊ ဘရိတ်တွဲတစ်တွဲ ချိတ်ဆက်၍ လမ်းခရီးတွင် ပဲခူး၊ ဓော၊ သိမ်ဗရမ်၊ ကျိုက်ထို၊ တောင်စွန်း၊ နှင်းပုလဲ၊ သထုံ၊ ပေါင် ဘူတာများတွင် ရပ်တန့်မည်ဖြစ်ပြီး တစ်ခေါက်လျှင် ကုန်စည်ပိသာ ၁၂၈၂၀၀ (၂၀၆ တန်) ကိုတင်ဆောင်နိုင်ပြီး အစုန်/အဆန်ခရီးစဉ်အား ခေါက်ပြန်စနစ်ဖြင့် ဧပြီ ၄ ရက်မှစတင်၍ ပြေးဆွဲပေးမည်ဖြစ်သည်။

ထို့အပြင် ဧပြီ ၃ ရက်မှစတင်၍ ရန်ကုန်-ပြည် ရထားလမ်းပိုင်းတွင် ပြေးဆွဲနေသော အမှတ်(၆၃) အဆန်၊ အမှတ်(၆၄) အစုန် စာပို့ရထားများတွင် ပါဆယ်တွဲ သုံးတွဲစီ ချိတ်ဆက်၍ တစ်ခေါက်လျှင် ကုန်စည်ပိသာ ၃၀၆၀၀ ကို လည်းကောင်း၊ သာစည်-ရွှေညောင်-တောင်ကြီး ရထားလမ်းပိုင်း၌ ပြေးဆွဲနေသော အမှတ် (၁၄၁) အဆန်၊ အမှတ်(၁၄၂) အစုန် စာပို့ရထားများတွင် ပါဆယ်တွဲ နှစ်တွဲစီ ချိတ်ဆက်၍ တစ်ခေါက်လျှင် ကုန်စည်ပိသာ ၂၅၂၀၀ ကိုလည်းကောင်း ပိုမိုတင်ဆောင်နိုင်မည် ဖြစ်သည်။

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားအနေဖြင့် နိုင်ငံတော်ယာယီသမ္မတ၏ လမ်းညွှန်မှာကြားချက်အရ ကုန်စည်များ သယ်ယူပို့ဆောင်ခကြီးမြင့်မှုကြောင့် ကုန်ဈေးနှုန်းများ မြင့်တက်လာမှုမရှိစေရန်၊ အများပြည်သူသုံးသယ်ယူပို့ဆောင်ရေးလုပ်ငန်းဖြစ်သည့် မီးရထားဖြင့် ပို့ဆောင်မှုများကို အဓိကထားအသုံးပြု၍ သယ်ယူပို့ဆောင်သွားကြရန်၊ ကုန်စည်များ လွယ်ကူအဆင်ပြေစွာ များများနှင့် မြန်မြန် သယ်ယူပို့ဆောင်နိုင်ရန်၊ ကုန်ကျစရိတ်သက်သာစေရန်နှင့် စက်သုံးဆီသုံးစွဲမှု လျော့ချနိုင်ရန်ရည်ရွယ်၍ ရထားများ တိုးချဲ့ချိတ်ဆက်ပြေးဆွဲပေးခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

ခံတွင်းကျန်းမာမှ လူကျန်းမာမည်

(ဒေါက်တာငြိမ်းချမ်းအေး၊ သွားကျန်းမာ)

“အာရောဂျံ ပရမံ လာဘံ” ကျန်းမာခြင်းသည်လာဘ်တစ်ပါးဟု ဆိုရိုးရှိသည်နှင့်အညီ လောကတွင် ကျန်းမာရေးပြည့်စုံကောင်းမွန်ခြင်းသည် ဘုရားပေးသော ဆုလာဘ်တစ်ပါးဖြစ်ပါသည်။ ထို့ကြောင့် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် လူတိုင်းသက်တမ်းစေ့ အသက်ရည်စွာ နေထိုင်နိုင်ရေးနှင့် လူတိုင်းရောဂါဘယကင်းရှင်းရေးတို့ကို ရည်မှန်းချက်ထား၍ အဆင့်အတန်းမြင့်မားသော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ရာတွင် ကျေးလက်ဒေသအောက်ခြေအထိ ကျန်းမာရေးအသိပညာပေးခြင်း၊ ရောဂါကာကွယ်တားဆီးခြင်း၊ ရောဂါဖြစ်ပွားလာလျှင် ထိရောက်စွာ ကုသပေးခြင်း၊ ကျန်းမာရေးလူစွမ်းအား အရင်းအမြစ်များ မွေးထုတ်ခြင်း၊ ဆေးသုတေသနလုပ်ငန်းများ၊ တိုင်းရင်းဆေးပညာ တိုးတက်မြင့်မားစေရေးလုပ်ငန်းများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးလုပ်ငန်းများကို ဦးစီးဌာန ခြောက်ခု ဖြင့် အထူးအလေးပေးပြီး စနစ်တကျ ဆောင်ရွက်လျက်ရှိပါသည်။

ခံတွင်းကျန်းမာမှ လူကျန်းမာမည်

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အရေးကြီးပြီး အချို့သောရောဂါများ၏ အစပြုရာနေရာဖြစ်သည့် သွားနှင့်ခံတွင်းကျန်းမာရေးကိုလည်း အထူးအလေးထား ဆောင်ရွက်ပေးလျက်ရှိပါသည်။ ခံတွင်းကျန်းမာမှ လူကျန်းမာမည် (No Health without Oral Health) ဆိုသော ဆောင်ပုဒ်နှင့်အညီ သွားနှင့်ခံတွင်းရောဂါများဖြစ်သည့် သွားပိုးစားရောဂါ၊ သွားဖုံးရောဂါနှင့် ခံတွင်းကင်ဆာရောဂါများသည် အထွေထွေရောဂါများဖြစ်သည့် နှလုံးနှင့် သွေးကြောရောဂါ၊ ဆီးချိုသွေးချိုရောဂါနှင့် ကင်ဆာရောဂါများကဲ့သို့ပင် ဆေးနှင့် ဆေးရွက်ကြီး၊ အရက်၊ သင်္ကြားနှင့် အာဟာရတန်ဖိုးနည်းပါးသည့် အစားအစာများကြောင့် ဖြစ်ပွားရခြင်းဖြစ်ပါသည်။ ပုံမှန်အားဖြင့် လူ့ခံတွင်းတွင် ရောဂါပိုးပေါင်း ၅၀၀ ကျော်ရှိပြီး ရောဂါဖြစ်စေသောပိုးနှင့် အကျိုးပြုပိုးမွှားများသည် ညီညွတ်မျှတစွာရှိနေသဖြင့် ရောဂါဖြစ်ပွားမှုမရှိခြင်းဖြစ်ပါသည်။ အဆိုပါမျှခြေအနေအထား ပျက်ယွင်းသွားပါက သွားနှင့်ခံတွင်းကျန်းမာရေးထိခိုက်မှုရှိလာပြီး နောက်ဆက်တွဲအနေဖြင့် နှလုံးနှင့် သွေးကြောကျဉ်းရောဂါ၊ မှတ်ဉာဏ်ချို့ယွင်းအားနည်းခြင်း၊ အဆုတ်ရောဂါဝေဒနာများ၊ သွေးချိုဆီးချို ရောဂါ၊ သားပျက်သားလျှော့ခြင်း၊ ကလေးအသေမွေးခြင်း၊ လမဇော်ဘဲမွေးဖွားခြင်း၊ ကိုယ်အလေးချိန်မပြည့်သောကလေးများ မွေးဖွားခြင်းနှင့် မွေးရာပါနှလုံးရောဂါဝေဒနာရှင် ကလေးများမွေးဖွားခြင်း၊ သန္ဓေမအောင်ခြင်း၊ ကင်ဆာရောဂါ၊ ကျောက်ကပ်ရောဂါ၊ နာတာရှည်အဆစ်ရောင်ရောဂါနှင့် အမျိုးသားများ ပန်းသေခြင်း စသည့်ဆိုးကျိုးများကို ကြုံတွေ့ခံစားရမည်ဖြစ်ပါသည်။

သွားနှင့်ခံတွင်းကျန်းမာရေးတွင် သွားဖုံးရောင်ရမ်းခြင်း၊ သွားဖုံးမွေးထွက်ခြင်းဖြစ်ပွားရာ ခံတွင်းထဲတွင်ရှိသော ရောဂါပိုးများသည် သွားဖုံးရှိပေါက်ပြဲသွားသော သွေးကြောများအတွင်းသို့ ဝင်ရောက်ပြီး သွေးကြောနံရံများကို ရောင်ရမ်းပျက်စီးစေပါသည်။ အဆိုပါ ပျက်စီးနေသောသွေးကြောနံရံများကို ခန္ဓာကိုယ်၏ကိုယ်ခံစွမ်းအားစနစ်မှ တုံ့ပြန်ပြုပြင်မွမ်းမံရာတွင် ကျန်းမာရေးကိုထိခိုက်စေနိုင်သော အခြေအနေဖြစ်သည့် သွေးကြောနံရံများ ထူထဲမာကြောလာလေ့ရှိပါသည်။ ထို့ကြောင့် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကျန်းမာရေးအတွက်အရေးကြီးသော သွားနှင့်ခံတွင်းကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်ဘဏ္ဍာငွေများ တိုးမြှင့်ကျခံသုံးစွဲကာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အဆင့်မြှင့်တင်ခဲ့ပါသည်။

> **“ခံတွင်းကျန်းမာမှ လူကျန်းမာမည် (No Health without Oral Health) ဆိုသော ဆောင်ပုဒ်နှင့်အညီ သွားနှင့်ခံတွင်းရောဂါများဖြစ်သည့် သွားပိုးစားရောဂါ၊ သွားဖုံးရောဂါနှင့် ခံတွင်းကင်ဆာရောဂါများသည် အထွေထွေရောဂါများဖြစ်သည့် နှလုံးနှင့် သွေးကြောရောဂါ၊ ဆီးချိုသွေးချိုရောဂါနှင့် ကင်ဆာရောဂါများကဲ့သို့ပင် ဆေးနှင့် ဆေးရွက်ကြီး၊ အရက်၊ သင်္ကြားနှင့် အာဟာရတန်ဖိုးနည်းပါးသည့် အစားအစာများကြောင့် ဖြစ်ပွားရခြင်းဖြစ်”**

ပုံမှန်အားဖြင့် လူ့ခံတွင်းတွင် ရောဂါပိုးပေါင်း ၅၀၀ ကျော်ရှိပြီး ရောဂါဖြစ်စေသောပိုးနှင့် အကျိုးပြုပိုးမွှားများသည် ညီညွတ်မျှတစွာရှိနေသဖြင့် ရောဂါဖြစ်ပွားမှုမရှိခြင်းဖြစ်ပါသည်။ အဆိုပါ မျှခြေအနေအထား ပျက်ယွင်းသွားပါက သွားနှင့်ခံတွင်းကျန်းမာရေး ထိခိုက်မှုရှိလာပြီး နောက်ဆက်တွဲအနေဖြင့် နှလုံးနှင့် သွေးကြောကျဉ်းရောဂါ၊ မှတ်ဉာဏ်ချို့ယွင်းအားနည်းခြင်း၊ အဆုတ်ရောဂါဝေဒနာများ၊ သွေးချိုဆီးချို ရောဂါ၊ သားပျက်သားလျှော့ခြင်း၊ ကလေးအသေမွေးခြင်း၊ လမဇော်ဘဲမွေးဖွားခြင်း၊ ကိုယ်အလေးချိန်မပြည့်သောကလေးများ မွေးဖွားခြင်းနှင့် မွေးရာပါနှလုံးရောဂါဝေဒနာရှင် ကလေးများမွေးဖွားခြင်း၊ သန္ဓေမအောင်ခြင်း၊ ကင်ဆာရောဂါ၊ ကျောက်ကပ်ရောဂါ၊ နာတာရှည်အဆစ်ရောင်ရောဂါနှင့် အမျိုးသားများ ပန်းသေခြင်း စသည့်ဆိုးကျိုးများကို ကြုံတွေ့ခံစားရမည်

ပြည်သူများ စိတ်အေးချမ်းသာစွာ ကုသမှုခံယူနိုင်ပြီ

ယခင်က သွားနှင့်ခံတွင်းကျန်းမာရေးကိစ္စရပ်များအတွက် ပြည်သူ့ဆေးရုံများတွင် ပြင်ပလူနာအနေဖြင့်သာ ဝန်ဆောင်မှုပေးနေရာမှ နေ့ပြည်တော်တွင် ပထမဆုံး သွားနှင့်ခံတွင်း အထူးကုဆေးရုံကြီးအဖြစ် သွားဘက်ဆိုင်ရာရောဂါကုသမှုများကို One Stop Service အနေဖြင့် ဆောင်ရွက်ခဲ့ပါသည်။ ထို့ပြင် ၂၀၂၃ ခုနှစ်တွင် ရန်ကုန်သွားနှင့်ခံတွင်းအထူးကုဆေးရုံ (သာကေတ)၊ ၂၀၂၄ ခုနှစ်တွင် မန္တလေး သွားနှင့်ခံတွင်းအထူးကုဆေးရုံ (ကန်တော်နဒီ)နှင့် ရန်ကုန် တက္ကသိုလ်များဆေးရုံတို့တွင် သွားနှင့်ခံတွင်းအထူးကုဌာနများ အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ပြီး သွားနှင့်ခံတွင်းလူနာများကို အရည်အသွေးမြင့်မားသည့် ကျန်းမာရေးစောင့်ရှောက်မှုများကို ဝန်ဆောင်မှုကောင်းကောင်းဖြင့် ပေးအပ်နိုင်ခဲ့သည့်အတွက် ပြည်သူများ စိတ်အေးချမ်းသာစွာ ကုသမှုခံယူနိုင်ပြီဖြစ်ပါသည်။ အဆိုပါသွားဆေးရုံများ၌ စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များတွင်ပါ သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိပါသည်။ ထို့ပြင် ရန်ကုန်မြို့ရှိ မင်္ဂလာဒုံကူးစက်ဆေးရုံကိုလည်း ရန်ကုန်သွားနှင့်ခံတွင်း အထူးကုဆေးရုံ(မင်္ဂလာဒုံ) အဖြစ် တိုးချဲ့ဖွင့်လှစ်နိုင်ရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိရာ မကြာမီအချိန်အတွင်းမှာပင် ပြည်သူများကို သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုဆောင်ရွက်ပေးနိုင်တော့မည် ဖြစ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် လူတိုင်းလက်လှမ်းမီသော ကျန်းမာရေးစောင့်ရှောက်မှု (Universal Health Coverage) ရရှိနိုင်ရေးအတွက် ဆေးရုံများတွင် လူနာများ ဆေးကုသစရိတ်လျော့နည်းသက်သာစေရန် ကုသမှုတိုင်းကို အခမဲ့နီးပါး ဆောင်ရွက်ပေးနေသည့်အပြင် လူနာများအနေဖြင့် စရိတ်ကုန်ကျမှုမရှိစေရန် ဝေးလံခက်ခဲသည့် ဒေသများအထိ နယ်လှည့်ကွင်းဆင်းဆေးကုသခြင်း လုပ်ငန်းများ(သွားနှင့်ခံတွင်းကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအပါအဝင်) ဆောင်ရွက်ပေးလျက်ရှိပါသည်။ ပြည်သူများအား သွားနှင့်ခံတွင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု တိုးတက်ဖြည့်ဆည်းပေးနိုင်ရေးအတွက် ကွင်းဆင်းဆေးကုသခြင်းလုပ်ငန်းများ၊ ကျောင်းကျန်းမာရေးလုပ်ငန်းများကို ပြည်သူ့ဆေးရုံများ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်များမှ သွားဆရာဝန်များသည် အတူတကွ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

ကျန်းမာရေးဝန်ဆောင်မှုများ အပြည့်အဝပေးနိုင်ရေး အလုပ်များခန့်အပ်တာဝန်ပေး

ကိုဗစ်-၁၉ ကပ်ရောဂါနှင့်အတူ ၂၀၂၁ ခုနှစ်တွင် ဖြစ်ပေါ်ခဲ့သောအခြေအနေများကြောင့် သွားကျန်းမာရေး လူစွမ်းအားအရင်းအမြစ်များလျော့နည်းခဲ့ရာ အဆိုပါလိုအပ်ချက်များကို အမြန်ဆုံး ကုစားဖြည့်တင်းပေးနိုင်ရေးအတွက် ကျန်းမာရေးလူစွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်များမှ အရည်အချင်းပြည့်ဝသည့် သွားဘက်ဆိုင်ရာဆရာဝန်များ၊ သွားကျန်းမာရေးစောင့်ရှောက်သူ သူနာပြုဆရာမများ၊ သွားတုကျွမ်းကျင်သူများကို မွေးထုတ်ပေးနေသကဲ့သို့ ကုသရေးဦးစီးဌာနကလည်း သွားကျန်းမာရေး အကူသူနာပြုများ၊ လက်ထောက်သွားတုကျွမ်းကျင်သူများကို ဆေးရုံလုပ်ငန်းအခြေပြု သင်တန်းများဖွင့်လှစ်မွေးထုတ်ကာ ကျန်းမာရေးဝန်ဆောင်မှုများ အပြည့်အဝပေးနိုင်ရေးအတွက် အလုပ်များခန့်အပ်တာဝန်ပေးခဲ့ခြင်းကြောင့် လက်ရှိတွင် သွားနှင့်ခံတွင်းကျန်းမာရေးစောင့်ရှောက်မှုမှာ ယခင်ထက်သာလွန်စွာ ဆောင်ရွက်ပေးနိုင်ခဲ့ပြီဖြစ်ပါသည်။

၂၀၂၃ ခုနှစ်တွင် နိုင်ငံတော်အစိုးရ၏ ပံ့ပိုးမှုဖြင့် ကျန်းမာရေးဝန်ကြီးဌာနက ဦးဆောင်ကျင်းပခဲ့သော သွားဘက်ဆိုင်ရာဆေးပညာညီလာခံတွင် အကြံပြုတင်ပြဆွေးနွေးခဲ့သည့် Digital Dentistry ကို ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ချက်ချင်းလက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပြီး သွားကျန်းမာရေးစောင့်ရှောက်မှု ကဏ္ဍကို နိုင်ငံတကာအဆင့်အတန်းမီစွာ ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ပါသည်။ ခေတ်မီသွားတုပြုလုပ်ခြင်းဆိုင်ရာနည်းစနစ် (Digital Dentistry Lab) များအဖြစ် နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ရှိ သွားနှင့်ခံတွင်းဆိုင်ရာ အထူးကုဆေးရုံများတွင် တည်ထောင်ဖွင့်လှစ်ထားပြီး တစ်နိုင်ငံလုံးသို့ ဝန်ဆောင်မှုဖြန့်ဝေနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ လက်ရှိအဆိုပါဆေးရုံများတွင် အငြိမ်းစားဝန်ထမ်းများနှင့် သက်ကြီးဘိုးဘွားများ အာဟာရပြည့်ဝစွာ စားသောက်နိုင်ရေးအတွက် သွားတုများကို အခမဲ့တပ်ဆင်ပေးလျက်ရှိပါသည်။ ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ပံ့ပိုးမှုဖြင့် သွားတုတပ်ဆင်ခြင်း အခမဲ့ဝန်ဆောင်မှုကို မြန်မာနိုင်ငံတွင် ၂၀၂၃ ခုနှစ်မှစ၍ ဝန်ဆောင်မှုပေးလျက်ရှိပါသည်။

ကိုယ်ဝန်ဆောင်များတွင် သွားကျန်းမာရေးကြောင့် ဖြစ်ပေါ်တတ်သော ဆိုးကျိုးများကို လျော့နည်းကျဆင်းစေရေးအတွက်လည်း ကိုယ်ဝန်ဆောင်မိခင်များနှင့် မီးဖွားပြီးကလေးမိခင်များ၏ ခံတွင်း သန့်ရှင်းကျန်းမာရေးကောင်းမွန်စေရန်အတွက်လည်း ပြည်သူ့ဆေးရုံများရှိ သွားဆေးခန်းများတွင် မဖြစ်မနေဆောင်ရွက်ပေးရန် လုပ်ငန်းလမ်းညွှန်ချမှတ်ပေးထားပြီးဖြစ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတစ်ဝန်းရှိ မွေးရာပါနှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများကိုလည်း ဆေးရုံကြီးများတွင် အခမဲ့ခွဲစိတ်ကုသပေးခြင်း၊ မွေးရာပါနှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ကလေးငယ်များ မူလတန်းကျောင်းမတက်မီ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲခြင်းကို ပြုပြင်ခွဲစိတ်ပေးခြင်းနှင့် ထိုကလေးငယ်နှင့် မိသားစုများ၏ လူမှုရေးအခက်အခဲများကို ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ကြီးဌာနသည် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

ကျန်းမာရေးဝန်ကြီးဌာနက ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် ကဏ္ဍစုံတွင် အချိုးညီတိုးတက်ဖွံ့ဖြိုးအောင် ဆောင်ရွက်ပေးလျက်ရှိရာ သွားနှင့်ခံတွင်းကျန်းမာရေးစောင့်ရှောက်မှုတွင် ယခုထက်ပိုမိုတိုးတက်ကောင်းမွန်သော ဝန်ဆောင်ကုသမှုများ ပေးအပ်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရ၏ ပံ့ပိုးဖြည့်ဆည်းမှု၊ ပြည်သူတစ်ရပ်လုံး၏ ပူးပေါင်းကူညီမှုများဖြင့် လူတိုင်းရောဂါဘယကင်းရှင်းပြီး သက်တမ်းစေ့နေနိုင်အောင် အစဉ်ကြိုးစား ဆောင်ရွက်ပေးလျက်ရှိပါကြောင်း တင်ပြအပ်ပါသည်။ ။

မြစ်ကြီးနားမြို့ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် ဧပြီ ၂

တပ်မတော်အနေဖြင့်ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ တိုးတက်မြင့်မားစေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်ပေးမှုများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက် ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား မင်္ဂလာသုခ ကျောင်းတိုက်၌ အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာ ဆေးကုသရေးအဖွဲ့က သံဃာတော်အပါး ၃၀ တို့အား ခွဲစိတ်ကုသမှု ဆိုင်ရာ ရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် သံဃာတော်များအား မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့ပြင် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများသည် မင်္ဂလာသုခ ကျောင်းတိုက် ဆရာတော် အမှူးပြုသော သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ် လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

❖ကျောဖုံးမှ

မင်းဘူး(စကု)မြို့နယ်၌ အပူရှောင့်စခန်းများကို ပထမဦးစားပေးအဖြစ် မင်းဘူးမြို့ပညာအလင်းရောင်ကိုယ်ပိုင်အထက်တန်းကျောင်း၊ မင်းဘူးမြို့ သာသနာ့ဗိမာန်နှင့် စကုမြို့ရှိ မိုးကုတ်မွေရိပ်သာတို့တွင် နေ့စဉ် နံနက် ၈ နာရီမှ ညနေ ၆ နာရီခွဲအချိန်ထိ ဖွင့်လှစ်ထားပြီး နားနေခန်း၊ တရားနာခန်း၊ ထမင်းစားခန်းနှင့် TV ကြည့်ခန်းများအပြင် တိုင်းရင်းဆေးပညာဦးစီးဌာနနှင့် ခရိုင်ပြည်သူ့ဆေးရုံကြီးမှ ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးခြင်း၊ TV ကြည့်ခြင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သုတ၊ ရသ စာအုပ်စာပေနှင့် နေ့စဉ်ထုတ်သတင်းစာများ ဖတ်ရှုလေ့လာနိုင်ရန်နှင့် အကြို/အပို့ယာဉ် စသည့် အုပ်ချုပ်ထောက်ပံ့မှုဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အပူရှောင့်စခန်းစတင်ဖွင့်လှစ်သည့် ပထမရက်တွင် မင်းဘူးမြို့ ပညာအလင်းရောင်ကိုယ်ပိုင် အထက်တန်းကျောင်း၌ သက်ကြီးဘိုးဘွား ၂၀ လာရောက်နားခိုနေထိုင်လျက်ရှိပြီး လိုအပ်သော ပံ့ပိုးကူညီမှုများနှင့် ကျန်းမာရေးဝန်ဆောင်မှုများ ဆောင်ရွက်ပေးထားကြောင်း သိရသည်။

လက်ရှိ အပူရှောင့်စခန်းများတွင် လူဦးရေပေါင်း ၄၀၀ ခန့် အပူရှောင့်နားခိုနိုင်စေရန် စီစဉ်ဆောင်ရွက်ထားပြီး မင်းဘူး(စကု)မြို့နယ်၌ အသက် ၈၅ နှစ်နှင့် အထက် သက်ကြီးဘိုးဘွား ၈၅၀ ကျော်ရှိကြောင်း၊ အပူရှောင့်စခန်းများသို့ လာရောက်နားခိုသည့် လူဦးရေအနည်းအများအပေါ်မူတည်၍ အပူရှောင့်စခန်းများကို ကျောက်တန်းကျေးရွာ၊ ဖလံရံကျေးရွာနှင့် အောက်ကျောင်းကျေးရွာတို့တွင် အရန်နေရာများ သတ်မှတ်၍ ကြိုတင်စီမံ ဆောင်ရွက်ထားရှိကြောင်း၊ အဆိုပါ အပူရှောင့်စခန်းများအတွက် နိုင်ငံတော်ယာယီသမ္မတက အလှူငွေကျပ် သိန်း ၃၀၀ နှင့် ငွေကျပ် ၈၁ သိန်းတန်ဖိုးရှိ ဓာတ်ဆားနှင့် အချိုရည်များ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ငွေကျပ် ၇၃ သိန်း ကျော်တန်ဖိုးရှိ ရေသန့်၊အချိုရည်နှင့် တစ်ကိုယ်ရေသုံးပစ္စည်းများ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ အလှူငွေကျပ် သိန်း ၁၀၀ နှင့် ငွေကျပ် ၆၁ သိန်း တန်ဖိုးရှိအားဖြည့်အချိုရည်များကို လှုဒါန်းပေးပို့ထားရှိပြီး စုစုပေါင်းအလှူငွေနှင့် ပစ္စည်းတန်ဖိုးငွေကျပ်မှာ ၆၂၅၅၀၀၀၀ (ကျပ်သိန်းခြောက်ရာနှစ်ဆယ့်ငါးသိန်းငါးသောင်း) ဖြစ်ကြောင်း၊ အပူရှောင့်စခန်းများ အောင်မြင်စွာ ဖွင့်လှစ်နိုင်ရေးဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုကူညီရေးအသင်းအဖွဲ့အစည်းများ၊ စေတနာရှင်အလှူရှင်များနှင့် ပူးပေါင်းပြီး ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးဦးအောင်မြင့်က ပြောသည်။

မင်းဘူး(စကု)မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ အပူဒဏ်ကြောင့် သတိလစ်ခြင်း စသည့်လက္ခဏာများ ဖြစ်ပွားလာပါက နီးစပ်ရာ ဆေးရုံများ၌ အရေးပေါ်ဆေးကုသပေးခြင်းများ ဆောင်ရွက်နိုင်ရန် မင်းဘူးမြို့ရှိ ခရိုင်ပြည်သူ့ဆေးရုံကြီးနှင့် စကုမြို့ရှိ ပြည်သူ့ဆေးရုံတွင် လူနာစမ်းသပ်ခန်းနှင့် ဆေးကုခန်းများကို အရန်သင့်ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိကြောင်း၊ ထို့အပြင် အပူဒဏ်အန္တရယ်ရာယ် ကြိုတင်ကာကွယ်ရေးအတွက် ဒေသခံပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန် ပညာပေးလုပ်ငန်းများအဖြစ် ရပ်ကွက်/ကျေးရွာများအလိုက် အသံချဲ့စက်ဖြင့် နေ့စဉ်အသိပေးလှည့်လည် နှိုးဆော်ခြင်း၊ လူစည်ကားရာ နေရာများတွင် အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေခြင်းနှင့် အသိပညာပေး ဗီနိုင်းပိုစတာစိုက်ထူခြင်း လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မောင်မောင်
(မင်းဘူး)

လပွတ္တာမြို့၌ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပမည်

လပွတ္တာ ဧပြီ ၂

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်၌ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို ဗဟိုမဏ္ဍပ်၊ ရေကစားမဏ္ဍပ်၊ လမ်းလျှောက်သင်္ကြန်၊ မြန်မာ့ရိုးရာ သနပ်ခါးသင်္ကြန်၊ လက်ဖက်သင်္ကြန်၊ မြန်မာ့ရိုးရာ ထမနဲသင်္ကြန်နှင့် ယိမ်းပြိုင်ပွဲများ၊ စတုဒိသာမဏ္ဍပ်များ၊ ဖျော်ဖြေရေးအစီအစဉ်များဖြင့် ကျင်းပသွားမည်ဖြစ်ပြီး နှစ်ဆန်းတစ်ရက်နေ့တွင် အန္တရာယ်ကင်း ပရိတ်ရွတ်ဖတ်ခြင်း၊ ဓမ္မဒိတဒါနငါးလွတ်ပွဲ၊ သက်ကြီးပူဇော်ပွဲ၊ ဆွမ်းဆန်စိမ်းလောင်းပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းသွားပမည်ဖြစ်ရာ ပါဝင်ယှဉ်ပြိုင်ကြမည့် ယိမ်းအဖွဲ့များသည် မိမိတို့ရပ်ကွက်အလိုက် သတ်မှတ်နေရာ အသီးသီးတွင် ကြိုတင်လေ့ကျင့်ပျက်ရှိသည်။ ဌာနဆိုင်ရာများနှင့် ရပ်ကွက်များမှ စုပေါင်း၍ မဏ္ဍပ် ၁၀ ခုဖြင့် ရေကစားမဏ္ဍပ်သို့ လာရောက်ဆင်နွှဲကြမည်သူများအား နေ့စဉ် စတုဒိသာများဖြင့် ဧည့်ခံကျွေးမွေးသွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှု အားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ

လုပ်ငန်းခွင်ထိခိုက်မှုကြောင့် ဆေးကုသမှုခံယူရင်းမှ ကွယ်လွန်ခဲ့ရသည့် မြန်မာအလုပ်သမားမောင်စန်းယု၏ ကိစ္စရပ်များကို အလုပ်သမားဝန်ကြီးဌာနနှင့် မြန်မာသံရုံး ဆိုးလ်တို့က လိုအပ်သည်များ ကူညီဆောင်ရွက်ပေး

ဆိုးလ် ဧပြီ ၂

ကိုရီးယားသမ္မတနိုင်ငံ ဂယောင်းဂီပြည်နယ် ဟွာဆောင်းမြို့ရှိ သတ္တုပစ္စည်းနှင့် အစိတ်အပိုင်းများ ထုတ်လုပ်သော MARU TECH စက်ရုံ၌ တရားဝင် လာရောက်အလုပ်လုပ်ကိုင်လျက်ရှိသည့် မြန်မာ အလုပ်သမား မောင်စန်းယုသည် မတ် ၂၄ ရက်တွင် အလုပ်လုပ်ကိုင်နေစဉ် စက်အတွင်း ခန္ဓာကိုယ်ညပ်ဝင် သွားခဲ့ပြီး ဦးခေါင်းခွံနှင့်မျက်ရိုးများ ကျိုးပဲ့ခြင်း၊ လည်ပင်းဆစ်ရိုးလွဲသွားခြင်း စသည့် ဒဏ်ရာများရရှိခဲ့ရာမှ ဦးနှောက်တွင်းသွေးယိုစိမ့်ခြင်း၊ အောက်ဆီဂျင် မရရှိခြင်းတို့ကြောင့် နုလုံးရပ်တန့်သွားခဲ့သည်။

အလုပ်ရှင်က ဆုဝမ်မြို့ Ajou တက္ကသိုလ်ဆေးရုံသို့ အရေးပေါ်ပို့ဆောင်ပေးခဲ့ရာ Cardiac Arrest ကုသမှု ဖြင့် နှလုံးပြန်ခုန်ရန် ပြန်လည်ပြုလုပ်နိုင်ခဲ့သော်လည်း အဆုတ်နှင့် သွေးကြောမကြီးများတွင် ဒဏ်ရာ ရရှိခြင်းနှင့်အတူ နှလုံးခုန်နေမှုသာရှိပြီး ဦးနှောက် အလုပ်မလုပ်တော့သည့် အခြေအနေတွင် အလုပ်ရှင်က မြန်မာသံရုံး ဆိုးလ်မြို့သို့ မတ် ၂၇ ရက်က ဆက်သွယ်လာခဲ့သည်။

မြန်မာသံရုံး ဆိုးလ်မြို့က သက်ဆိုင်ရာနှင့် ဆက်သွယ်ပြီး သံရုံးရှိ အလုပ်သမားသံအရာရှိက ဆုဝမ်မြို့ရှိ Ajou တက္ကသိုလ်ဆေးရုံသို့ မတ် ၂၈ ရက်တွင် သွားရောက်ကာ ဆေးရုံတာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းခြင်း၊ ICU ခန်းအတွင်းရှိ လူနာ၏ အခြေအနေကို ကြည့်ရှုခြင်းဆောင်ရွက်ရာ မြန်မာ အလုပ်သမားလူနာသည် နှလုံးခုန်နေရုံမျှသာ ရှိနေပြီး ဆေးအထောက်အကူပစ္စည်းများဖြင့်သာ အသက်ရှင်နေသည့် အနေအထားတွင်ရှိနေကြောင်း သိရှိခဲ့ရသည်။



ဆိုးလ်မြို့သို့ ရောက်ရှိလာသော ကွယ်လွန်သူ မောင်စန်းယု၏ ဇနီးနှင့် အဒေါ်တို့အား သံရုံးယာယီတာဝန်ခံ/သံအမတ်ကြီးက တွေ့ဆုံအားပေးစဉ်။

တစ်ဆက်တည်းမှာပင် ဆိုးလ်မြို့၌ အလုပ် လုပ်ကိုင်နေသည့် ဆွေမျိုးသားချင်းတော်စပ်သူများထံ ဆက်သွယ်ပြီး လူနာအခြေအနေကို ရှင်းပြခြင်း၊ မြန်မာနိုင်ငံမှ ဇနီးဖြစ်သူ ဒေါ်အိအိသွယ်ထံ Video Call ခေါ်ဆို၍ အခြေအနေရှင်းပြခြင်းများ ဆောင်ရွက်ကာ မောင်စန်းယု၏ ဆေးကုသမှု ခံယူနေမှုနှင့် စပ်လျဉ်း၍ အဆုံးအဖြတ်ပေးနိုင်သည့် ဇနီးဖြစ်သူ၏ ဆန္ဒအရ ဆိုးလ်မြို့သို့လာရောက်နိုင်ရေးအတွက် မြန်မာသံရုံး ဆိုးလ်မြို့က ကိုရီးယားသမ္မတနိုင်ငံ ဆိုင်ရာ မြန်မာသံရုံး(ရန်ကုန်မြို့) ထံ ဆက်သွယ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

မောင်စန်းယုသည် မတ် ၃၁ ရက် နံနက် ၉ နာရီခွဲတွင် ကွယ်လွန်သွားခဲ့ရာ ဇနီးဖြစ်သူနှင့် အဒေါ်ဖြစ်သူတို့ ဆိုးလ်မြို့သို့လိုက်လာသည့်ခရီးစဉ် အဆင်ပြေချောမွေ့စေရေးအတွက် အလုပ်သမားဝန်ကြီးဌာန၊ အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီက လိုက်ပါကူညီဆောင်ရွက်ပေးခဲ့သည်။ ကွယ်လွန်သူ၏ ဇနီး ဒေါ်အိအိသွယ်နှင့် အဒေါ်တို့သည် ဆိုးလ်မြို့သို့ ယနေ့ မွန်းလွဲပိုင်းတွင် ရောက်ရှိလာရာ မြန်မာသံရုံး၊ အလုပ်သမားသံအရာရှိက အင်ချွန်းအပြည်ပြည်ဆိုင်ရာ လေဆိပ်၌ သွားရောက်ကြိုဆိုခဲ့သည်။

သံရုံးယာယီတာဝန်ခံ/သံအမတ်ကြီး ဦးမျိုးမြင့် မောင်က ကွယ်လွန်သူ၏ ဇနီးဖြစ်သူနှင့် အဒေါ်ဖြစ်သူတို့အား တွေ့ဆုံ၍ အားပေးစကားပြောကြားပြီး လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့သည်။ မောင်စန်းယုသည် နိုင်ငံတော်အစိုးရ၏ ခွင့်ပြုချက်ဖြင့် တရားဝင်လာရောက် အလုပ်လုပ်ကိုင်သူဖြစ်၍ လုပ်ငန်းခွင်အတွင်းထိခိုက်မှုကြောင့် သေဆုံးခဲ့ရမှုအတွက် ရသင့်ရထိုက်သည့် အခွင့်အရေးများ အပြည့်အဝရရှိရေး သက်ဆိုင်ရာနှင့် ချိတ်ဆက်ပြီး ဆက်လက်ကူညီ ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

မြန်မာသံရုံး ဆိုးလ်မြို့သည် ကိုရီးယားသမ္မတနိုင်ငံ၌ ရောက်ရှိနေသည့် တရားဝင်အလုပ် လုပ်ကိုင်နေသူ အလုပ်သမားများ၊ ပညာတော်သင်များအပါအဝင် အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိနေသော မြန်မာနိုင်ငံသားများ၏ အရေးကိစ္စနှင့်ပတ်သက်၍ သိရှိရမှုအပေါ်မူတည်ပြီး လိုအပ်သည့်ကူညီဆောင်ရွက်မှုများ၊ ချိတ်ဆက်ညှိနှိုင်းပေးမှုများ လုပ်ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

ဘိုကလေး မြို့မဈေးကြီး၌ မီးဘေးလုံခြုံရေးအတွက် မီးငြိမ်းသတ်နည်း သရုပ်ပြ

ဘိုကလေး ဧပြီ ၂

ဧရာတိတိုင်းဒေသကြီး ဘိုကလေးမြို့နယ် မီးသတ်ဦးစီးဌာနနှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ ယနေ့ ညနေပိုင်းက ဘိုကလေးမြို့မဈေးကြီး အရှေ့တွင် မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောခြင်းနှင့် မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြခြင်း ဆောင်ရွက်သည်။

အသိပညာပေးဟောပြောခြင်းနှင့် မီးငြိမ်းသတ်နည်း သရုပ်ပြဆောင်ရွက်ရာသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဝင်းလှိုင်နှင့် ကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်ညွှန့်နှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ ဦးစီးအရာရှိ ဦးထွန်းအောင်နှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ ဈေးသူဈေးသားများ တက်ရောက်ကြပြီး မြို့နယ်မီးသတ်ဦးစီးအရာရှိက မီးဘေးလုံခြုံရေးအတွက် လိုက်နာဆောင်ရွက်ရမည့် အချက်များနှင့် ရှောင်ရှားရမည့် အချက်များအား အသိပညာပေးဟောပြော၍ ဂက်(စ်)မီးဖို ကြောင့် မီးလောင်မှုအား ငြိမ်းသတ်နည်း၊ လောင်စာဆီကြောင့် လောင်သော မီးအား ငြိမ်းသတ်နည်း၊ ဧရိုမီးငြိမ်းသတ်နည်းတို့ကို သရုပ်ပြဆောင်ရွက်ခဲ့ပြီး စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် ဈေးသူဈေးသားများအား လက်တွေ့မီးငြိမ်းသတ်စေခဲ့ကြောင်း သိရသည်။

မိုးစက်(ဘိုကလေး)

စစ်ကိုင်းတိုင်းဒေသကြီး မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

မုံရွာ ဧပြီ ၂

စစ်ကိုင်းတိုင်းဒေသကြီး ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး အတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေးသို့ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင်စိုးက အမှာစကား ပြောကြားသည်။ ယင်းနောက် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးညွှန့်ဝင်းအောင်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးခင်မောင်ချိုတို့က ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားမည့် လုပ်ငန်းအခြေအနေများကို ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မိမိတို့တာဝန်ယူဆောင်ရွက်သွားမည့် လုပ်ငန်းကော်မတီများအလိုက် ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များက ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းများ ဆောင်ရွက်သွားမည့် အခြေအနေများအပေါ် လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေး တင်ပြကြသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

❍ *ကျောဘုံးမှ*

ငင်းသည် ယခုနှစ်ရာသီ ပြိုင်ပွဲ ခြောက်ခုတွင် ၁၄ ပွဲ ယှဉ်ပြိုင်ထားပြီး ခုနစ်ပွဲ နိုင်ပွဲရရှိထားသည်။ ဖြိတိန်နံပါတ်တစ်တင်းနစ်မယ် ရာဒူကာနူသည် ဒဗလျူတီအေ ၁၀၀၀ အဆင့်ရှိ ယခုလနောင်းပိုင်းတွင် ကျင်းပမည့် မက်ဒရစ်အိုးပင်းပြိုင်ပွဲကို ဝင်ရောက် ယှဉ်ပြိုင်ရန် မျှော်လင့်ထားသည်။

Linz Open ပြိုင်ပွဲ၏ လက်ရှိချန်ပီယံမှာ ရုရှား တင်းနစ်မယ် အဲလက်ဇန်ဒရိုဗာဖြစ်ပြီး ဗိုလ်လုပွဲတွင် ယာစ ထရင်ကာကို ၆-၂၊ ၃-၆၊ ၇-၅ ရလဒ်ဖြင့် နိုင်ပွဲ ရရှိကာ ဖလားဆွတ်ခူးထားသည်။ ယခုနှစ် Linz Open ပြိုင်ပွဲသို့ လက်ရှိချန်ပီယံ အဲလက်ဇန်ဒရိုဗာ၊ တော်ဆန်၊ ဆမ်ဆိုနိုဗာ၊ အော့စတာပင်ကို၊ နာဗာရို၊ ဆာစတီယာ၊ ခရစ္စတီယန်စသည့် နာမည်ကြီး တင်းနစ်မယ်များ ပါဝင်ယှဉ်ပြိုင်သွားမည် ဖြစ်သည်။

အောင်ဇော်

နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

တတိယအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ ကျင်းပ

ပုသိမ် ဧပြီ ၂

တတိယအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီက ဧရာဝတီတိုင်းဒေသကြီး လွှတ်တော် အစည်းအဝေးခန်းမ၌ကျင်းပရာ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၇၂ ဦးလုံး တက်ရောက်ခဲ့ကြသည်။

ဦးစွာ ကတိသစ္စာပြုရန် လိုအပ်သော တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၏ ရှေ့မှောက်တွင် ကတိသစ္စာပြု၍ ကတိသစ္စာပြုလွှာတွင် လက်မှတ်ရေးထိုးခဲ့သည်။ ယင်းနောက် ပြည်ထောင်စုလွှတ်တော်ရုံးမှ ပေးပို့လာသည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာအား တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဖတ်ကြား၍ လွှတ်တော်တွင် မှတ်တမ်းတင်ထားရှိရန် သဘောတူသဖြင့် သဝဏ်လွှာကို မှတ်တမ်းတင်ကြောင်း ကြေညာခဲ့သည်။

ဆက်လက်၍ ဥပဒေပြုရေးဆိုင်ရာကော်မတီနှင့် ပြည်သူ့ဌေစာရင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေး၊ စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးရာ ကော်မတီနှစ်ရပ်တွင် ပါဝင်သင့်သည့် အဖွဲ့ဝင် ဦးရေ၊ အဖွဲ့ဝင်အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်း၊ ကော်မတီတစ်ရပ်ချင်းစီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းလျာထားချက်များကို နည်းဥပဒေ၊ နည်းဥပဒေခွဲနှင့်အညီဖွဲ့စည်းရန် လျာထားအဆိုပြုချက်ကို တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်သို့တင်ပြရာ လွှတ်တော်က အတည်ပြုရန်သဘောတူသဖြင့် လျာထားသတ်မှတ်ချက်ပါ အတိုင်း ရေးရာကော်မတီနှစ်ရပ်ကို ဖွဲ့စည်းတာဝန်ပေးအပ်ကြောင်း ကြေညာခဲ့သည်။

ထို့နောက် ဥပဒေပြုရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌနှင့် ပြည်သူ့ဌေစာရင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေး၊ စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးရာကော်မတီဥက္ကဋ္ဌတို့က မိမိနှင့်သက်ဆိုင်သည့်ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းများကို လွှတ်တော်သို့ ရှင်းလင်းတင်ပြခဲ့ပြီး တတိယအကြိမ် ဧရာဝတီတိုင်းဒေသကြီး လွှတ်တော် ပထမပုံမှန် အစည်းအဝေးဒုတိယနေ့ကို ရပ်နားခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

တတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ ကျင်းပ၊ လွှတ်တော်ကော်မတီ (၃)ရပ် အတည်ပြုဖွဲ့စည်း

မြစ်ကြီးနား ဧပြီ ၂

တတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေးတတိယနေ့ကို ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မန်ခိန်ရပ်ကွက်အတွင်းရှိ ပြည်နယ်လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ယနေ့ နံနက် ၁၀ နာရီက ကျင်းပခဲ့ကြပြီး လွှတ်တော်ကော်မတီ (၃)ရပ်ကို ဆွေးနွေးအတည်ပြုခဲ့ကြသည်။

ဦးစွာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးရာဝမ်ဂျုံက တတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေးတတိယနေ့ အထမြောက်ကြောင်းနှင့်စတင်ကျင်းပကြောင်း ကြေညာပြီး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူကြသည်။

ဆက်လက်၍ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပြည်နယ်လွှတ်တော်အစည်းအဝေး ဒုတိယနေ့တွင်တင်သွင်းခဲ့သော ဥပဒေကြမ်း ကော်မတီဖွဲ့စည်းရေးနှင့် စဝ်လျှင်း၍ ကော်မတီဥက္ကဋ္ဌအဖြစ် ဦးမြအုန်း ဖားကန့်မြို့နယ်ကိုယ်စားလှယ်အမှတ်(၁) အပါအဝင်အဖွဲ့ဝင်အဖြစ် ကိုယ်စားလှယ် ကိုးဦးတို့ဖြင့် လည်းကောင်း၊ တိုင်းရင်းသားလူမျိုးများ အရေးဆိုင်ရာကော်မတီတွင် ကော်မတီဥက္ကဋ္ဌအဖြစ် ဦးချန်းဂျောင်ဆား၌ ဝိုင်းမော်မြို့နယ် ကိုယ်စားလှယ်အမှတ် (၂) အပါအဝင် အဖွဲ့ဝင်အဖြစ် ကိုယ်စားလှယ်ခုနစ်ဦးတို့ဖြင့်လည်းကောင်း၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ

စီစစ်ရေးကော်မတီတွင် ကော်မတီဥက္ကဋ္ဌအဖြစ် ဦးခေါ်ဆာ၊ ပူတာအို မြို့နယ် ကိုယ်စားလှယ်အမှတ်(၂) အပါအဝင် အဖွဲ့ဝင်အဖြစ် ကိုယ်စားလှယ်ငါးတို့အား လည်းကောင်း ဆွေးနွေးအတည်ပြုခဲ့ကြပြီး တတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော် ပထမပုံမှန် အစည်းအဝေး တတိယနေ့ကို ရပ်နားလိုက်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

၂၀၂၆ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် ရန်ကုန်မြို့၏ ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

ရန်ကုန်တိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ရန်ကုန်မြို့အတွင်း အောက်ဖော်ပြပါ တိုင်းတာမှတ် (၃) နေရာတွင် Ambient Air Quality Monitoring Station with Mobile Car– (AQMS Mobile Car)၊ Compact Air Quality Monitoring Station– (AQM 65) စက်များကိုအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 (PM_{10}) ၊ Sulphur Dioxide (SO_2)၊ Nitrogen Dioxide (NO_2)၊ Ozone (O_3) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter (၆) မျိုးကို (၂၄) နာရီ ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

စဉ်	ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝန်းကျင်လေထု အရည်အသွေး တိုင်းတာသည့်နေရာ	တိုင်းတာသည့် Parameter များ					
		၂.၅ မိုက်ခရွန်း အရွယ် ရှိသော အမှုန် အမွှားများ	၁၀ မိုက်ခရွန်း အရွယ် ရှိသော အမှုန် အမွှားများ	ဆာလဖာ ဒိုင်အောက် ဆိုဒ်	နိုက် ထရိုဂျင် ဒိုင် အောက် ဆိုဒ်	အို ဇုန်း	ကာဗွန် မို နောက် ဆိုဒ်
၁	ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့	ကောင်းမွန်					
၂	အပြည်ပြည်ဆိုင်ရာစီးပွားရေး လုပ်ငန်းဗဟိုဌာန၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့	ကောင်းမွန်					
၃	ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့	ကောင်းမွန်					

လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)

0–50	လေထုအရည်အသွေးကောင်းမွန်သောအဆင့်
51–100	လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့်
101–150	ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့်
151–200	ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့်
201–300	ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့်
301–500	ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့်

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေး တိုင်းတာသည့် နေရာ အနီးဝန်းကျင် အခြေအနေတို့အပေါ် မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေး ရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် ဧပြီ ၂

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွှေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မြန်မာ့ပင်လယ်ပြင်မှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်သည်။

မိုး/ဇလ

လကိုပတ်၍ ပျံသန်းရန် နာဆာမှ လူလိုက်အာကာသယာဉ်လွှတ်တင်

ဖလော်ရီဒါ ဧပြီ ၂

အမေရိကန်အာကာသအေဂျင်စီနာဆာက လကို ပတ်၍ ပျံသန်းရန်လူလိုက်ပါလာသည့် အာကာသ ယာဉ်ကို အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့ကြောင်း ကြေညာခဲ့သည်။ ရာစုနှစ်တစ်ဝက်နီးပါးအတွင်း ပထမဦးဆုံးအကြိမ်အဖြစ် လူလိုက်ပါသည့် အာကာသယာဉ်ကို လအနီးတစ်ဝိုက်တွင် လေ့လာ ရန် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။ အဆိုပါစီမံကိန်းသည် နိုင်ငံတကာ Artemis အစီအစဉ်၏ အစိတ်အပိုင်း တစ်ခုဖြစ်သည်။ အာကာသယာဉ်ကို တင်ဆောင်လာ သည့်ဒုံးပျံကို အမေရိကန်နိုင်ငံ ဖလော်ရီဒါရှိ ကနေဒီ အာကာသစင်တာမှ ဧပြီ ၁ ရက် ညနေ ၆ နာရီ ၃၅ မိနစ်တွင် လွှတ်တင်ခဲ့သည်။ Orion ဟု အမည်ပေး ထားသည့် အာကာသယာဉ်ပေါ်တွင် အမေရိကန် နိုင်ငံသားသုံးဦးနှင့် ကနေဒါနိုင်ငံသားတစ်ဦးတို့ လိုက်ပါခဲ့ကြသည်။ အဆိုပါအဖွဲ့သားများသည် လသို့ပျံသန်းကာ လကိုပတ်ပြီး ခန့်မှန်းခြေ ၁၀ ရက် အတွင်း ပြန်လာရန်စီစဉ်ထားကြသည်။ ၎င်းတို့သည် လနှင့်အနီးဆုံးနေရာသို့ ခြောက်ရက်မြောက်နေ့ တွင် ရောက်ရှိမည်ဖြစ်သည်။

လမျက်နှာပြင်ကို ဓာတ်ပုံရိုက်ကူးခြင်း၊ ကမ္ဘာနှင့် ဆက်သွယ်မှု၊ အသက်ရှင်သန်မှုနှင့် ထောက်ပံ့မှုစနစ် စသည့် အာကာသယာဉ်၏ အခြေခံစွမ်းဆောင်ရည် များကို စမ်းသပ်သွားမည်ဖြစ်သည်။ ယခု ခရီးစဉ် တွင် အာကာသယာဉ်မှူးများသည် လ၏မျက်နှာ ပြင်ပေါ်သို့ ဆင်းသက်ကြမည်မဟုတ်ချေ။ ယခု ခရီး စဉ်ကို ဖေဖော်ဝါရီလအတွင်းကစတင်ရန် စီစဉ်ခဲ့ သော်လည်း လောင်စာဆီယိုစိမ့်မှုနှင့် အခြားပြဿနာ

များကြောင့် နှစ်ကြိမ်တိုင် ရွှေ့ဆိုင်းခဲ့ရသည်။ ၂၀၂၈ ခုနှစ်တွင် အာကာသယာဉ်များ လပေါ်တွင် ဆင်းသက် မှုများပြုလုပ်ရန် နာဆာမှ တာဝန်ရှိသူများက ရည်မှန်းထားသည်။

အင်နှအိတ်ချ်ကေ

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရာထူး အမည်စာရင်းများတင်သွင်း

ဂျီနီဗာ ဧပြီ ၂

ကုလသမဂ္ဂသည် ၎င်း၏ နောက်တက်လာမည့် အကြီးအကဲကို ရွေးချယ်ရန် လုပ်ငန်းစဉ်များ စတင်ဆောင်ရွက်လျက်ရှိသည်။ လတ်တလောတွင် အထွေထွေအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်နေရာကို ဆက်ခံရန် လူလေးဦးကို အမည်စာရင်း တင်သွင်းထားသည်။

ဂူတာရက်စ်သည် ဒီဇင်ဘာ ၃၁ ရက်တွင် သူ၏ ဒုတိယငါးနှစ် သက်တမ်းမှာ ကုန်ဆုံးတော့မည် ဖြစ်သည်။ ဧပြီ ၁ ရက်မတိုင်မီ ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းကိုတင်သွင်းရန် အဖွဲ့ ဝင်နိုင်ငံများကို အထွေထွေညီလာခံ ဥက္ကဋ္ဌက တောင်းဆိုခဲ့သည်။

နိုင်ငံတကာ အဏုမြူစွမ်းအင် အေဂျင်စီ (အိုင်အေအီးအေ) ဥက္ကဋ္ဌကြီးရေးမှူးချုပ် ရာဖဲလ် ဂရော့စ်စီ၊ ယခင်ချီလီသမ္မတ မီရှဲလ် ဘာချီလက်တို့သည် ကိုယ်စားလှယ်လောင်းများ ဖြစ်ကြသည်။ ထို့အတူ ကုလသမဂ္ဂ ကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ညီလာခံ အတွင်းရေးမှူးချုပ် ရောဘက်ကာ ဂရမ်စပန်နှင့် ဆီနီဂေါသမ္မတဟောင်း မက်ကီ ဆော်တို့ကိုလည်း အမည်စာရင်း တင်သွင်းခဲ့သည်။ နောက်ထပ် ကိုယ်စားလှယ်လောင်း အမည် စာရင်းများကို ထပ်မံတင်သွင်း သွားမည်ဖြစ်သည်။

ဂင်းတို့ထဲမှ သုံးဦးသည် လက်တင်အမေရိကနှင့် မြေထဲ ပင်လယ်ဒေသများမှ ဖြစ်သည်။ အမည်စာရင်း တင်သွင်းထားသူ နှစ်ဦးမှာ အမျိုးသမီးများဖြစ်ကြပြီး အမျိုးသမီး ကုလသမဂ္ဂအတွင်း ရေးမှူးချုပ် မရှိဖူးသေးသည့် အတွက် အထွေထွေညီလာခံဥက္ကဋ္ဌ နှင့် တာဝန်ရှိသူများက အမျိုးသမီး များအား ပိုမိုအရွေးခံရန် တိုက်တွန်း ထားသည်။ ကိုယ်စားလှယ် လောင်းများသည် ဧပြီ ၂၀ ရက် တွင် စတင်သည့် ရက်သတ္တပတ် အတွင်း အပြန်အလှန် ဆွေးနွေး မှုများ ပါဝင်လုပ်ဆောင်ကြရမည် ဖြစ်သည်။

အထွေထွေညီလာခံမှ ကုလ သမဂ္ဂ အကြီးအကဲသစ်တစ်ဦးကို မခန့်အပ်မီ လုံခြုံရေးကောင်စီ၏ ထောက်ခံချက်လည်း လိုအပ် ကြောင်း သိရှိရသည်။

အင်နှအိတ်ချ်ကေ

ပြင်းထန်သည့်အပူချိန်နှင့် ပေါင်းမပြည့်သည့်ကလေး မွေးဖွားမှု ဆက်စပ်နေသည့် သုတေသနရလဒ်ထွက်ရှိ

ကန်ဘာရာ ဧပြီ ၂

ဩစတြေးလျနိုင်ငံ အက်ဒလိတ်တက္ကသိုလ်မှ ဦးဆောင်သည့် သုတေသနပြုလုပ်ချက်အသစ်အရ ပြင်းထန်သည့်အပူချိန်နှင့် ထိတွေ့ ခံစားရခြင်းသည် ပေါင်းမပြည့်သည့် ကလေးမွေးဖွားမှုအန္တရာယ်ကို တိုးမြှင့်နိုင်သည်ဟု သိရသည်။ အဆိုပါသုတေသနမှာ ပါကစ္စတန်ရှိ မိခင်နှင့် ကလေးပေါင်း ၈၅၀၀၀ ၏ ကျန်းမာရေးအချက်အလက်များကို သုတေသနပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း အက်ဒလိတ်တက္ကသိုလ်က ထုတ်ပြန်သည့် ဧပြီ ၂ ရက် ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ မိခင်နှင့်ကလေး ၈၅၀၀၀ ကျော်၏ ၁၀ နှစ်တာ မွေးဖွား မှုကျန်းမာရေးမှတ်တမ်းများနှင့် အပူချိန်အချက်အလက်များ ပေါင်းစပ် ကာ ပြင်းထန်သောအပူဂိုနီသည် မွေးကင်းစကလေး၏ ကိုယ်အလေး ချိန်အပေါ် မည်သို့သက်ရောက်နိုင်သည်ကို လေ့လာခဲ့ကြသည်။ လေ့လာ တွေ့ရှိချက်များအရ ၁၈ ရာခိုင်နှုန်းသော ကလေးများမှာ ၂ ဒသမ ၅ ကီလိုဂရမ်အောက် လျော့နည်းသော အလေးချိန်ဖြင့် မွေးဖွားကြပြီး သို့မဟုတ် ပုံမှန်အလေးချိန်အောက်လျော့နည်းကာ မွေးဖွားလာကြ သည်ဟု သိရသည်။ အမဲဘီစီဆေးပညာစာစောင်တွင် ဖော်ပြချက်အရ ကိုယ်အလေးချိန်နှုန်းသော မွေးကင်းစကလေးများ၏ ၁၃ ရာခိုင်နှုန်း ခန့်သည် ရာသီဥတုပူပြင်းမှုနှင့် ဆက်စပ်မှုရှိကြောင်း တွေ့ရှိရသည်။ ရာသီဥတုပြောင်းလဲမှုကြောင့် ယင်းနှုန်းထားသည် ၂၀၆၀ ပြည့်နှစ် အလွန်များတွင် ရှစ်ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းအထိ မြင့်တက်နိုင် ကြောင်း ခန့်မှန်းထားသည်။ ပါကစ္စတန်ရှိ အချို့သောဒေသများ၌ ပြင်းထန်သည့်အပူချိန်နှင့် ထိတွေ့မှုရှိသည့် ကိုယ်ဝန်ဆောင် အမျိုး သမီးများသည် ပေါင်မပြည့်ဘဲ ကလေးမွေးဖွားနိုင်ခြေ ၇၀ ရာခိုင်နှုန်း အထိ မြင့်တက်နိုင်ကြောင်း အက်ဒလိတ်တက္ကသိုလ် ရော်ဘင်ဆင် သုတေသနဌာနမှ တွဲဖက်ပါမောက္ခ ဒေါက်တာ ဇီဟာရာ လာဆီက ပြောသည်။

ဆင်ဟွာ

WHO နှင့် မလေးရှားပူးပေါင်း၍ ကူးစက်ရောဂါကြိုတင်ပြင်ဆင်မှုတိုးမြှင့်မည်

ကွာလာလမ်ပူ ဧပြီ ၂

ကူးစက်ရောဂါများနှင့် ရင်ဆိုင်ကြုံတွေ့သည့်အခါ ကြိုတင်ပြင်ဆင်မှု တိုးတက်စေရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး (WHO) နှင့်အတူ မလေးရှား နိုင်ငံက ပူးပေါင်းဆောင်ရွက်မှု ခိုင်မာအားကောင်းစေမည်ဟု ကျန်းမာ ရေးဝန်ကြီး ဇုကီဖလိုင်း အာမက်က မတ် ၃၁ ရက်တွင် ပြောသည်။

မလေးရှားနိုင်ငံသို့ တရားဝင်ရောက်ရှိနေသည့် ကမ္ဘာ့ကျန်းမာရေး အဖွဲ့ကြီး၏ ညွှန်ကြားရေးမှူးချုပ် တက်ဒရို့စ် အက်ဒ်ဟာနွန် ဂီဘရီ ယက်ဆုနှင့် တွေ့ဆုံဆွေးနွေးပြီးနောက် မလေးရှားကျန်းမာရေးဝန်ကြီး က ယခုပူးပေါင်းဆောင်ရွက်မှုသည် ကမ္ဘာလုံးဆိုင်ရာ ညှိနှိုင်းမှု များ တစ်ဆင့်ပိုမိုတိုးတက်လာခြင်းဖြစ်ကြောင်း ပြောကြားသည်။ ၎င်းက ကျွန်ုပ်တို့၏ အဓိကရည်ရွယ်ချက်မှာ လူအသက်များကို ကာကွယ်ရန်ဖြစ်ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးနှင့် ယခုကဲ့သို့ပူးပေါင်း ဆောင်ရွက်မှုသည် ကြိုတင်သတိပေးစနစ်များကို မြှင့်တင်ရန်နှင့် ကျန်းမာရေးစောင့်ရှောက်မှုစနစ်၏ ခံနိုင်ရည်အားကို တိုးမြှင့်ရန် ရည်ရွယ်ကြောင်း ပြောကြားခဲ့သည်။ ထို့ပြင် အကျပ်အတည်းများ အပေါ် တုံ့ပြန်နိုင်စွမ်းနှင့် ရောဂါထောက်လှမ်းမှုစနစ် ပိုမိုအားကောင်း လာခြင်းကြောင့် နေ့စဉ်ဘဝနှင့် စီးပွားရေးလုပ်ငန်းများအပေါ် အနှောင့်အယှက်ဖြစ်မှုကို အနည်းဆုံးသို့ လျှော့ချနိုင်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ဆင်ဟွာ

အင်ဒိုနီးရှားနိုင်ငံ အရှေ့ပိုင်းတွင် ၇ ဒသမ ၆ အဆင့်ရှိ အင်အားပြင်းငလျင်လှုပ်၊ တစ်ဦးသေဆုံး

ဂျကာတာ ဧပြီ ၂

ဧပြီ ၂ ရက် နံနက်ပိုင်းတွင် အရှေ့ပိုင်း မာလုကူဒေသ၌ ၇ ဒသမ ၆ အဆင့် အင်အားပြင်းမြေငလျင် တစ်ခု လှုပ်ခတ်မှုဖြစ်ပွားပြီး နောက်ဆက်တွဲ ထုတ်ပြန်ထားသော ဆူနာမီသတိပေးချက်ကို အင်ဒို နီးရှားနိုင်ငံ မိုးလေဝသ၊ ရာသီဥတု နှင့် မြေငလျင်ဆိုင်ရာအဖွဲ့ (BMKG) က ပြန်လည်ပယ်ဖျက် လိုက်သည်။

ထိုသို့ ပယ်ဖျက်ရခြင်းမှာ ပင်လယ်ရေ မျက်နှာပြင်တွင် ထူးခြားသောပြောင်းလဲမှု မတွေ့ ရှိရခြင်းကြောင့်ဖြစ်ကြောင်း သိရ သည်။

ငလျင်လှုပ်ပြီးနောက် ကူညီ ကယ်ဆယ်ရေး လုပ်ဆောင်နေစဉ် အတွင်း အမျိုးသမီးတစ်ဦး သေဆုံးနေသည်ကို တွေ့ရှိခဲ့သည်။ သေဆုံးသူမှာ မြောက်ပိုင်းဆူလာ ဝေစီပြည်နယ် မိနာဟာဆာ ဒေသခံတစ်ဦးဖြစ်ပြီး အသက် ၇၀ အရွယ်ရှိ အဘွားအိုတစ်ဦးလည်း ဖြစ်ကြောင်း ဒေသခံကယ်ဆယ် ရှာဖွေရေးအဖွဲ့က ပြောသည်။

နိုင်ငံ၏ အမျိုးသားသဘာဝ ဘေးအန္တရာယ် လျော့ပါးရေးအဖွဲ့ (BNPB) ၏ ဧပြီ ၂ ရက်တွင် ထုတ်ပြန်ချက်အရ အင်အားပြင်း မြေငလျင်သည် မြောက်ဆူလာ ဝေစီပြည်နယ် ဘီတုန်းဖြို့၏ အရှေ့တောင်ဘက် ပင်လယ်ရေပြင် ၌ လှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း သိရ သည်။ ငလျင်လှုပ်ခတ်မှုကြောင့် ဘီတုန်းဖြို့နှင့် အနီးအနားဒေသ များတွင် ၁၀ စက္ကန့်မှ စက္ကန့် ၂၀ အထိ အလွန်ပြင်းထန်သော တုန်ခါ မှုကို ခံစားခဲ့ရသည်။ ပင်လယ်ပြင်ကို ဗဟိုပြု၍ နောက်ဆက်တွဲ ငလျင်နှစ်ခု ဆက်လက်လှုပ်ခတ် ခဲ့သည်ကို တိုင်းတာရရှိခဲ့ကြောင်း BNPB က ပြောသည်။

မြေငလျင်ကြောင့် လူများမှာ ကြောက်ရွံ့ထိတ်လန့်ပြီး နေအိမ် များမှ အလျင်အမြန် ထွက်ပြေး ခဲ့ကြသည်။ လူမှုမီဒီယာတွင် တင်ထားသောပုံများနှင့် ဗီဒီယို

ဆင်ခြေဖုံးအဖြစ် ဘာသာရေးကို အသုံးချခြင်း ရပ်တန့်ရန် ဗြိတိန်ဝန်ကြီးချုပ် တိုက်တွန်း

လန်ဒန် ဧပြီ ၂

ဗြိတိန်ဝန်ကြီးချုပ် ကီးယာ စတာမာ (Keir Starmer) က ဘာသာရေးကို ဆင်ခြေဖုံးအဖြစ် အသုံးချခြင်း ရပ်တန့်ရန် တိုက်တွန်းပြောကြားခဲ့ကြောင်း ဂျူးဓလေ့ဆိုင်ရာ ဂျာနယ်တစ်ခုက ဧပြီ ၂ ရက် ထုတ်ဝေသည့် ဆောင်းပါးတွင် ဖော်ပြထားသည်။

ဆောင်းပါးတွင် ဝန်ကြီးချုပ်က "ဘာသာရေးကို ဆင်ခြေဖုံးအဖြစ် အသုံးချခြင်းကို ရပ်တန့်ရန် ကျွန်ုပ်တို့ လိုအပ်ပါသည်။ ဘာသာရေးကို ဆင်ခြေဖုံးအဖြစ် အသုံးချခြင်းသည် ဘာသာရေးကို ဖျက်ဆီးခြင်းပင် ဖြစ်သည်" ဟု ပြောကြားခဲ့ကြောင်း ဖော်ပြထားသည်။

ဆောင်းပါးတွင် ဝန်ကြီးချုပ်က "ဘာသာရေးကို ဆင်ခြေဖုံးအဖြစ် အသုံးချခြင်းသည် ဘာသာရေးကို ဖျက်ဆီးခြင်းပင် ဖြစ်သည်" ဟု ပြောကြားခဲ့ကြောင်း ဖော်ပြထားသည်။

ဆောင်းပါးတွင် ဝန်ကြီးချုပ်က "ဘာသာရေးကို ဆင်ခြေဖုံးအဖြစ် အသုံးချခြင်းသည် ဘာသာရေးကို ဖျက်ဆီးခြင်းပင် ဖြစ်သည်" ဟု ပြောကြားခဲ့ကြောင်း ဖော်ပြထားသည်။

မိုးညှင်းမြို့နယ်၌ ငွေကျပ် ၁၀၂၆ သိန်းတန်ဖိုးနှင့် ကျိုင်းတုံမြို့နယ်၌ ငွေကျပ် ၄၂ သိန်းတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

နေပြည်တော် ဧပြီ ၂

မိုးညှင်းမြို့နယ်၌ ငွေကျပ် ၁၀၂၆ သိန်းတန်ဖိုးနှင့် ကျိုင်းတုံမြို့နယ်၌ ငွေကျပ် ၄၂ သိန်း တန်ဖိုးရှိ စိတ်ကြွရူးသွပ် ဆေးပြားများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သိရသည်။

တရားခံ မိုင်းလုံတစ်(၁)မိုင်းပုံ အား ဖမ်းဆီးရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၃၀ ရက် မွန်းလွဲ ၁ နာရီတွင် သတင်းအရ မိုးညှင်းမြို့နယ် ပင်လုံ-မော်ဟဲကျေးရွာသွားလမ်းတွင် ကသာမြို့ ဓေယျာချောင်ရပ်ကွက်နေ အောင်ကျော်ကျော်(၁)ဖိုးအောင် (၄၄)နှစ် မောင်းနှင်လာသော YINXIANG 125 အမျိုးအစား မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၈၄၀၀ (တစ်ပြားလျှင် ငွေကျပ် ၁၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ် ၁၀၂၆ သိန်း)နှင့် မြန်မာငွေကျပ် ၁၀၀၀၀၀ တို့ကို ဖမ်းဆီးရမိသဖြင့် အောင်ကျော်ကျော်(၁) ဖိုးအောင်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားသည်။

ထို့တူ ဧပြီ ၁ ရက် မွန်းလွဲ ၂ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ကျိုင်းတုံမြို့နယ် မိုင်းလပ်ကျေးရွာအုပ်စု ဝမ်ကျွန်ကျေးရွာနေ မိုင်းလုံတစ်(၁) မိုင်းပုံ(၅၂)နှစ်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၇၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၄၂ သိန်း) ဖမ်းဆီးရမိသဖြင့် မိုင်းလုံတစ်(၁)မိုင်းပုံအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ သတင်းစဉ်

တရားခံ အောင်ကျော်ကျော်(၁)ဖိုးအောင် အား ဖမ်းဆီးရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

အမှတ် (၁၄၂) အစုနှစ်စာပို့ရထားပေါ်မှ မသင်္ကာဖွယ်ရာအိတ်များ တွေ့ရှိခြင်းနှင့် အမှတ်(၁၂)အစုန် အမြန်ရထားပေါ်တွင် မူးယစ်ဆေးဝါးများအား တရားခံနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် ဧပြီ ၂

အမှတ်(၁၄၂) အစုန်(တောင်ကြီး- သာစည်) စာပို့ရထားသည် ရွှေညောင်ဘူတာသို့ မတ် ၃၀ ရက် နံနက် ၈ နာရီတွင် ရောက်ရှိစဉ် ရုံပိုင်ကြီး(အထူးတန်း) ရွှေညောင် အမှတ်(၂၅) မူးယစ်တပ်ဖွဲ့စုမှ တာဝန်ရှိသူများက ရှာဖွေမှုများပြုလုပ်ခဲ့ရာ ရထားထိန်းလိုက်ပါလာသည့် ရထားထိန်းတွဲအခန်းတွင် တောင်ကြီးဘူတာမှ တင်ဆောင်လာသော တန်ဆာမဲ့သေတ္တာတစ်ထားသည့် အစိမ်းရောင်ခရီးဆောင်အိတ်များကို စစ်ဆေးတွေ့ရှိခဲ့ပြီး ရထားကြန့်ကြာမှုမရှိစေရေး အတွက် အောင်ပန်းဘူတာရောက်ရှိချိန်မှ ရထားထိန်းအခန်းအား စစ်ဆေးရာတွင် မသင်္ကာဖွယ်အစိမ်းရောင် အိတ်များ မတွေ့ရှိရသဖြင့် တာဝန်ကျရထားထိန်း နေလင်းအောင်အား မေးမြန်းခဲ့ရာ ၎င်းအိတ်များကို ရွှေညောင်-ဟဲဟိုးဘူတာအကြား၊ ဘဝသံသရာကားလမ်းကူးဂိတ်အနီးတွင် ပစ်ချထားခဲ့ကြောင်း ဖြေကြားသည်။

အဆိုပါ အိတ်များပစ်ချခဲ့သည့်နေရာ ရွှေညောင်-ဟဲဟိုးဘူတာအကြား၊ မိုင်တိုင် ၃၆၈/၁၅-၁၆ တွင် အမှတ်(၂၅)မူးယစ်တပ်ဖွဲ့စုတို့မှ တာဝန်ရှိသူများ၊ မြန်မာ့မီးရထားမှ ဒု-ကြီးကြပ်ရေးမှူး(သွားလာ)၊ ဒု-ကြီးကြပ်ရေးမှူး(ပို့ဆောင်)တို့သည် ရထားထိန်းနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ခရီးဆောင်အိတ်လေးအိတ်နှင့် သံသေတ္တာတစ်လုံးတို့အား တွေ့ရှိခဲ့ပြီး ဖွင့်ဖောက်စစ်ဆေးခဲ့ရာ စိတ်ကြွရူးသွပ်ဆေးပြား အရေအတွက် ၁၂ သိန်း တစ်သောင်း (အလေးချိန် ၁၂ ကီလို) အား တွေ့ရှိခဲ့သဖြင့် တာဝန်ကျ ရထားထိန်း နေလင်းအောင် အား သက်သေများရှေ့တွင် စစ်ဆေးမေးမြန်းခဲ့ရာ အဆိုပါမူးယစ်ဆေးဝါးများအား နံနက် ၅ နာရီတွင် ယာဉ်အမှတ်၊ SHN-18, CC-8108 NISSAN AD VAN အမျိုးအစား ခဲရောင် မော်တော်ယာဉ်ဖြင့် ယာဉ်မောင်းမိုးညွှန့်လွင် မောင်းနှင်လာသော ယာဉ်ပေါ်တွင် တရားခံ ဓေယျာသူ(ခ)ဟန်ဖနှင့် ခွန်ကျော်ထွန်းတို့နှင့်အတူ တင်ဆောင်လာပြီး တောင်ကြီးဘူတာရှိ အမှတ် (၁၄၂)အစုန်စာပို့ရထားဖြင့် တောင်ကြီးမှ သာစည်သို့ ပို့ဆောင်ခိုင်းခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

မူးယစ်ဆေးဝါးများ စစ်ဆေးတွေ့ရှိမှုနှင့် ပတ်သက်၍ ဖမ်းဆီးရမိခဲ့သည့် တရားခံလေးဦးအား အမှုဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်းနှင့် မြန်မာ့မီးရထားမှ ဝန်ထမ်းများဖြစ်သော တရားခံဓေယျာသူ(ခ)ဟန်ဖ၊ အလုပ်ကြပ် (ဒီဇယ်စက်ခေါင်းစက်ရုံအင်းစိန်)သည် ခွင့်ပြုချက်တောင်းခံမှုမရှိဘဲ ခရီးထွက်သွားသဖြင့် မတ် ၂၇ ရက်မှစ၍ တာဝန်မှ ယာယီရပ်ဆိုင်းထားသည့် ဝန်ထမ်းဖြစ်ကြောင်း၊ တရားခံနေလင်းအောင်၊ ရထားထိန်းအား မတ် ၃၀ ရက်မှစ၍ တာဝန်မှရပ်ဆိုင်းပြီး အဆိုပါ ဝန်ထမ်းနှစ်ဦးအား ဝန်ထမ်းစည်းမျဉ်းစည်းကမ်းနှင့်အညီ အပြစ်ပေးအရေးယူနိုင်ရေးနှင့် တရားခံများအား ဟဲဟိုးနယ်မြေရဲစခန်းတွင် မယ(ပ)၃/၂၀၂၆၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၉(က)၂၁ ဖြင့် အမှုဖွင့်လှစ် ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အမှတ်(၁၂)အစုန် (မန္တလေး-ရန်ကုန်) အမြန်ရထားသည် ဧပြီ ၁ ရက် နံနက် ၈ နာရီခွဲတွင် သာစည်ဘူတာမှ ဆက်လက်ထွက်ခွာစဉ် အဆိုပါ တွဲဆိုင်း တွဲအမှတ်(၈)ပေါ်သို့ အမျိုးသားငါးဦး၊ အမျိုးသမီးတစ်ဦးတို့ ပြေးတက်သွားသည်ကို ရုံပိုင်ချုပ် (သာစည်)က တွေ့မြင်ခဲ့သောကြောင့် သာစည်ဘူတာယာဒ်ဝင်းလုံခြုံရေးဆောင်ရွက်နေသော ရဲအုပ် ရဲမျိုးလင်းနှင့် အမှတ်(၁၂) အစုန်အမြန်ရထား၏ လက်မှတ်စစ်တို့အား အကြောင်းကြားခဲ့သည်။

အဆိုပါ စစ်ဆေးရန်အတွက် ရဲအုပ်ရဲမျိုးလင်းက အမှတ်(၁၂)အစုန်အမြန်ရထား ရထားလိုက် တာဝန်ကျ လုံခြုံရေးထဲ ရဲလုပ်ထုံးလုပ်နည်းအရ စစ်ဆေးရန် အကြောင်းကြားခဲ့ရာ နွားထိုး-ညောင်ရမ်းဘူတာ အကြားသို့အရောက် ရထားလိုက် လုံခြုံရေးရထား ရဲတပ်ဖွဲ့ဝင်များနှင့် တာဝန်ကျ လက်မှတ်စစ်တို့က လိုက်လံစစ်ဆေးခဲ့ရာ ရိုးရိုးတန်းတွဲ(၁)တွင် ၎င်းတို့ခြောက်ဦးအား တွေ့ရှိခဲ့ပြီး လက်မှတ်မဲ့ စီးနင်းလာပြီး ၎င်းတို့၏ ခရီးဆောင်အိတ်များအား မသင်္ကာသဖြင့် ဖွင့်ဖောက်စစ်ဆေးခဲ့ရာ အိတ်များအတွင်း၌ စိတ်ကြွဆေးပြားထုပ်များ ပါရှိလာကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။

အဆိုပါအိတ်များအတွင်းမှ ပစ္စည်းများအား အသေးစိတ်စစ်ဆေးရှာဖွေခဲ့ရာ ရောင်စုံခရီးဆောင်အိတ် ၁၂ အိတ်အတွင်းမှ WY စာတန်းပါ လိမ္မော်ရောင် စိတ်ကြွရူးသွပ်ဆေးပြား ၁၉၇၀၀၀ ပြား (အလေးချိန် ၁၇၇ ဒသမ ၃ ကီလို)အား ရှာဖွေတွေ့ရှိခဲ့ကြောင်းနှင့် အဆိုပါ စိတ်ကြွရူးသွပ်ဆေးပြားများသယ်ဆောင်လာသော တောင်ကြီးမြို့နေတရားခံများဖြစ်သည့် ခွန်ဝေယံတိုး(၃)တိုးတိုး အသက်(၁၇)နှစ် (ဘ)ဦးတိုးမင်းအောင်၊ ခွန်ဇော်ဖုန်းမြတ် အသက်(၁၅)နှစ် (ဘ)ဦးအောင်သူ၊ ခွန်ထက်ရွှိင်း၊ အသက်(၁၇)နှစ် (ဘ)ဦးမောင်ပို၊ ခွန်ရန်ဝင်းအောင် အသက်(၁၇)နှစ် (ဘ)ဦးဝင်းအောင်၊ သဒ္ဓါမိုးစက်(ခ)နန်းစီဖောင်း အသက်(၂၃)နှစ် (ဘ)ဦးအောင်လွိုင်မြင့်၊ ရဲဝင်းနိုင် အသက်(၁၉)နှစ် (ဘ)ဦးခင်မောင်ချင်းတို့အား ဖမ်းဆီးရမိခဲ့သည်။

တရားခံများအား ကွင်းဆက်တရားခံ ဖော်ထုတ်နိုင်ရေးအတွက် အမှတ် (၅၅) မူးယစ်တပ်စု/မိတ္ထီလာမှ ဒုရဲမှူးကျော်စွာထွန်းနှင့်အဖွဲ့၊ သာစည်မြို့ မီးရထားရဲစခန်းမှ တပ်ဖွဲ့ဝင်များက ခေါ်ယူစစ်ဆေးလျက်ရှိသည်။

နောင်တွင် ရထားပေါ်၌ မူးယစ်ဆေးဝါးများ တင်ဆောင်မှုမရှိစေရေး မြန်မာ့မီးရထားတာဝန်ရှိသူများက စီစစ်ကြပ်မတ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ သတင်းစဉ်

လယ်ဝေးမြို့နယ်၌ နွေရာသီ အခြေခံအားကစားသင်တန်းများဖွင့်လှစ်

လယ်ဝေး ဧပြီ ၂

ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ်အားကစား ဖွံ့ဖြိုးတိုးတက်စေရန်၊ ကျောင်းသား ကျောင်းသူ လူငယ်များ နွေရာသီကျောင်းပိတ်ရက်များတွင် မိမိဝါသနာပါသည့် အားကစားနည်းများကို စနစ်တကျသင်ယူနိုင်ပြီး ကျန်းမာကြံ့ခိုင်သည့် ဘကိစ်စုထူးချွန်သော လူငယ်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ ၂၀၂၆ ခုနှစ် နွေရာသီအခြေခံ အားကစား သင်တန်းများ အခမဲ့ ဖွင့်လှစ် သင်ကြားပေးလျက်ရှိသည်။

လယ်ဝေးမြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာန အနေဖြင့် ကျောင်းသား ကျောင်းသူ လူငယ်များအတွက် ဘောလုံး၊ ဖူဆယ်၊ ကြက်တောင်၊ လက်ဝှေ့၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ အေရိုးဗစ်၊ မြန်မာ့သိုင်း စသည့် အားကစားနည်းများကို မတ် ၂၅ ရက်မှ ဧပြီ ၇ ရက်အထိ အခမဲ့ ဖွင့်လှစ်သင်ကြား ပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်
(ပြန်/ဆက်)

နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တရားမဝင်သစ်များ ဖမ်းဆီးရမိ

နေပြည်တော် ဧပြီ ၂

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System- CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ မတ် ၂၃ ရက်မှ ၂၉ ရက်အထိ

နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် ကျွန်း ၂၈ ဒသမ ၆၄၃၈ တန်၊ သစ်မာ ၅၀ ဒသမ ၃၈၁၈ တန်၊ အခြား ၅၃ ဒသမ ၃၈၅၈ တန် စုစုပေါင်း ၁၃၂ ဒသမ ၄၁၄၈ တန် ဖမ်းဆီးရမိခဲ့ပါကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

အပူရှိန်ပြင်းထန်သော နွေကာလကို ကျန်းမာသုခဖြင့် ကျော်ဖြတ်ခြင်း

ထက်ဇေယံ

တပေါင်း၊ တန်ခူးလများ ရောက်ရှိလာသည်နှင့်အမျှ မြန်မာ့မြေပေါ်၌ နေရောင်ခြည်က ပိုမိုတောက်ပလာပြီး ပတ်ဝန်းကျင်တစ်ခုလုံး အပူရှိန်များ မြင့်တက်လာလေ့ရှိပါသည်။ နွေရာသီသည် ပျော်ရွှင်စရာသင်္ကြန်ပွဲတော်နှင့်အတူ ရောက်ရှိလာတတ်သော်လည်း တစ်ဖက်တွင် ပြင်းထန်သော အပူဒဏ်ကြောင့် ကျန်းမာရေးဆိုင်ရာ စိန်ခေါ်မှုများစွာကို သယ်ဆောင်လာတတ်ပါသည်။ အပူဒဏ်ကြောင့် ဖြစ်ပွားတတ်သော ရောဂါဝေဒနာများသည် အသက်အရွယ်မရွေး ခုက္ခပေးနိုင်သဖြင့် ကြိုတင်ကာကွယ်ခြင်းသည် ကုသခြင်းထက် ပိုမိုထိရောက်သော နည်းလမ်းဖြစ်ပါသည်။

❖ အဝတ်အထည် ရွှေးချယ်မှုသည် ကိုယ်ခန္ဓာ၏ အပူချိန်ကို တိုက်ရိုက်သက်ရောက်မှုရှိပါသည်။ နွေရာသီတွင် ကျပ်ထုပ်နေသော အဝတ်အစားများ သို့မဟုတ် နိုင်လွန်ကဲ့သို့ လေဝင်လေထွက်မရှိသော အသားများကို ရှောင်ကြဉ်ပြီး ချည်သား (Cotton) အင်္ကျီအပွများကိုသာ ဦးစားပေးဝတ်ဆင်သင့်ပါသည်။ အနက်ရောင် သို့မဟုတ် အရောင်ရင့်သော အထည်များသည် အပူကို စုပ်ယူတတ်သဖြင့် အရောင်ဖျော့သော အဝတ်အထည်များကို ရွေးချယ်ခြင်းဖြင့် ခန္ဓာကိုယ်ကို ပိုမိုအေးမြစေပြီး ချွေးထွက်ခြင်းကိုလည်း လျော့နည်းစေမည်

❖ နွေရာသီသည် ခန္ဓာကိုယ်အတွက် ရေဓာတ်နှင့် ဗီတာမင်များ ပိုမိုလိုအပ်သော အချိန်ဖြစ်သဖြင့် သဘာဝမှ ပေးအပ်ထားသော ရာသီစာများကို စားသုံးသင့်ပါသည်။ ရေဓာတ် ၉၀ ရာခိုင်နှုန်းကျော်ပါဝင်သော ဖရဲသီး၊ သခွားသီးတို့သည် ကိုယ်တွင်းအပူကို ငြိမ်းစေသကဲ့သို့ အုန်းစိမ်းရည်သည်လည်း ကုန်ဆုံးသွားသော ဆားဓာတ်များကို ပြန်လည်ဖြည့်တင်းပေးနိုင်သော သဘာဝဓာတ်ဆားရည်ပင်ဖြစ်ပါသည်။ လတ်ဆတ်သော အသီးအနှံများကို နေ့စဉ်စားသုံးခြင်းဖြင့် ကိုယ်ခံအားစနစ်ကိုမြှင့်တင်ကာ နွေရာသီရောဂါများကို တွန်းလှန်နိုင်

ခန္ဓာကိုယ်အတွင်း ရေဓာတ်မခန်းခြောက်စေရန် ဂရုပြုခြင်း

နွေရာသီ၏ ပြင်းထန်သော အပူရှိန်အောက်တွင် ခန္ဓာကိုယ်သည် အပူချိန်ကို ထိန်းညှိရန်အတွက် ချွေးထွက်ခြင်းဖြင့် ကြိုးစားရပါသည်။ ထိုသို့ ချွေးထွက်များလာသည်နှင့်အမျှ ကိုယ်တွင်းရှိ ရေဓာတ်နှင့် မရှိမဖြစ်လိုအပ်သော ဆားဓာတ်များ လျင်မြန်စွာ ဆုံးရှုံးသွားတတ်ပါသည်။ ထို့ကြောင့် ရေတစ်သည့် ခံစားချက်မရှိစေကာမူ တစ်နေ့လျှင် ရေနှစ်လီတာမှ သုံးလီတာအထိ ပုံမှန်သောက်သုံးသည့် အလေ့အကျင့်ကို မွေးမြူရပါမည်။ ရေဘူးကို လူနှင့်မကွာ ဆောင်ထားခြင်းဖြင့် ရေဓာတ်ခန်းခြောက်မှုကြောင့် ဖြစ်ပေါ်တတ်သော ခေါင်းမူးခြင်း၊ နှုံးချိခြင်းနှင့် ကျောက်ကပ်ဆိုင်ရာ ပြဿနာများကို ထိရောက်စွာ ဟန့်တားနိုင်မည်ဖြစ်ပါသည်။

အပူဒဏ်ကြောင့် ဖြစ်တတ်သော အဆုတ်ရောင်နှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ပြဿနာများ

နွေကာလတွင် လေထုသည် ခြောက်သွေ့နေပြီး ဖုန်မှုန့်များနှင့် မီးခိုးငွေ့များ ပိုမိုလွှင့်ပျံနေတတ်ပါသည်။ဤအခြေအနေသည်အသက်ရှူလမ်းကြောင်းကို လှုံ့ဆော်မှုဖြစ်စေပြီး ချောင်းဆိုးခြင်း၊ ရင်ကျပ်ခြင်းနှင့် အဆုတ်ရောင်ရောဂါအထိ ဖြစ်ပွားစေနိုင်သော အခြေအနေများရှိပါသည်။ အထူးသဖြင့် လေထုညစ်ညမ်းမှုများပြားသော မြို့ပြဒေသများတွင် အပြင်ထွက်သည့်အခါတိုင်း Mask စနစ်တကျ တပ်ဆင်ခြင်းသည် ဖုန်မှုန့်များကို ကာကွယ်ရုံသာမက ရောဂါပိုးမွှားများ ဝင်ရောက်မှုကိုလည်း လျော့ချပေးနိုင်ပါသည်။ နေအိမ်အတွင်း၌လည်း ဖုန်မတက်အောင် သန့်ရှင်းရေးကို အလေးထားသင့်ပါသည်။

အစာအဆိပ်သင့်ခြင်းနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ရေး

အပူချိန်မြင့်မားခြင်းသည် ဗက်တီးရီးယားများပေါက်ပွားရန် အကောင်းဆုံးပတ်ဝန်းကျင်ကို ဖန်တီးပေးသဖြင့် အစားအစာများ အလွယ်တကူ ပုပ်သိုးတတ်ပါသည်။ နွေရာသီတွင် ဝမ်းပျက်ဝမ်းလျှောနှင့် အစာအဆိပ်သင့်ခြင်းများ အဖြစ်များရခြင်းမှာ မလတ်ဆတ်သော အစားအစာများနှင့် သန့်ရှင်းမှုမရှိသော ယင်နားစာများကို စားသုံးမိခြင်းကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် ဟင်းလျာများကို ချက်ပြုတ်ပြီးလျှင် သေချာစွာ ဖုံးအုပ်ထားခြင်း၊ သိုးနှံ့ရသော အစားအစာများကို နှမြောတွန့်တို မနေဘဲစွန့်ပစ်ခြင်းနှင့် လတ်ဆတ်သော အသီးအနှံများကိုသာ ရွေးချယ်စားသုံးခြင်းဖြင့် အစာလမ်းကြောင်းဆိုင်ရာ ရောဂါများကို ကာကွယ်နိုင်ပါသည်။

အပူလျှပ်ခြင်း၏ အန္တရာယ်နှင့် လက္ခဏာများ

အပူလျှပ်ခြင်း(Heat Stroke)သည် နွေရာသီတွင် အသက်အန္တရာယ်ကို အပေးနိုင်ဆုံးသော အရေးပေါ်အခြေအနေတစ်ခုဖြစ်ပါသည်။ ခန္ဓာကိုယ်၏ အပူချိန်ထိန်းညှိစနစ်ပျက်ယွင်းသွားပြီး ကိုယ်အပူချိန် 104°F (40°C) အထက်သို့ ရောက်ရှိသွားပါက သတိလစ်ခြင်း၊ ကယောင်ကတမ်းဖြစ်ခြင်းနှင့် အသက်ဆုံးရှုံးသည့်အထိ ဖြစ်ပွားနိုင်ပါသည်။ အထူးသဖြင့် နေပူထဲတွင် ပင်ပန်းစွာ အလုပ်လုပ်သူများ သတိပြုရပါမည်။ အကယ်၍ မိမိကိုယ်တိုင် ဖြစ်စေ၊ ပတ်ဝန်းကျင်မှ လူတစ်ဦးဦးဖြစ်စေ အသားအရေ နီရဲလာခြင်း၊ ချွေးထွက်မလာတော့ဘဲ အသားပူလာခြင်းတို့ဖြစ်ပေါ်ပါက အေးမြသောနေရာသို့ အမြန်ရွှေ့ပြောင်းကာ အရေးပေါ်ကုသမှုခံယူရမည်ဖြစ်ပါသည်။

အရေပြားကို နေရောင်ခြည်ဒဏ်မှ ကာကွယ်ခြင်း

ပြင်းထန်သော ခရမ်းလွန်ရောင်ခြည် (UV Rays) များသည် အရေပြားပေါ်ရှိ ဆဲလ်များကို ပျက်စီးစေပြီး ရေရှည်တွင် အရေပြားကင်ဆာ၊ တင်းတိပ်နှင့် အရေးအကြောင်းများ ဖြစ်ပေါ်စေနိုင်ပါသည်။ ထို့ကြောင့် နေရောင်ခြည်တိုက်ရိုက် ထိတွေ့မှုကို ရှောင်ရှားရန် Sunscreen (နေလောင်ကာခရင်မ်)ကို အပြင်မထွက်မီ အမြဲလိမ်းပေးသင့်ပါသည်။ ထို့အပြင် မြန်မာ့ရိုးရာသနပ်ခါးသည်လည်း နေရောင်ခြည်ဒဏ်ကို ကာကွယ်ပေးနိုင်သော သဘာဝဆေးစွမ်းကောင်းတစ်ခုဖြစ်သဖြင့် အသုံးပြုသင့်ပါသည်။ အပြင်သွားလျှင်လည်း ထီးသို့မဟုတ် အနားကျယ်သော ဦးထုပ်များကို ဆောင်းခြင်းဖြင့် အရေပြားကျန်းမာရေးကို ထိန်းသိမ်းနိုင်ပါသည်။

နွေရာသီနှင့် သင့်တော်သော အဝတ်အထည်များ ရွေးချယ်ခြင်း

အဝတ်အထည် ရွေးချယ်မှုသည် ကိုယ်ခန္ဓာ၏ အပူချိန်ကို တိုက်ရိုက်သက်ရောက်မှုရှိပါသည်။ နွေရာသီတွင် ကျပ်ထုပ်နေသော အဝတ်အစားများ သို့မဟုတ် နိုင်လွန်ကဲ့သို့ လေဝင်လေထွက်မရှိသော အသားများကို ရှောင်ကြဉ်ပြီး ချည်သား (Cotton) အင်္ကျီအပွများကိုသာ ဦးစားပေးဝတ်ဆင်သင့်ပါသည်။ အနက်ရောင် သို့မဟုတ် အရောင်ရင့်သော အထည်များသည် အပူကို စုပ်ယူတတ်သဖြင့် အရောင်ဖျော့သော အဝတ်အထည်များကို ရွေးချယ်ခြင်းဖြင့် ခန္ဓာကိုယ်ကို ပိုမိုအေးမြစေပြီး ချွေးထွက်ခြင်းကိုလည်း လျော့နည်းစေမည်ဖြစ်ပါသည်။

အပူချိန်မြင့်မားချိန်တွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများကို ရှောင်ကြဉ်ခြင်း

နွေရာသီ၏ နံနက် ၁၁ နာရီမှ ညနေ ၄ နာရီ အထိသည် နေရောင်ခြည်အပြင်းဆုံးနှင့် အပူချိန်အမြင့်မားဆုံး အချိန်ဖြစ်ပါသည်။ ဤအချိန်အတွင်း ပြင်းထန်သောကိုယ်လက်လှုပ်ရှားမှုများ၊ အားကစားလုပ်ခြင်းနှင့် ပင်ပန်းသောအလုပ်များကို လုပ်ဆောင်ပါက ခန္ဓာကိုယ်က အပူဒဏ်ကိုမခံနိုင်ဘဲ မူးလဲခြင်းများ ဖြစ်ပေါ်နိုင်ပါသည်။ ထို့ကြောင့် မလွဲမရှောင်သာ အလုပ်လုပ်ရပါကလည်း အနားယူချိန်ကို ခပ်စိပ်စိပ် ပြုလုပ်ပေးရန်နှင့် အရိပ်အာဝါသအောက်တွင်သာ နေထိုင်ရန် အရေးကြီးပါသည်။

သဘာဝသီးနှံများနှင့် အပူဒဏ်ခံနိုင်ရည်မြှင့်တင်ခြင်း

နွေရာသီသည် ခန္ဓာကိုယ်အတွက် ရေဓာတ်နှင့် ဗီတာမင်များ ပိုမိုလိုအပ်သော အချိန်ဖြစ်သဖြင့် သဘာဝမှပေးအပ်ထားသော ရာသီစာများကို စားသုံးသင့်ပါသည်။ ရေဓာတ် ၉၀ ရာခိုင်နှုန်းကျော်ပါဝင်သော ဖရဲသီး၊ သခွားသီးတို့သည် ကိုယ်တွင်းအပူကို ငြိမ်းစေသကဲ့သို့ အုန်းစိမ်းရည်သည်လည်း ကုန်ဆုံးသွားသော ဆားဓာတ်များကို ပြန်လည်ဖြည့်တင်းပေးနိုင်သော သဘာဝဓာတ်ဆားရည်ပင်ဖြစ်ပါသည်။ လတ်ဆတ်သော အသီးအနှံများကို နေ့စဉ်စားသုံးခြင်းဖြင့် ကိုယ်ခံအားစနစ်ကို မြှင့်တင်ကာ နွေရာသီရောဂါများကို တွန်းလှန်နိုင်ပါသည်။

ကလေးငယ်များနှင့် သက်ကြီးရွယ်အိုများအတွက် အထူးဂရုစိုက်မှု

ကလေးငယ်များသည် ကိုယ်ခန္ဓာကြီးထွားဆဲဖြစ်ပြီး သက်ကြီးရွယ်အိုများသည် ကိုယ်ခံအားစနစ် လျော့နည်းလာသူများဖြစ်သဖြင့် အပူဒဏ်၏ ရိုက်ခတ်မှုကို အဆိုးရွားဆုံး ခံစားရနိုင်ခြေရှိပါသည်။ ၎င်းတို့သည် မိမိတို့၏ဝေဒနာကို တိကျစွာ မဖော်ပြနိုင်သည်မှာများသဖြင့် မိသားစုဝင်များက အထူးသတိထားစောင့်ကြည့်ရပါမည်။ ၎င်းတို့ကို အေးမြသောနေရာတွင်ထားရှိခြင်း၊ ရေကို မကြာခဏ သောက်သုံးစေခြင်းနှင့် ယားယံခြင်းကဲ့သို့သော အရေပြားပြဿနာများမဖြစ်အောင် သန့်ရှင်းရေး ပြုလုပ်ပေးခြင်းတို့ဖြင့် ဂရုစိုက်ရပါမည်။

ယင်ကောင်မှတစ်ဆင့် ကူးစက်တတ်သော ကာလဝမ်းရောဂါ

အပူရှိန်နှင့်အတူ ယင်ကောင်များ ပေါများလာခြင်းသည် ကျန်းမာရေးအတွက် ကြီးမားသော ခြိမ်းခြောက်မှုတစ်ခုဖြစ်ပါသည်။ ယင်ကောင်များသည် မသန့်ရှင်းသော နေရာများမှ ရောဂါပိုးများကို အစားအစာများပေါ်သို့ သယ်ဆောင်လာတတ်သဖြင့် ကာလဝမ်းရောဂါကဲ့သို့သော ပြင်းထန်ဝမ်းပျက်ရောဂါများဖြစ်ပွားနိုင်ပါသည်။ ထို့ကြောင့် အစားအစာများကို ယင်မနားအောင် စနစ်တကျဖုံးအုပ်ခြင်းနှင့်အတူ အစာမစားမီနှင့် အိမ်သာမှအထွက်တွင် လက်ကို ဆပ်ပြာဖြင့် စင်ကြယ်စွာ ဆေးကြောခြင်းဖြင့် ရောဂါကူးစက်မှု ကွင်းဆက်ကို ဖြတ်တောက်ရမည်ဖြစ်ပါမည်။

အယ်လ်ကိုဟောနှင့် ကဖိန်းဓာတ်ပါသော သောက်စရာများကို ဆင်ခြင်ခြင်း

နွေရာသီတွင် ရေတစ်ပြေစေရန်အတွက် အရက်၊ ဘီယာ သို့မဟုတ် ကော်ဖီတို့ကို သောက်သုံးခြင်းသည် မှားယွင်းသော အယူအဆတစ်ခု ဖြစ်ပါသည်။ အယ်လ်ကိုဟောနှင့် ကဖိန်းဓာတ်များသည် ခန္ဓာကိုယ်ရှိ ရေဓာတ်ကို ဆီးအဖြစ် စွန့်ထုတ်မှုကို မြန်ဆန်စေသဖြင့် ခန္ဓာကိုယ်ကို ပိုမိုရေဓာတ်ခန်းခြောက်စေပါသည်။ ထို့အပြင် ကိုယ်တွင်းအပူချိန်ကိုလည်း မြင့်တက်စေနိုင်သဖြင့် နွေရာသီတွင် ထိုသောက်စရာများကို အတတ်နိုင်ဆုံး ရောင်ကြဉ်ပြီး ရေရိုးရိုးသို့မဟုတ် သဘာဝ သစ်သီးဖျော်ရည်များကိုသာ အစားထိုးသောက်သုံးသင့်ပါသည်။

နွေရာသီတွင် မျက်စိစိုနာခြင်းနှင့် မျက်စိကျန်းမာရေး

ခြောက်သွေ့သော လေနှင့်အတူ ပါလာသော ဖုန်မှုန့်များသည် မျက်စိအတွင်းသို့ ဝင်ရောက်ကာ မျက်စိစိုနာခြင်း၊ မျက်စိစိုနိုင်ခြင်းနှင့် ယားယံခြင်းများကို ဖြစ်စေပါသည်။ ထို့အပြင် နေရောင်ခြည်၏ ပြင်းထန်သော အလင်းတန်းများသည်လည်း မျက်စိအမြင်အာရုံကို ထိခိုက်စေနိုင်ပါသည်။ ထို့ကြောင့် အပြင်ထွက်လျှင် အရည်အသွေးကောင်းမွန်သော နေကာမျက်မှန်များတပ်ဆင်ခြင်း၊ မျက်စိကို မသန့်ရှင်းသော လက်ဖြင့် ပွတ်ခြင်းမှ ရှောင်ကြဉ်ခြင်းနှင့် မျက်စိပင်ပန်းလျှင် ရေအေးအေးဖြင့် ဆေးကြောပေးခြင်းတို့ဖြင့် ဂရုစိုက်သင့်ပါသည်။

အိပ်ရေးဝဝအိပ်စက်ခြင်းနှင့် အနားယူမှုပုံစံ

နွေရာသီ၏ အပူဒဏ်ကြောင့် လူအများစုသည် ညဘက်တွင် ကောင်းစွာ အိပ်မပျော်ခြင်း၊ ဂနာမငြိမ်ဖြစ်ခြင်းများကို ခံစားရတတ်ပါသည်။ သို့သော် အိပ်ရေးပျက်ခြင်းသည် ကိုယ်ခံအားကို ကျဆင်းစေပြီး နောက်တစ်နေ့တွင် အပူဒဏ်ကို ပိုမိုခံနိုင်ရည်မရှိအောင် ပြုလုပ်လိုက်သကဲ့သို့ ဖြစ်စေပါသည်။ ထို့ကြောင့် ညဘက်တွင် လေဝင်လေထွက်ကောင်းအောင်ပြင်ဆင်ပြီး အိပ်ရေး၀၀ အိပ်စက်ခြင်းဖြင့်

စာမျက်နှာ ၁၇ သို့

သာယာဝတီမြို့၌ အစိုးရဓမ္မာစရိယ စာမေးပွဲဖြေဆိုလျက်ရှိသော သံဃာတော်များနှင့် သီလရှင်များအား ကျန်းမာရေးစောင့်ရှောက်

သာယာဝတီ ဧပြီ ၂

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် ကျိုက်ထိုဇောတိကာရုံ ပရိယတ္တိဓာသင်တိုက်၌ ကျင်းပလျက်ရှိသည့် အစိုးရဓမ္မာစရိယ စာမေးပွဲဖြေဆိုကြမည့် သံဃာတော်များနှင့် သီလရှင်များအား ကျန်းမာရေး စောင့်ရှောက်မှု ပြုလုပ်ပေးခြင်းကို ယနေ့နံနက် ပိုင်းက ဆောင်ရွက်ခဲ့ကြသည်။

အစိုးရ ဓမ္မာစရိယစာမေးပွဲဖြေဆိုကြမည့် သံဃာတော်များနှင့် သီလရှင်များအား ကျန်းမာတက်ကြွသော ဖြေဆိုနိုင်မှုကို အခြေခံ၍ ကျန်းမာရေးစောင့်ရှောက်မှုပြုလုပ်ပေးသည်။

ကျန်းမာရေး စောင့်ရှောက်မှု ခံယူနေသော သံဃာတော်များနှင့် သီလရှင်များအား သာယာဝတီမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှကျန်းမာရေးဝန်ထမ်းများက ဆီးချိုသွေးချိုတိုင်းတာပေးခြင်း၊ သွေးပေါင်ချိန်ပေးခြင်း၊ ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ လိုအပ်လျှင် ဆေးကုသပေးခြင်း၊ ရောဂါများ ဖြစ်ပွားပါက ဆောလျင်စွာ ကုသခြင်းဖြင့် နောက်ဆက်တွဲဆိုးကျိုးများ မဖြစ်ပေါ်စေရေး၊ ဆောင်ရန်/ရှောင်ရန်များကို သေချာစွာ သိရှိနားလည်၍ သက်တမ်းစေ့နေထိုင်သွားနိုင်စေရေးတို့အတွက် လစဉ်လတိုင်း ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးလျက်ရှိပြီး ယခုအခါတွင်လည်း သံဃာတော်များနှင့်သီလရှင် စုစုပေါင်း ၁၁၃ ပါး တို့အား ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

သန့်ဇော်(ပြန်/ဆက်)

ပေါင်းတည်၌ ရေဆင်းပေါ်ဆန်းစပါးစိုက်ခင်းများ ဖြစ်ထွန်းအောင်မြင်

ပေါင်းတည် ဧပြီ ၂

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်တွင် နွေစပါးရာသီ၌ စမ်းသပ်စိုက်ပျိုးခဲ့သည့် ရေဆင်းပေါ်ဆန်းစပါးစိုက်ခင်းများ ဖြစ်ထွန်းအောင်မြင် လျက်ရှိသည်။

အဆိုပါစိုက်ခင်းများသည် မျိုးစေ့ထုတ်လုပ်၍ဒေသတွင်းမျိုးပြန့်ပွားရေးအတွက် စံပြကွက်စိုက်ပျိုးထားခြင်းဖြစ်ပြီး ယခုနှစ် နွေစပါးရာသီတွင်ကြူတောကန်ကျေးရွာအုပ်စုနှင့် အုပ်ပို(၁) ရပ်ကွက် စိုက်ပျိုးခင်းများတွင် ရေးဆင်းပေါ်ဆန်း(၁)နှင့် ရေဆင်းပေါ်ဆန်း(၂)စပါးမျိုးများ စုစုပေါင်း ၁၀ ဧက စမ်းသပ်စိုက်ပျိုးထားခြင်းဖြစ်သည်။

မြို့နယ်စိုက်ပျိုးမှုကြီးကြပ်ရေးအဖွဲ့အနေဖြင့် လာမည့်နှစ်တွင် ဒေသခံတောင်သူများအား စွေးကွက်ဝင် ပေါ်ဆန်းစပါးမျိုးများ ထည့်သွင်းတိုးချဲ့စိုက်ပျိုးလာနိုင်ရေးအတွက် အသိပညာပေးဆွေးနွေး

ပွဲများနှင့်အတူမျိုးစေ့များဖြန့်ဝေကာ မျိုးကောင်းမျိုးသန့် ပေါ်ဆန်းစပါးများ တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုတင်လျာထားဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ **ရွှေသား(IPRD)**

ညောင်လေးပင်မြို့၌ လမ်းလျှောက်သင်္ကြန်အား စည်ကားသိုက်မြိုက်စွာကျင်းပမည်

ညောင်လေးပင် ဧပြီ ၂

၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို ဧပြီ ၁၃ ရက်မှ ၁၆ ရက်အထိ ညောင်လေးပင်မြို့နယ်၌ လမ်းလျှောက်သင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

ယခုနှစ်အခါတွင် ညောင်လေးပင်မြို့နယ်အတွင်း ဗဟိုမဏ္ဍပ် ဆောက်လုပ်ခြင်း၊ ဖွင့်ပွဲပြုလုပ်ဆောင်ရွက်ခြင်း၊ လမ်းလျှောက်သင်္ကြန်နှင့် ရေကစားမဏ္ဍပ်များဆောင်ရွက်ခြင်း၊ စတုဒိသာများ ကျွေးမွေးဧည့်ခံခြင်း၊ ပိတ်ပွဲပြုလုပ်ဆောင်ရွက်ခြင်းနှင့် နှစ်ဆန်း(၁) ရက်နေ့တွင် ပရိတ်တရားတော်နာယူခြင်း၊ သင်္ကြီးဘိုးဘွားပူဇော်ခြင်းနှင့် ဇီဝိတဒါန ငါးလွှတ်ခြင်းများ ကျင်းပဆောင်ရွက်သွားမည်ဖြစ်သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော် ဖျော်ဖြေရေးမဏ္ဍပ်ကို ခရိုင်စုပေါင်းရုံးရှေ့၌ ပေ ၈၀ ပတ်လည်မဏ္ဍပ်ကို ဆောက်လုပ်သွားမည်ဖြစ်ပြီး ဖျော်ဖြေရေးယိမ်း အဖွဲ့ ၁၃ ဖွဲ့၊ ခေတ်ပေါ်တေးဂီတများဖြင့် အလှည့်ကျဖျော်ဖြေဆောင်ရွက်သွားမည်ဖြစ်သည်။

ဖျော်ဖြေရေးယိမ်း အဖွဲ့ ၁၃ ဖွဲ့ရှိ လှပျိုဖြူများက မြန်မာ့ရိုးရာသင်္ကြန်တွင် ညီညာစွာဖျော်ဖြေနိုင်ရေး ယိမ်းအကများ လေ့ကျင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

ကံမမြို့၌ မြို့နယ်လုံးဆိုင်ရာ ပထမပြန် စူဋ္ဌဘွဲ့နှင်းသဘင် အခမ်းအနားကျင်းပ

ကံမ ဧပြီ ၂

မကွေးတိုင်းဒေသကြီး ကံမမြို့ အမှတ် ၃ ရပ်ကွက် ယွန်းကျောင်းပရိယတ္တိဓာသင်တိုက်၌ ၂၀၂၅ ခုနှစ် အစိုးရ ပါဠိပထမပြန် စာမေးပွဲ၌ စာအောင်သံဃာများအား အောင်လက်မှတ်ဆက်ကပ်သည့် မြို့နယ်လုံးဆိုင်ရာ ပထမပြန် စူဋ္ဌဘွဲ့နှင်းသဘင် အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့(မူလဒွါရ) ဥက္ကဋ္ဌ တောင်စကိုင်းကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဇေဝန်ထံမှ ငါးပါးသီလ ခံယူ ဆောက်တည်ကြပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးဝင်းထက်က သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။ ထို့နောက် စာအောင် သံဃာ၁၁ပါးတို့အား ပါဠိပထမပြန်အောင် လက်မှတ်နှင့် စာအောင်ဆုများကို တာဝန်ရှိသူများက ဆက်ကပ်လှူဒါန်းခဲ့ကြပြီး မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ယွန်းကျောင်း ပရိယတ္တိဓာသင်တိုက် ဦးစီးပဓာနနာယက ဆရာတော်ဂန္ဓဝါစက ပဏ္ဍိတ ဘဒ္ဒန္တကောဝိဒထံမှ အနုမောဒနာ တရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့ အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြကြောင်း သိရသည်။

ကျော်ဇေယျဝင်း (ကံမ)

စာမျက်နှာ ၁၆ မှ

ခန္ဓာကိုယ်၏ ဆဲလ်များကို ပြန်လည် အားဖြည့်ပေးရန် လိုအပ်ပါသည်။ နေ့ခင်းဘက်တွင်လည်း ခဏတာမျှမှေးစက်အနားယူခြင်းက စိတ်ဖိစီးမှုကို လျော့ကျစေပါသည်။

အိမ်တွင်းလေဝင်လေထွက်နှင့် သန့်ရှင်းမှု

မိမိတို့ နေထိုင်ရာပတ်ဝန်းကျင်သည် အပူဒဏ်ကို အတားအဆီးဖြစ်စေရန် အရေးကြီးပါသည်။ နေအိမ်အတွင်း လေလှောင်မနေစေရန် ပြတင်းပေါက်များကို စနစ်တကျ ဖွင့်လှစ်ထားရပါမည်။ သို့သော် နေရောင်ခြည်တိုက်ရိုက်ဝင်သော အချိန်များတွင် လိုက်ကာများချထားခြင်းဖြင့် အပူရှိန်ကို လျှော့ချနိုင်ပါသည်။ အဲယားကွန်းအသုံးပြုပါက လည်း အပြင်အပူချိန်နှင့် အတွင်းအပူချိန် အလွန်အမင်း ကွာခြားမှုမရှိစေရန် (၃၀မှ၁– 25°C ဝန်းကျင်) ချိန်ညှိအသုံးပြုခြင်းသည် ကိုယ်ခန္ဓာအပူချိန် ပြောင်းလဲမှုကို ထိန်းညှိရာတွင် အထောက်အကူ ဖြစ်စေပါသည်။

ရေချိုးခြင်းနှင့် ခန္ဓာကိုယ်အပူချိန် ထိန်းညှိခြင်း

ရေချိုးခြင်းက ခန္ဓာကိုယ်၏ အပူချိန်ကို တိုက်ရိုက်လျှော့ချပေးနိုင်သော အကောင်းဆုံးနည်းလမ်းတစ်ခုဖြစ်ပါသည်။ နွေရာသီတွင် တစ်နေ့လျှင် နှစ်ကြိမ်ခန့် ရေချိုးပေးခြင်းဖြင့် လန်းဆန်းမှုကို ရရှိစေနိုင်ပါသည်။ သို့သော် သတိပြုရန်မှာ နေပူထဲမှပြန်လာကာစ ချွေးရွဲနေချိန် သို့မဟုတ် ခန္ဓာကိုယ် အလွန်ပူနေချိန်တွင် ချက်ချင်းရေချိုးခြင်းကို ရှောင်ကြဉ်ရပါမည်။ ထိုသို့ လုပ်ဆောင်ပါက အပူအဆေး မမျှတသဖြင့် အဖျားဝင်ခြင်း သို့မဟုတ် သွေးလန့်ခြင်းများ ဖြစ်နိုင်သောကြောင့် အပူရှိန် လျော့ပါးသွားမှသာ ရေချိုးသင့်ပါသည်။

လမ်းဘေးစာများနှင့် ဖျော်ရည်များ၏ ဘေးထွက်ဆိုးကျိုး

နွေရာသီတွင် လမ်းဘေးတွင် ရောင်းချသော ရေခဲမုန့်များ၊ ဖျော်ရည်များနှင့် အအေးစာများကို လူကြိုက်များတတ်သော်လည်း ယင်းတို့တွင် အသုံးပြုထားသော ရေခဲနှင့် ရောသည် သန့်ရှင်းမှု ရှိ မရှိကို အထူး သတိထားရပါမည်။ မသန့်ရှင်းသော ရေခဲများက ဝမ်းကိုက်ရောဂါနှင့် တိုက်ဖွိုက်(အူရောင်ငန်းဖျား) ရောဂါများကို ဖြစ်စေနိုင်ပါသည်။ ထို့ကြောင့် တတ်နိုင်သမျှ မိမိအိမ်တွင် ကိုယ်တိုင် ပြင်ဆင်ထားသော သန့်ရှင်းသည့် အအေးစာများကိုသာ စားသုံးခြင်းက ကျန်းမာရေးအတွက် ပိုမို စိတ်ချရပါသည်။

အမဲသားနှင့် အပူစာများကို လျှော့ချစားသုံးခြင်း

အစားအသောက်သည် ခန္ဓာကိုယ်၏ အတွင်းပိုင်းအပူချိန်အပေါ် များစွာသက်ရောက်မှုရှိပါသည်။ အမဲသား၊ ဆိတ်သား၊ ပုစွန်နှင့် ဆီကြော်မုန့်များကဲ့သို့သော “အပူစာ” များက အစာခြေစနစ်ကို ပိုမိုအလုပ်လုပ်စေပြီး ကိုယ်တွင်းအပူကို မြင့်တက်စေပါသည်။ ထို့ကြောင့် နွေရာသီတွင် အသားများကို လျှော့စားပြီး အစာကြေလွယ်သော ဟင်းသီးဟင်းရွက်များ၊ ချဉ်ရည်ဟင်းများနှင့် သဘာဝအသေးစာများကိုသာ ဦးစားပေးစားသုံးခြင်းဖြင့် ခန္ဓာကိုယ်ကို ပေါ့ပါးလန်းဆန်းနေစေမည်ဖြစ်ပါသည်။

အပူဒဏ်ကြောင့် စိတ်တိုလွယ်ခြင်းနှင့် စိတ်ကျန်းမာရေး

ပြင်းထန်သော အပူချိန်သည် ရုပ်ပိုင်းဆိုင်ရာကို သာမက စိတ်ပိုင်းဆိုင်ရာကိုလည်း သိသိသာသာ ထိခိုက်စေပါသည်။ လူအများသည် အပူဒဏ်ကြောင့် စိတ်တိုလွယ်ခြင်း၊ စိတ်မရှည်ခြင်းနှင့် ဒေါသထွက်လွယ်ခြင်းများကို ခံစားရတတ်ပါသည်။ ဤသို့မဖြစ်စေရန် စိတ်ကိုတည်ငြိမ်အောင်ထားခြင်း၊ အေးမြသောနေရာတွင် အနားယူခြင်းနှင့် သီချင်းနားထောင်ခြင်းကဲ့သို့သော စိတ်ကိုအပန်းပြေစေမည့် အလုပ်များကို ပြုလုပ်သင့်ပါသည်။ စိတ်ကျန်းမာရေး ကောင်းမွန်ခြင်းသည်လည်း အပူဒဏ်ကို ကြံ့ကြံ့ခံနိုင်ရန် အထောက်အကူပြုပါသည်။

အရေးပေါ်အခြေအနေအတွက် အိမ်သုံးဆေးသေတ္တာ ပြင်ဆင်ခြင်း

နွေရာသီတွင် မမျှော်လင့်ဘဲ ကျန်းမာရေး ပြဿနာများ ကြုံတွေ့ရနိုင်သဖြင့် အိမ်သုံးဆေးသေတ္တာကို ကြိုတင်ပြင်ဆင်ထားသင့်ပါသည်။ အပူကြောင့် ရေဓာတ်ခန်းခြောက်ပါက အသုံးပြုရန် ဓာတ်ဆားထုပ်များ၊ အဖျားတက်ပါက သောက်ရန် အဖျားပျောက်ဆေးနှင့် နေလောင်ခြင်းအတွက် လိမ်းဆေးများကို အသင့်ဆောင်ထားရပါမည်။ ထိုသို့ ပြင်ဆင်ထားခြင်းဖြင့် အရေးပေါ်အခြေအနေများတွင် ထိတ်လန့်ခြင်းမရှိဘဲ အချိန်မီကိုင်တွယ်ဖြေရှင်းနိုင်မည်ဖြစ်ပါသည်။

ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် အရိပ်ရပင်များ

နွေရာသီ၏ အပူဒဏ်ကို ရေရှည်ကာကွယ်ရန် အကောင်းဆုံးနည်းလမ်းမှာ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းခြင်းပင်ဖြစ်ပါသည်။ မိမိတို့၏ အိမ်ဝင်းအတွင်းနှင့် ပတ်ဝန်းကျင်တွင် အရိပ်ရသစ်ပင်များစိုက်ပျိုးခြင်းသည် အပူရှိန်ကို သိသိသာသာ လျော့ကျစေနိုင်ပါသည်။ သစ်ပင်များသည် လေထုကို အေးမြစေရုံသာမက စိတ်ကိုလည်း ကြည်လင်စေပါသည်။ ထို့ကြောင့် ယခုနှစ် နွေရာသီကိုကျော်ဖြတ်ရင်း နောင်လာမည့် နွေရာသီများအတွက် စိမ်းလန်းစိုပြည်သော ပတ်ဝန်းကျင်တစ်ခုကို စုပေါင်းတည်ဆောက်သွားကြရန် တိုက်တွန်းလိုပါသည်။

ဆိုရပါလျှင် နွေရာသီ၏ အပူဒဏ်သည် နေ့စဉ်ဘဝနှင့် ကျန်းမာရေးအပေါ် များစွာသက်ရောက်မှုရှိနေပါသည်။ သို့သော်လည်း စနစ်တကျ ကြိုတင်ပြင်ဆင်ခြင်း၊ သန့်ရှင်းလတ်ဆတ်သော အစားအသောက်များကို ရွေးချယ်စားသုံးခြင်းနှင့် ရေဓာတ်ကို လုံလောက်စွာဖြည့်ဆည်းခြင်းတို့ဖြင့် ထိုစိန်ခေါ်မှုများကို အောင်မြင်စွာကျော်လွှားနိုင်ပါသည်။ ကျန်းမာခြင်းသည် လာဘ်တစ်ပါး ဖြစ်သည်နှင့်အညီ မိမိကိုယ်တိုင်သာမက မိမိပတ်ဝန်းကျင်ရှိသူများကိုပါ အပူဒဏ်အန္တရာယ်မှကာကွယ်နိုင်ရန် ဗဟုသုတများကိုမျှဝေပြီး ကျန်းမာရေးနှင့်အညီ နေထိုင်သွားကြပါစို့ဟု တိုက်တွန်းနှိုးဆော် ရေးသားလိုက်ရပါသည်။

နေပြည်တော် ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးဆပ်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဧပြီ ၂

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ လုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေး ဆပ်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက နေပြည်တော်ကောင်စီရုံးအစည်းအဝေးခန်းမ(၁)၌ ကျင်းပသည်။

ဦးစွာ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး ရဲမိုးက မြန်မာနိုင်ငံ စက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်းမှ အရောင်းဆိုင်များအတွက် ခွင့်ပြုရရှိထားသည့် PO ခွဲတမ်းများအတိုင်း အမြန်ဆုံးထုတ်ယူ၍ အရောင်းဆိုင်သို့ အချိန်မီရောက်ရှိနိုင်ရေး နှင့် စက်သုံးဆီ စဉ်ဆက်မပြတ် ရောင်းချနိုင်ရေးတို့ကိုလည်း ဧစောင့်ကြည့်ကြပ်မတ်၍ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ စက်သုံးဆီ ရောင်းချပေးမှုတွင် နိုင်ငံတော်မှ ချမှတ်ထားသည့် လမ်းညွှန်မှုအတိုင်း ရောင်းချပေးလျက်ရှိကြောင်း၊ ချမှတ်ထားသည့် စည်းမျဉ်း၊ စည်းကမ်းများနှင့် ပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ လက်ရှိအချိန်တွင် QR Code၊ Bar Code စနစ်ဖြင့် အင်ဂျင်ပါဝါအလိုက် ဝယ်ယူခွင့်ပြုထားကြောင်းနှင့် ကော်မတီအဖွဲ့ဝင်များအနေဖြင့် လိုအပ်သည်များကို ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း၊ သင်္ကြန်ကာလတွင်လည်း စက်သုံးဆီများ ပုံမှန်ရောင်းချနိုင်ရန် လိုအပ်ကြောင်း၊ မြို့နယ်များအတွင်း လောင်စာဆီအခက်အခဲကြောင့် သီးနှံများ စိုက်ပျိုးထုတ်လုပ်မှု ထိခိုက်မှုမရှိစေရန် စက်သုံးဆီများကို တောင်သူဝယ်ယူရရှိနိုင်ရန် သက်ဆိုင်ရာ တာဝန်ရှိသူများက ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ကော်မတီဝင်များက ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ လုပ်ငန်းများနှင့် ပတ်သက်၍ သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြပြီး တင်ပြချက်များနှင့်စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင်က တရားမဝင်စွေးကွက်မရှိအောင် ဝိုင်းဝန်းဆောင်ရွက်ပေးကြရန်၊ စက်သုံးဆီများကို ယခုကာလတွင် မီးဘေးလုံခြုံရေးအတွက် ထိန်းသိမ်းသိုလှောင်ထားခြင်း မရှိစေရေး သက်ဆိုင်ရာ တာဝန်ရှိသူများက ကွင်းဆင်း စစ်ဆေးကြရန်နှင့် စက်သုံးဆီ ခြိုးခြံခွဲတာရေးနှင့် ဖူလုံမှုရှိစေရေးအတွက် လိုက်နာရမည့် စည်းကမ်းချက်များကို သိရှိစေရေး အလေးထား ဆောင်ရွက်သွားရန် ဆွေးနွေး ပြောကြားခဲ့ကြောင်း သိရသည်။

အောင်ကို(ပုဇွန်သီရိ)

မော်လမြိုင်ကျွန်းမြို့နယ်၌ စက်သုံးဆီများ သတ်မှတ်ညွှန်ကြားချက်များနှင့်အညီ ရောင်းချခြင်း ရှိ/မရှိ စစ်ဆေး

မော်လမြိုင်ကျွန်း ဧပြီ ၂

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်၌ စက်သုံးဆီဆိုင်များ အနေဖြင့် မော်တော်ယာဉ်များ အဆင်ပြေစွာ မောင်းနှင်သွားလာနိုင်ရေး အတွက် သတ်မှတ်ညွှန်ကြားချက်များနှင့်အညီ စက်သုံးဆီများ ဖွင့်လှစ်

ရောင်းချပေးလျက်ရှိရာ စက်သုံးဆီဝယ်ယူကြသူများအနေဖြင့် စနစ်တကျဝယ်ယူစေရေး၊ ဆီတန်းစီဝယ်ယူမှုကြောင့် လမ်းပိတ်ဆို့ခြင်း၊ သတ်မှတ်ချက်များနှင့် မလျော်ညီစွာ ဝယ်ယူခြင်းစသော မလိုလားအပ်သည့် အခြေအနေများ မဖြစ်ပွားစေရေးအတွက် ယနေ့နံနက်ပိုင်းကစတင်၍ စက်သုံးဆီဆိုင်များသို့ လှည့်လည်၍ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူး ဦးမင်းဇော်လတ်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမျိုးဇော်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆောင်ရွက်ခြင်းဖြစ်ပြီး စနစ်တကျ ဆီတန်းစီဝယ်ယူစေရေး၊ ယာဉ်ကြောနှင့် လမ်းပိတ်ဆို့မှုမရှိစေရေး၊ စုံ၊ မ ရက်အလိုက် သတ်မှတ်ညွှန်ကြားချက်များနှင့်အညီ ဆီဝယ်ယူနိုင်ရေးအတွက် ကြီးကြပ်မှုလုပ်ငန်းစဉ်များကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

ရဲကိုမောင် (ပြန်/ဆက်)

တနင်္သာရီတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ် နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

ထားဝယ် ဧပြီ ၂

တနင်္သာရီတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်လိမိတက်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယမန်နေ့က ထားဝယ်မြို့ တိုင်းဒေသကြီးသမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် သဘာပတိ တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်လိမိတက်ဥက္ကဋ္ဌ ဦးသိန်းဝင်းက တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်လိမိတက်၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းဆွေးနွေးပြောကြားပြီး တိုင်းဒေသကြီးသမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးရွှေဝင်းက အရပ်ရပ်ဆိုင်ရာအစည်းအဝေး ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် သမဝါယမအသင်းများက သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ အသင်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ဆွေးနွေးပြောကြားကြပြီး အမှုဆောင်ကော်မတီ၏ လုပ်ငန်းအစီရင်ခံစာ၊ အသင်းစာရင်းစစ်အဖွဲ့၏ စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်းအစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များကို အမှုဆောင်အဖွဲ့က ဖတ်ကြားတင်သွင်းပြီး အသင်းဝင်ကိုယ်စားလှယ်များ၏ အတည်ပြုချက်ရယူခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

မောက်မယ်မြို့နယ်၌ နွေရာသီ ပန်းချီသင်တန်းဖွင့်ပွဲကျင်းပ

မောက်မယ် ဧပြီ ၂

ရှမ်းပြည်နယ်(တောင်ပိုင်း) မောက်မယ်မြို့နယ်အတွင်းရှိ ကျောင်းသားကျောင်းသူများ ဒေသခံတိုင်းရင်းသားလူငယ်လူရွယ်များ အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်၊ ဉာဏ်ရည်ဉာဏ်သွေး ပိုမိုတိုးတက်မြင့်မားလာစေရန်၊ စိတ်ကူးစိတ်သန်းများထက်မြက်စေရန်၊ ပူးပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများရှိစေရန် ရည်ရွယ်၍ မြို့နယ်ပညာရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် နွေရာသီပန်းချီသင်တန်းကို ယမန်နေ့က အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)(စေ့းတန်း)၌ ကျင်းပသည်။

နွေရာသီပန်းချီသင်တန်းတွင် ဆရာ ဆရာမ သုံးဦးတို့က သင်ကြားပို့ချပေးမည်ဖြစ်ကြောင်းနှင့် ကျောင်းသား ကျောင်းသူ ၄၀ ခန့်

တက်ရောက်ပြီး သင်တန်းကာလမှာ ဧပြီ ၁ ရက်မှ ၆ ရက်အထိ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

စိုင်းမျိုးသန့်(မောက်မယ်)

ခရမ်းမြို့နယ်၌ အခြေခံအိမ်တွင်းမှု(ဇာထိုးပန်းထိုး)သင်တန်းဖွင့်

ခရမ်း ဧပြီ ၂

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ပူးပေါင်း၍ အခြေခံအိမ်တွင်းမှု(ဇာထိုးပန်းထိုး) အခြေခံလက်မှုပညာသင်တန်းကို ယနေ့နံနက်ပိုင်းက မြို့နယ်ပြည်သူ့စာကြည့်တိုက်လူထုအခြေပြုဇာတိဌာနခွဲ ဖွင့်လှစ်သည်။

ဦးစွာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ထက်ထက်က မိသားစုအလိုက် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်အတွက် အထောက်အကူပြုသည့် သင်တန်းဖြစ်ကြောင်း၊ စိတ်ဝင်စားစွာ လက်တွေ့လေ့လာသင်ယူပြီး မိမိ၏ ကိုယ်ပိုင်ဉာဏ်ဖြင့် အားစိုက်၍ သင်ကြားစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်နှင်းဝေက အခြေခံအိမ်တွင်းမှုသင်တန်းမှ ဇာထိုးပန်းထိုး အခြေခံလက်မှုပညာရပ်များကို တတ်ကျွမ်းသော လူငယ်လူရွယ်များ ပေါ်ထွန်းလာစေရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်၊ မိမိတို့မိသားစု၏ နေ့စဉ်ဝင်ငွေတိုးပွားစေရန်အတွက် သင်တန်းဖွင့်လှစ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းကို သင်တန်းဆရာမ မအိမ့်မှူးစံက အခြေခံချည်ထိုးနည်း၊ တိုင်တို၊ တိုင်ရှည်ထိုးနည်း၊ ပန်းပွင့်ထိုးနည်း၊ အပွင့်ဆက်နည်း၊ ပဝါထိုးနည်းများကို စာတွေ့လက်တွေ့သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းကာလမှာ ဧပြီ ၂ ရက်မှ ၁၀ ရက်အထိ သင်ကြားပို့ချမည်ဖြစ်ရာ ရပ်ကွက်(၁၃)ရပ်ကွက်အတွင်းရှိ အမျိုးသမီးစုစုပေါင်း ၁၈ ဦး

တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

ခင်နှင်းဝေ(ပြန်/ဆက်)

ကျိုင်းတုံမြို့ လူထုအခြေပြုဗဟိုဌာနခွဲ အခြေခံအင်္ဂလိပ်စာသင်တန်းဆင်း

ကျိုင်းတုံ ဧပြီ ၂

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက စီစဉ်ဖွင့်လှစ်သည့် နွေရာသီကျောင်းပိတ်ရက် (အခမဲ့) အခြေခံ အင်္ဂလိပ်စာသင်တန်းဆင်းပွဲကို မတ် ၃၁ ရက်က အဆိုပါရုံးရှိ လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီအဖွဲ့ဝင် ဦးစိုင်းဆမ်တစ်နှင့် မြို့နယ်စာပေချစ်မြတ်နိုးသူများအသင်းနာယက ဦးညွှန့်အောင်တို့က အမှာစကားပြောကြားသည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ငြိမ်းငြိမ်းသန့်က ကျောင်းသား ကျောင်းသူများ နွေရာသီ ကျောင်းပိတ်ရက် ကာလအတွင်း အင်္ဂလိပ်စာ စွမ်းရည် မြင့်မားလာစေရန် ရည်ရွယ်၍ သင်တန်းဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားပြီး သင်တန်းထူးချွန်ဆု ရရှိသည့် ကျောင်းသား ကျောင်းသူများအား သင်တန်းထူးချွန်ဆုများနှင့် သင်တန်းနည်းပြ ဆရာမအား ဂါရဝလက်ဆောင် ပေးအပ်သည်။

သင်တန်းသို့ ကျိုင်းတုံမြို့နယ်မှ ကျောင်းသား ကျောင်းသူ ၃၀ တက်ရောက်ပြီး မတ် ၂၃ ရက်မှ ၃၁ ရက်အထိ အခြေခံ အင်္ဂလိပ်စာ ဘာသာရပ်များကို သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

အောင်ဇင်မြင့်(ပြန်/ဆက်)

ရွှေကျင်မြို့နယ်၌ လူငယ်ရေးရာ အသိပညာပေးဟောပြော

ရွှေကျင် ဧပြီ ၂

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ရှမ်းကြေးရပ်ကွက် အထက(တပ်နယ်)ကျောင်း၌ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို ယနေ့မွန်းလွဲပိုင်းက ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သဲစုအောင်က နွေရာသီကျောင်းပိတ်ရက်တွင် ယဉ်ကျေးလိမ္မာသင်တန်းတက်ရောက်နေကြသည့် ကျောင်းသား ကျောင်းသူများအား လူကုန်ကူးမှုခံရသူများနှင့်ပတ်သက်၍ လူကုန်ကူးမှုဖြစ်ပွားစေသော အဓိကအကြောင်းများ၊ လူကုန်ကူးသူများ အသုံးပြုသည့်နည်းလမ်းများ၊ လူကုန်ကူးခံရမှုဖြစ်စဉ်များ၊ လူကုန်ကူးမှုခံရသူများ၏ ခံစားရသည့်ဒုက္ခများ စသည့်အကြောင်းအရာများကို ဟောပြောသည်။ ယဉ်ကျေးလိမ္မာသင်တန်းတက်ရောက်နေကြသည့် ကျောင်းသား ကျောင်းသူများအား မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်မဒီဇော်နှင့်အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များက အားဖြည့်အချိုရည်များကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများအား အသိပညာဗဟုသုတ တိုးပွားစေရန် သိကောင်းစရာ နံရံကပ်စာစောင်များ၊ သုတ၊ ရသစာအုပ်စာစောင်များကို ပြသရာ ကျောင်းသား ကျောင်းသူများက လေ့လာဖတ်ရှုခဲ့ကြောင်း သိရသည်။

ထွန်းထွန်းဇော်(ပြန်/ဆက်)

ဂန့်ဂေါမြို့နယ်၌ မွေးစမှအသက်ငါးနှစ်အောက် ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေး

ဂန့်ဂေါ ဧပြီ ၂

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်၌ ကလေးသူငယ်များ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ဧပြီ ၁ ရက်က မွေးစမှ အသက်ငါးနှစ်အောက်ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေး ထိုးနှံ/တိုက်ကျွေးပေးခြင်းများကို ဂန့်ဂေါခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနခွဲ ပြုလုပ်ပေးလျက်ရှိသည်။

ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးရာတွင် မွေးစမှအသက်ငါးနှစ်အောက် ကလေးငယ်များကို ပြင်းထန်ဝမ်းပျက်ဝမ်းလျှောကာကွယ်ဆေး၊ ပိုလီယိုအကြောသေကာကွယ်ဆေး၊ ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေး၊ ပြင်းထန်အဆုတ်ရောင်ကာကွယ်ဆေး၊ ဝက်သက်-ကျိတ်သိုး ငါးမျိုးစပ်ကာကွယ်ဆေးများကို ကလေးများ၏ အသက်အရွယ်အလိုက် သတ်မှတ်အကြိမ်အတိုင်း ထိုးနှံ/ တိုက်ကျွေးပေးခြင်း ဖြစ်သည်။

ကာကွယ်ဆေးထိုးနှံ/တိုက်ကျွေးရာသို့ ဧပြီ ၁ ရက်တွင် ဂန့်ဂေါမြို့ပေါ် လေးရပ်ကွက်နှင့် မြို့နယ်အတွင်းရှိ ကျေးရွာများ၊ ထီးလင်းမြို့နယ်အတွင်းရှိ ကျေးရွာများမှ ကလေးငယ် ၁၁၆ဦးကို ကာကွယ်ဆေးများ ထိုးနှံ/တိုက်ကျွေးပေးသည်။

ထိုသို့ ကာကွယ်ဆေးထိုးနှံ/တိုက်ကျွေးခြင်းကို ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ညွှန်ကြားမှုဖြင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးမှူး-၁ ဦးထွန်းဇော်လင်း ဦးဆောင်သည့် ကျန်းမာရေးဌာန ဝန်ထမ်းများက မွေးစမှအသက်ငါးနှစ်အောက် ကလေးငယ်များကို ဧပြီ ၁ ရက်မှ ၅ ရက်အထိ ကာကွယ်ဆေးများအား ဆက်လက် ထိုးနှံ/တိုက်ကျွေးပေးမည်ဖြစ်ကြောင်း သိရသည်။

မောင်မျိုးမင်း

ဆီဆိုင်မြို့၌ ငလျင်ဘေး အသိပညာပေး ဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေ

ဆီဆိုင် ဧပြီ ၂

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့၌ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးဆောင်၍ မန္တလေးငလျင်ကြီး တစ်နှစ်ပြည့် ငလျင်ဘေးအသိပညာပေးဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များဖြန့်ဝေခြင်းကို ယနေ့နံနက်ပိုင်းက မြို့မဈေးဝိုင်း၌ ပြုလုပ်သည်။

ဦးစွာ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်မျိုးလှိုင်က ငလျင်ဘေးဖြစ်ပေါ်ခဲ့မှုနှင့် ငလျင်အကြောင်းများ၊ ငလျင်လှုပ်စဉ်နှင့် ငလျင်လှုပ်ပြီးချိန်တွင် ပြုလုပ်ရမည့်အချက်တို့ကို အသိပညာပေး ဟောပြောသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များက ဈေးသူ ဈေးသား များနှင့် ဈေးဝယ်သူပြည်သူများအား ငလျင်ဘေး အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

မုဒုံမြို့နယ်၌ မီးဘေးသင့်အိမ်ထောင်စုအား ထောက်ပံ့

မုဒုံ ဧပြီ ၂

မွန်ပြည်နယ် မုဒုံမြို့နယ် မြို့မ(၁)ရပ်ကွက် စာစင်အလယ်ပိုင်းတွင် မတ် ၃၀ ရက်က မီးကြွေးမီးကျန်မှတစ်ဆင့် နေအိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ရာ ယနေ့နံနက်ပိုင်းက မီးဘေးသင့်အိမ်ထောင်စုအတွက် ထောက်ပံ့ငွေ ပေးအပ်သည်။

ထိုသို့ ထောက်ပံ့ရာတွင် မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သိမ့်သိမ့်အောင်နှင့် ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက မီးလောင်မှုကြောင့် လူနေအိမ်တစ်လုံးအတွက် ကယ်ဆယ်ရေးပစ္စည်း ၁၅ မျိုး၊ အိမ်ဆောက်ပစ္စည်းဖိုးငွေကျပ် နှစ်သိန်း၊ မီးဘေးသင့်လူဦးရေအတွက် ခုနစ်ရက်စာ ဆန်ရိက္ခာဖိုးငွေများ စုစုပေါင်း ထောက်ပံ့ငွေကျပ် ၃၁၃၉၆၈ ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ရာမည(ပြန်/ဆက်)

မိုင်းယောင်းမြို့၌ စက်သုံးဆီ အရောင်းဆိုင်များကို ကွင်းဆင်းစစ်ဆေး

မိုင်းယောင်း ဧပြီ ၂

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်၌ စက်သုံးဆီအရောင်းဆိုင်များကို ယနေ့နံနက်ပိုင်းက မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေ၊ မြို့နယ်ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ လုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးဆပ်ကော်မတီဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့က မြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များကို စနစ်တကျရောင်းချစေရေး၊ စက်သုံးဆီဈေးနှုန်း၊ အခြေအတွယ်နှင့် အရည်အသွေးမှန်ကန်စေရေး၊ လိုင်စင်မဲ့ မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များကို စက်သုံးဆီရောင်းချခြင်း မပြုစေရေးတို့ကို ကွင်းဆင်းစစ်ဆေးပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူးက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

စိုင်းအောင်ဇော်လင်း

အင်အားပြင်းထန်သော မြေငလျင်လှုပ်

နေပြည်တော် ဧပြီ ၂

ဧပြီ ၂ ရက် မြန်မာစံတော်ချိန် ၀၅ နာရီ၊ ၁၈ မိနစ်၊ ၁၉ စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ အရှေ့တောင်ဘက် ၂၃၁၃ မိုင် ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်ပ (Northern Molucca Sea)၊ မြောက်လတ္တီတွဒ် ၁ ဒသမ ၃၃ ဒီဂရီ၊ အရှေ့ လောင်ဂျီတွဒ် ၁၂၆ ဒသမ ၂၉ ဒီဂရီ၊ အနက် ၆၆ ကီလိုမီတာခန့်ကို ဗဟိုပြု၍ ပမာဏ ၇ ဒသမ ၄ (M) အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

မိုး/ဇလ

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1S/5277, CHEVROLET MALIBU, SALOON (4x2)ယာဉ်လက်ဝယ်ရှိသူ ဦးသန်းရွှေ (၉/မဟမ(နိုင်)၀၅၆၂၀၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညာန့၊
ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)
မန္တလေးမြို့

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ) ရပ်ကွက်၊ အကွက်အမှတ် (၀၉-၉)။ ဦးပိုင်အမှတ် ၇၈/ဖဝB x ၆၁ လမ်းကြား၊ ၁၃၀ x ၁၃၀ လမ်းကြားရှိ ဦးခင်မောင်မြင့် အမည်ပေါက် တောဂရန်နှင့်မြေကွက်အား ဖခင် ဦးခင်မောင်မြင့်၊ မိခင် ဒေါ်သန်းစိန်၊ သား ဦးကျိတ်ဇင့်(လူမျိုး၁၀)တို့ ကွယ်လွန်၍ ကျန်ရစ်သူသားသမီး များဖြစ်ကြသော ဒေါ်ဝင်းဝင်းမြင့် (၉/မနတ(နိုင်)၀၀၂၈၉၅)၊ ဦးထွန်းထွန်း အောင် (၉/ပဥ၀(နိုင်)၀၁၀၈၇၈၊ ဒေါ်လေးလေးနိုင် (၉/ပဥလ(နိုင်) ၀၁၃၂၃၆၊ ဦးဟိန်းမင်း (၉/ပဥလ(နိုင်) ၀၁၈၂၆၉ တို့က တောဂရန်၊ သေစာရင်း၊ တရားရုံးကျွမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များ တင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇင်ရေးကူးခွင့် ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ။ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

အလိမ္မာ စာမှာရှိ

ကန့်ကွက်နိုင်ပါကြောင်း အသိပေး ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်ရေ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ မြဝင်း (၁၁/စတန(နိုင်)၀၅၆၀၀၀) ၏ လွှဲအပ်ဆွဲနှိုက်ခြင်းအရ အောက်ပါ အတိုင်း အသိပေးကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၇/အရေဘက်ရပ်ကွက်၊ မြေနံ (၅) လမ်း၊ အမှတ် (၆၈၈)၊ (၆)ထပ်၊ (၂)ခန်းတို့တို့၏ အလျား (၁၈)ပေ x အနံ (၅၄) ပေ ရှိ ၅-ထွာ (ခြေရင်းခန်း) အား ဒေါ်ဦးသန်းကြွယ် (၁၂/ပဗဟန(နိုင်) ၀၅၆၆၁၇) မှ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ပြောဆို၍ အရောင်းအဝယ်ပြုလုပ်ရန် ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေ ဖြစ်သူမှ သဘောတူညီသဖြင့် ရောင်းဝိုင်းငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေ အဖြစ် ပေးချေခဲ့ပြီးဖြစ်ပါသည်။ ထို့ကြောင့် အဆိုပါတိုက်ခန်း နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ယခုကြေညာသည့်ရက်မှစ၍ တစ်ပတ်အတွင်း ပိုင်ဆိုင်မှုမူလစာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေ နှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်စုကေခိုင် အထက်တန်းရေနေ့ (စဉ် - ၄၂၁၀၉)
အမှတ် (၆)၊ ဒု-ထေ၊ မြဝတီတာလမ်း၊ ကျန်း/မြောက်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း - ၀၉-၄၃၀၉၉၅၅၂၉၉

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 75W/64344 ယာဉ်လက်ဝယ်ရှိသူ ဒေါ်သီဆာအေး ၉/မခန(နိုင်)၁၉၅၂၆၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညာန့၊ **ခရိုင်ရုံး(မြင်းခြံ)**

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ ကွင်းအမှတ် (၁၅/ဂ-၆၊ အုတ်ကျင်းအနောက်)၊ ဦးပိုင်အမှတ် (၅၀)၊ မြေဧရိယာ (၀ ဒသမ ၁၈၄)ကာရှိ မြေကွက်သည် မူလက ခေါ်မြဲအဆုံးဖြင့် ၃၀-၆-၂၀၂၀ ရက်အထိ မြေငှားရန် သက်တမ်းရရှိထားသော မြေကွက်ဖြစ်ပြီး ၄-၂-၂၀၂၆ ရက်နေ့ပါ တရားရုံး၏ ဒီကရီအရ ဂရန်မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို အပြီးအပိုင်ရောင်းချခြင်း စာချုပ်မှတ်ပုံတင်အမှတ် (၀၃၈/၂၀၂၆) ဖြင့် ဒေါ်မြဲထံမှ ဦးပိုင် (၅၀/ခ)၊ မြေဧရိယာ (၀ ဒသမ ၀၉၂) ၈က အပိုင်းကို ဦးစင်ကိုထွန်း အမည်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး၊ ယခုအခါ ဦးစင်ကိုထွန်း၊ ၁/ဆဟဘ(နိုင်)၀၀၇၀၂၉ အမည်ဖြင့် ဦးပိုင်ခဲ့၊ အမည်ပြောင်း မြေငှားဂရန်အသစ်ရရှိရေးအတွက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်း ဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေငြာစာပါသည့်ရက်မှစ၍ ၁၅) ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြော်ငြာအပ်ပါသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မြစ်ကြီးနားမြို့

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ ကွင်းအမှတ် (၁၅/ဂ-၃၊ အုတ်ကျင်းအနောက်)၊ ဦးပိုင်အမှတ် (၅၁/ခ)၊ မြေဧရိယာ (၀ ဒသမ ၀၉၂) ၈က ပိုင်သော ဦးဘွမ်ထွယ်အမည်ဖြင့် ၂၃-၉-၂၀၂၃ ရက်စွဲပါ စာချုပ် မှတ်ပုံတင်အမှတ် (၀၁၁/၂၀၂၆) ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး၊ ယခုအခါ ဒေါ်သန္တာရွှေ ၁/မကတ(နိုင်)၁၀၆၆၃ အမည်ဖြင့် အမည်ပြောင်း မြေငှားရန် အသစ်ရရှိရေးအတွက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့်ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာစာ ပါသည့်ရက်မှစ၍ ၁၅) ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြော်ငြာအပ်ပါသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မြစ်ကြီးနားမြို့

ကန့်ကွက်နိုင်ကြောင်းကြေညာစာ

တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ကွက်၊ စောခီ၊ ပုလဲလမ်း၊ အမှတ် (၁၄၅) နေ အကျယ် အဝန်း(၄၀ x ၈၀) ရှိ ဒေါ်ဝေယန်း (၁၃/တကန (နိုင်) ၁၀၁၂၅၂) မှ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချသူ ပိုင်ဆိုင်ခွင့်ရှိသူ ဒေါ်မေသန်းထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်နန်းခမ်းစိန် (၁၃/လခန(နိုင်)၀၀၅၄၂၀)က (၁၅-၉-၂၀၂၅) ရက်တွင် တောင်ကြီးမြို့ ကျောင်းကြီးစု ရပ်ကွက်၊ စောခီ၊ ပုလဲလမ်း၊ အိမ်အမှတ် (၁၄၅) အရှေ့လားသော်- ဦးစံပြုံး အိမ်မြေ၊ အနောက်လားသော် - ဦးစံပြုံး အိမ်မြေ၊ တောင်လားသော် - ဒေါ်ဇူး အိမ်မြေ၊ မြောက်လားသော် - ၁၄ ပေလမ်းရှိ အကျယ်အဝန်း အရှေ့နှင့် အနောက် ၀၆ (၄၀)။ တောင်နှင့်မြောက် ၀၆(၈၀)ရှိ မြေကွက်အား ၄၇ကျပ် (၃၀၀,၀၀၀,၀၀၀/-) (၄၇ကျပ်သိန်းသုံးထောင်) တိတိဖြင့် "နှစ်ဦးညီဘောတူ အိမ်၊ ခြံခမြေကွက်အရောင်းအဝယ်စာချုပ်" (အရပ်စာချုပ်) ချုပ်ဆို၍ ဝယ်ယူ လက်ရောက်ပိုင်ဆိုင် နေထိုင်လျက်ရှိပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဦးအောင်တောဓင်း (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၈၉၇)
ဖုန်း -၀၉-၄၂၈၃၄၈၄ ၊ ၀၉- ၆၇၃၂၀၈၄၂၄

ကြော်ငြာစာ

(အမွေဆက်ခံခြင်းအကဲ့ဥပဒေပုံမမ ၂၈၃)
အမရပူရခရိုင်တရားရုံးတော်
၂၀ ၂၆ ခုနှစ်၊ တရားမအထွေထွေမူအမှတ် -၂၀
ကွယ်လွန်သူ ဦးသံချောင်း ၏ ကျန်ရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ဂျိုရွာ၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးသံချောင်း၏ ကျန်ရစ်သော အမရပူရမြို့နယ်၊ တမုတ်ဆိုး ကျေးရွာအုပ်စု၊ အကွက်အမှတ် (၅၅၀-ငု/ကျိုက္ကန်း)၊ ဦးပိုင်အမှတ်(၇၁)၊ ဧရိယာ (၉.၇၅)ကော အကျယ်အဝန်းရှိ လယ်မြေအပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေး ပါမည့်အကြောင်းနှင့် ဦးစန်းကို ကန သမွေဆက်ခံခြင်းအက် ဥပဒေအရ လျှောက် ထားသဖြင့် ဤအမှုကို ၂၀ ၂၆ ခုနှစ်၊ ဧပြီလ ၂၂ ရက် (၁၃၈၈ ခုနှစ်၊ ကဆုန် လဆန်း ၇ ရက်) တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးသံချောင်းကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွား သက်ဆိုင်သည့် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆို ရန် သင့်လျော်မည်ဟုထင်မြင်လျှင်) ဆိုခွေသော ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၂ ရက် (၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ် တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန် နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေ ဆက်ခံခြင်း အက်ဥပဒေပုံမ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက် ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဦးစန်းကိုဏ် လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ် လိမ့်မည် ဖြစ်သည်။

၂၀၂၆ ခုနှစ်၊ မတ်လ ၃၀ ရက် ဤရုံးတော်တက်ဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(စန်းစန်းဝင်း)
ခရိုင်တရားသူကြီး
အမရပူရခရိုင်တရားရုံး

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 81W/31942, CPM SAWASDEE 115, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သန်းသန်းအေး ၅/လလန(နိုင်)၁၉၅၁၈၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညာန့၊ **ခရိုင်ရုံး**
(မန္တလေးတောင်ပိုင်း) မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 14U/6720, APE CITY 200, 3 wheel Vehicle ယာဉ်လက်ဝယ်ရှိသူ ဦးတင့်လွင် ၅/စကန (နိုင်)၂၇၃၇၇၁ က (ကမ-၃)ပျောက် ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက် ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ ဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက် နိုင်ပါသည်။

ကညာန့၊ **ခရိုင်ရုံး**
(မန္တလေးတောင်ပိုင်း) မန္တလေးမြို့

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1L/8367 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။ ကညာန့၊ **ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အောင်မြေသာစံရပ်ကွက်၊ အကွက် အမှတ် (၁၂၇)၊ ဦးပိုင်အမှတ် (၄၅-ခ)။ ၁၈ x ၁၉ ကြား။ ၈၆ x ၈၇ လမ်းကြားရှိ ဒေါ်ခင်ညွှန့်၊ ဒေါ်တင်ဇီတို့(၂)ဦးအနက် ဒေါ်ခင်ညွှန့်ထံမှ စွန့်လွှတ်စာချုပ်အမှတ် (၆၁၆/၂၀၀၀)ဖြင့် လက်ခံခဲ့သူ ဒေါ်တင်ရီ ထံမှ အမွေဆက်ခံစာချုပ်အမှတ် (၂၆၇၄/၂၀၀၆)ဖြင့် အမွေဆက်ခံခဲ့သော ဦးစိုးမြင့်၊ ဦးစိုးမြင့်၊ ဒေါ်တင်တင် အေးတို့၏ (GP ရရှိသူ ဒေါ်စန်းအေး)က ၎င်းကိုယ်တိုင်နှင့်အတူထံမှ အရောင်းအဝယ်စာချုပ်အမှတ် (၁၈၉၂/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဦးမန်းဘဟာရုရဲ့ ၉/မကန(နိုင်)၀၇၂၃၁၀ က အမှုတွဲအမှတ်(၆၀၀၀/၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုး အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ။ မှတ်ပုံတင်စာချုပ်စာတမ်းများ။ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ် ၆-ခ။ ဦးပိုင်အမှတ် ၂၀၊ ၆၄x၆၅ ကြား။ ၁၁၀x၁၁၀ လမ်းကြားရှိ မြေကွက်အား တောဂရန်အမှတ်အမှတ် (၂၇၃၆/၉၀-၉၁)အရ ဦးအောင် သင်း WMDY-၂၈၇၈၅၂ အမည်ပေါက်သို့ မြေရာဇင် ၁-က မှတ်တမ်းတွင် အတည်ပြုမှတ်သားပေးပါရန် ဒေါ်လှလှသင်း ၉/မနတ(နိုင်)၀၁၇၄၇၅ မှ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ။ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ် ၆၊ ဧပြီအမှတ် ၂၀၊ ၆၄x၆၅ ကြား။ ၁၁၀x၁၁၀ လမ်းကြားရှိ မြေကွက်အား တောဂရန်အမှတ်အမှတ် (၂၇၃၆/၉၀-၉၁)အရ ဦးအောင် သင်း WMDY-၂၈၇၈၅၂ အမည်ပေါက်သို့ မြေရာဇင် ၁-က မှတ်တမ်းတွင် အတည်ပြုမှတ်သားပေးပါရန် ဒေါ်လှလှသင်း ၉/မနတ(နိုင်)၀၁၇၄၇၅ မှ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ။ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ် ၆-ခ။ ဦးပိုင်အမှတ် ၂၀၊ ၆၄x၆၅ ကြား။ ၁၁၀x၁၁၀ လမ်းကြားရှိ မြေကွက်အား တောဂရန်အမှတ်အမှတ် (၂၇၃၆/၉၀-၉၁)အရ ဦးအောင် သင်း WMDY-၂၈၇၈၅၂ အမည်ပေါက်သို့ မြေရာဇင် ၁-က မှတ်တမ်းတွင် အတည်ပြုမှတ်သားပေးပါရန် ဒေါ်လှလှသင်း ၉/မနတ(နိုင်)၀၁၇၄၇၅ မှ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ။ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက် အမှတ် ၁၅-၁၃၊ ဦးပိုင်အမှတ် ၁၊ ၁၁၅x၅၅ လမ်းထောင့်ရှိ မြေကွက်အား တောဂရန်အမှတ့်အမှတ် (၁၂၈၈/၉၁-၉၂)အရ ဦးတင်စိန်နိုင် MDYNE၀၁၀၈၆၃ အမည်ပေါက်သို့ မြေရာဇင် ၁-က မှတ်တမ်းတွင် အတည်ပြုမှတ်သားပေးပါရန် ဒေါ်ရီစီရင် ၉/မရမ(နိုင်)၀၅၇၀၆၄ မှ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ။ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက် အမှတ် ၁၅-၁၃၊ ဦးပိုင်အမှတ် -၇၊ ၁၁၄x ၁၁၅ ကြား။ ၅၀x၅၁ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်မြင်းလွန်း ၁/မမန(စည်) ၀၀၀၀၄၄၆၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၉၀၇၅/၂၀၁၉)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်နန်းခမ်းလျှိုး ၁၃/လရန(နိုင်)၂၄၆၁၆၅၅ က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အပေးစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ။ မှတ်ပုံတင်စာချုပ်စာတမ်းများ။ တရားရုံးဒီကရီ များဖြင့် ၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4W/1535 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။ ကညာန့၊ **ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

မူပိုင်ခွင့်ဆိုင်ရာမေတ္တာရပ်ခံအသိပေးခြင်း

၁။ ပြန်ကြားရေးခန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အကျိုးအမြတ်ရယူခြင်းမရှိသော နိုင်ငံပိုင်ပြည်သူ့ဝန်ဆောင်မှုမီဒီယာဖြစ်သည်နှင့်အညီ (Free to Air – FTA)ဖြင့် အခမဲ့ ထုတ်လွှင့်ဂျက်ရှိရာ (MRTV-HD Channel)နှင့် (MRTV Entertainment Channel)တို့မှ အများပြည်သူများ ပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းဖြေစေရန်နှင့် စိတ်ဓာတ်အားသစ်များ ရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိပါသည်။

၂။ ယခုအခါ ၂၀၂၆ ခုနှစ်၊ ဧပြီလအတွင်း နိုင်ငံတစ်ဝန်းသို့ ကျင်းပမည့် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် (၃-၄-၂၀၂၆)ရက် (သောကြာနေ့)ညတွင် သင်္ကြန်ဧကေးသီချင်းများကို မြန်မာ့အသံ ခေတ်ပေါ်တီးဝိုင်း၏ တီးဝတ်မှုနှင့်အတူ ရုပ်ရှင်သရုပ်ဆောင်များ၊ ရွှေကြိုများပေါင်းစပ်၍ **"ခေတ်သစ်မြန်မာ နှစ်သစ်အတာ"** ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည်ဖြစ်၍ ဆောက်ပါဧကေးသီချင်းများအား အခမဲ့ အသုံးပြုသွားမည် ဖြစ်ကြောင်း မူပိုင်ခွင့်ရှိသူများအား ယေးစားနွာဖြင့် မေတ္တာရပ်ခံ အသိပေးအကြောင်းကြားပါသည်-

(၃-၄-၂၀၂၆)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစီအစဉ်မှ
"ခေတ်သစ်မြန်မာ နှစ်သစ်အတာ" တေးကီတဖျော်ဖြေပွဲ ခေါင်းစဉ်ဖြင့်
ရိုက်ကူးထုတ်လွှင့်မည့် တေးသီချင်း(၁၂)ပုဒ်

စဉ်	သီချင်းအမည်	အဆိုရှင်
၁။	ရွှင်လန်းချမ်းမြေ့ပါစေ	ငြင်းအဆိုရှင်
၂။	တစ်နှစ်ခွမ်း တစ်နှစ်ဆန်း	ငြင်းအဆိုရှင်
၃။	ဧရမ	ငြင်းအဆိုရှင်
၄။	ငုတ်တုတ်မေသွားမယ်	ငြင်းအဆိုရှင်
၅။	မင်းရုပ်ကြီးကြောင့် ခက်နေပြီ	ငြင်းအဆိုရှင်
၆။	တင်းတယ်	ငြင်းအဆိုရှင်
၇။	မေတ္တာဖျော်ရည်	ငြင်းအဆိုရှင်
၈။	ခွေဦးကာရန်	ငြင်းအဆိုရှင်
၉။	ဖြူ နီ ပြာ ဝါ	ငြင်းအဆိုရှင်
၁၀။	ပိုင်ရှင်	ငြင်းအဆိုရှင်
၁၁။	သတိတော့ထား	ငြင်းအဆိုရှင်
၁၂။	ဒီနှစ်သင်္ကြန်	ငြင်းအဆိုရှင်

ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်း၁၉ခေ ၂၀)
မဟာအောင်မြေမြို့နယ်တရားရုံးတော်
၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၉

ဦးကျော်သူအောင် နှင့် ၁။ ဦးချစ်လှိုင်
၂။ ဦးကျော်ကျော်
တရားလို တရားပြိုင်များ

မန္တလေးမြို့၊ ချမ်းမြေသာစည်မြို့နယ်၊ အကွက်အမှတ် (ဃ-၅)၊ ဦးပိုင် (၂၇)၊ မြို့သစ် (၄) ရပ်ကွက်နေ (၁) တရားပြိုင် ဦးချစ်လှိုင် (၁၈) ဦးစံကြည်နှင့် မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အကွက်အမှတ် (ဖ-၁)၊ ၅၃ x ၅၄ လမ်းကြား မနော်ဟရီလမ်းနှင့် နင်းဆီလမ်းကြား၊ ထွန်တုံးရပ်ကွက်နေ (၂) တရားပြိုင် ဦးကျော်ကျော် (၁၈) ဦးချိုကြီး (ယခုနေရပ်လိပ်စာမသိ) တို့ သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးကျော်သူအောင် က မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြို့ပဲ(၁) ရပ်ကွက်၊ အကွက်အမှတ် (ဥယျာဉ်တန်း-၁)။၊ ဦးပိုင် (၂)၊ ဧရိယာ (၀.၀၅၅၁)ဧက အကျယ်အဝန်းရှိ ၁။ ဦးချစ်လှိုင်၊ ၂။ ဦးကျော်ကျော် အမည်ပေါက် ဂရန်မြေကွက်အတွင်းမှ တောင်ဘက်ခြမ်း ရှိယာ (၃၀ x ၄၀) ပေ အကျယ်အဝန်းရှိ မြေကွက်အား နှစ်ဦးသဘောတူ ပဋိညာဉ်အရ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိမ့မည် ဝန်ခံသောကြောင့် စွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ရောင်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့် ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဧပြီလ၊ ၂၁ ရက် (၁၃ရက္ခ ခုနှစ်၊ နှောင်းကန်ဆုံးလဆုတ် ၅ ရက်) နံနက် ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုသွာကို ထူချေရုံးလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့မည်။ ၎င်းအပြင် တရားလို ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အဖိုပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့ဟုတ် သင့်ကိုယ်စား လုပ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုဆိုင်ခ် လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဧပြီလ၊ ၂၂ ရက်တွင် ဤရုံးတော်ဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(စုလိုင်အေး)
မြို့နယ်တရားသူကြီး
ကျောက်ပန်းတောင်းမြို့နယ်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်း၁၉ခေ ၂၀)
ကျောက်ပန်းတောင်းမြို့နယ်တရားရုံးတော်၌
၂၀၂၅ ခုနှစ်၊ တရားကြီးမှုအမှတ် -၃၀

ကိုထူးလျှပ်း နှင့် မနေခြည်သော်ဝင်း
တရားလို တရားပြိုင်

နေပြည်တော်၊ ဓမ္မုသိရိမြို့နယ်၊ ကုံကော်အိမ်ရာ၊ တိုက် (၃)၊ အခန်း (၇)နေ မနေခြည်သော်ဝင်း (၁၁)ဦးမြင့်သော် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ကိုထူးလျှပ်ဝင်းက ချေးငွေ(၁၈၇)သိန်းကျပ်နှင့် နှစ်နှာကြေးငွေ(၆၃)သိန်းကျပ် စုစုပေါင်း ကျပ်သိန်း (၂၅၀)ရလိမ့မူ လျောက်ထား ခဲ့ဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ငြင်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့် ဖြစ်စေ၊ ဧပြီလ (၂၀) ရက်၊ (၁၃ရက္ခ ခုနှစ်၊ နှောင်းကန်ခုနစ်ရက်) နံနက် ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုသွာကို ထူချေရုံးလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက် များကိုထုတ်ပေးလိမ့မည်။ ၎င်းအပြင် တရားလို ကြည့်ရှုလိုသည့် စာရွက် စာတမ်းများနှင့် သင်ကထုချေတင်ပြ အဖိုပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့ဟုတ် သင့်ကိုယ်စား လုပ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုဆိုင်ခ် လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဧပြီလ၊ ၂ ရက်တွင် ဤရုံးတော်ဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

(ဘုန်းမြင့်သောင်း)
တွဲဖက်မြို့နယ်တရားသူကြီး(၂)
မဟာအောင်မြေမြို့နယ်တရားရုံး

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (မြေတိုင်းရပ်ကွက် အမှတ် ၁၂၊ ဝင်းယ(၂)လမ်း၊ (မြေကွက်အမှတ် ၅၇၉၊ အကျယ်(၄၀'x၆၀')ရှိမြေကွက် သည် ဒေါ်သန်းသန်းယု အမည်ဖြင့် မှတ်ပုံတင်ကဒ်အမှတ် ၁၂/ဒသန(နိုင်)၀၀၀၀၀၀ ဖြစ်ပြီး၊ အဆိုပါမြေကွက်အနက်မှ တရားဝင်မမြေစိတ်ရေသားသည့် မြေကွက်အမှတ် ၅၈၀ နှင့် ကပ်လျက်မြေကွက်ဖြစ်သည့် အကျယ်(၂၀'x၆၀')မြေကွက်အား ပါဝင်အမည် ပေါက်ဖြစ်သူထံမှတစ်ဆင့် အရောင်းအဝယ်စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူလက်ရှိ ထားပိုင်ဆိုင်ခွင့် လွဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း မြွက်ဟပြန်ခံကတိပြုသူ ဦးဇော်မိုးဦး(၁/လကန(နိုင်)၀၇၃၇၀၇)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ဆွေစီထွန်း(၉/အမန(နိုင်)၀၀၇၄၇၆)သည် အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်စအဖြစ် ပေးချေထားပြီးဖြစ်၍ မည်သူမဆို မြေကွက်အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း စာမှတ်စာတမ်းအထောက်အထားမူလင်းများနှင့်တကွ ကျွန်ုပ်တို့ ထံသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းကန့်ကွက် သူမရှိပါက မြွက်ဟရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးအောင်မြင်သည်ဟု အထင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဝယ်ယူ၍လွှဲအပ်ညှိနှိုင်းသူများ
ဒေါ်အိသန္တာပြည့် (LL.B) (D.B.L) ဦးမျိုးသန့် (LL.B) (C.B.L)
အထက်တန်းရှေ့နေ (စဉ် - ၃၅၁၁၄) **အထက်တန်းရှေ့နေ (စဉ် - ၄၂၇၀၅)**
အမှတ် ၄၈၈၊ သခင်စံရွှေလမ်း၊ ၁၁ ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း - ၀၉၇၇၁၉၇၁၀၆၄

ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး (၈)၊ ကွင်း/အကွက်အမှတ် (၆/ ပဒသသ)၊ ဦးပိုင်အမှတ် (၁၅၂)၊ မြေဧရိယာ (၀ဒသမဝ၅၅) ဧက(လက်ရှိမြေပေါ်ရှိ အဝိုင်းအားဝာ)မြေနှင့် ရောင်းအပ်အောင် မြေပေါ်မြေအောက် အကျိုးခံစားခွင့် အရပ်ရပ်အားလုံး(အုတ်တိုင်းခတ် အပြီးအစီး)တို့ကို ဒေါ်ကျန်ကြွေဆန်း(၁၃/ဓဆတ(နိုင်)၀၈၄၉၇၆)ထံမှ ဒေါ်လှိုင်ယုံ (၁) အိမ်ဖြူထွန်း (၁၃/ကကန(နိုင်)၀၀၁၃၁၇)က (အရပ်ကတိစာချုပ်) ဖြင့် စရန်ငွေ ပေးချေခဲ့ပြီး ဝယ်ယူခဲ့သော မြွက်ဟ ဖြစ်ပါသည်။ အဆိုပါမြွက်နှုန်းပြတ်သတ် ၍ ကန့်ကွက်ရန်ရှိပါက ဦးဆိုပိုင်မှ စာရွက်စာတမ်း အထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြေညာသည့် ရက်မှစ၍ (၁၄) ရက်အတွင်း လာရောက်ကန့်ကွက် နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညှိနှိုင်းသူ
ဒေါ်လီရွှဲယုံ(၁)အိမ်ဖြူထွန်း
၁၃/ကတန(နိုင်)၀၀၁၃၁၇

လွှဲအပ်ညှိနှိုင်းခြင်းအရာရှိ
ဦးနေမျိုးစေရီ (LL.B, D.B.L)
တရားလွှတ်တော်ရှေ့နေ
ရပ်ကွက်ကြီး(၁)၊ ယူကီလေဝိ
ပြင်ဦးလွင်မြို့

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

